# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၃၀ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၁)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## ICRC အနေဖြင့် ဒေသအာဏာပိုင်များနှင့် ပူးပေါင်း၍ လုပ်ငန်းများ လက်တွဲဆောင်ရွက်သွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရခိုင်ဒေသ တည်ငြိမ်ရေး ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ICRC ၏ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေ၊ ရခိုင်ပြည်နယ်သာမက ရှမ်းနှင့် ကချင်ပြည်နယ်တို့တွင် ICRC ၏ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာသည့် မိသားစုများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ၎င်းတို့အတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး လုပ်ငန်းစဉ်များတွင် ပြန်လည်ထူထောင်ပေးနေမှု၊ ICRC အနေဖြင့် ဒေသအာဏာပိုင်များနှင့် ပူးပေါင်း၍ လုပ်ငန်းများ လက်တွဲဆောင်ရွက်သွားမည့် အခြေအနေ၊ ရခိုင်ဒေသ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## ICRC နှင့် မြန်မာနိုင်ငံအကြား လက်ရှိနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr.Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ကူညီပံ့ပိုးမှုများ ပေးအပ်**

ထိုသို့တွေ့ဆုံစဉ် ICRC မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေးနှင့် အကျဉ်းထောင်များ၏ အခြေအနေ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရေးစသည့် လုပ်ငန်းအစီအစဉ်များ၏ တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအား အရေးပေါ် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးနေသည့် အဆင့်မှ ကိုယ်ပိုင်ဝင်ငွေရရှိစေမည့် လုပ်ငန်းငယ်များ ဖန်တီးပေးခြင်းဖြင့် ရေရှည်လူမှုစီးပွားဖွံ့ဖြိုးရေးသို့ ဦးတည်သည့် ကူညီပံ့ပိုးမှုများ ပေးအပ်ရေးအဆင့်သို့ ကူးပြောင်းသွားရေး၊ ICRC ၏ လုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုချောမွေ့အောင် ဆောင်ရွက်ပေးရေးနှင့် ICRC နှင့် မြန်မာနိုင်ငံအကြား လက်ရှိနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**




မြန်မာ့အလင်း

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ် ၉ ရပ်တွင် ပြည်သူများကလည်း တစ်တပ်တစ်အား ပူးပေါင်းပါဝင်

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအတွက် နိုင်ငံတော်က ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်(၉)ရပ်ကို အတိအလင်း ထုတ်ပြန်ကြေညာထားပြီး ပြည်သူအများသိရှိနိုင်ရန်အတွက်လည်း မီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်အသိပေးလျက်ရှိနေသည်။ အဆိုပါလုပ်ငန်းစဉ်များကို သေချာစွာလေ့လာပါက ပြည်သူများ၏ ပေါင်းစည်းပါဝင်မှု၊ ပြည်သူတို့၏အင်အားကို အလေးအနက်ထားကာ ဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များသည် ပြည်သူကို ဗဟိုပြုထားသည့် လုပ်ငန်းစဉ်များ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားခဲ့ရာ “ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်၊ ကျွန်တော်တို့နိုင်ငံရဲ့ မျှော်လင့်ချက်တွေဖြစ်တဲ့ ဒီကနေ့ လူငယ်တွေဟာ မူးယစ်ဆေးဝါးတွေကို လွယ်လွယ်ကူကူရရှိပြီး မူးယစ်သားကောင်တွေ ဖြစ်နေကြရတာဟာ တိုင်းပြည်ရဲ့အနာဂတ်ကို ကျရှုံးမှုနှံ့တွင်းထဲ တွန်းပို့နေသလိုပဲ ကျွန်တော်ခံစားရပါတယ်”ဟု ထည့်သွင်းပြောကြားခဲ့ရာ ယနေ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသည် နိုင်ငံ၏အနာဂတ်ကို ကျရှုံးမှုနှံ့တွင်းထဲ မရောက်ရှိအောင် ကာကွယ်ခြင်းပင်ဖြစ်ကြောင်း အသိပေးလိုက်ခြင်းဖြစ်သည်ဟု ခံယူမိသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတက မိမိတို့၏ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးများ ဖောဖောသီသီရရှိနေရခြင်းမှာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဒဏ်ကြောင့် တရားဥပဒေစိုးမိုးရေးကို နယ်စပ်ဒေသများအထိ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာ ဖြန့်ကြက်နိုင်ခြင်း မရှိသည့်အတွက် ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်ခဲ့သည့် ဒေသများမှာ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးဝါးထုတ်လုပ်မှုများ ခိုင်မာအားကောင်းနေခဲ့ပြီး ထိရောက်စွာနှိမ်နင်းနိုင်ခြင်း၊ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း လစ်ဟင်းမှုများကြောင့် ဖြစ်ကြောင်းလည်း ပြောကြားခဲ့ရာ နိုင်ငံ၏ အနာဂတ်အင်အားလူငယ်များကို လူညွှန့်တုံးအောင် ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့၏ အဆက်အစပ်ကို ထောက်ပြခဲ့ခြင်းဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် ပြည်သူတို့၏ဆန္ဒ၊ ပြည်သူလူထု၏အင်အားနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့မှာ အခရာပင်ဖြစ်ကြောင်းကို သိမြင်လာစေရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွင် ပြည်သူများပါဝင်ကြရမည်ဆိုရာ၌ ဦးစွာစတင်ရမည့်နေရာမှာ မိမိ၏ မိသားစုဖြစ်သည်။ ယင်းနောက် မိမိ၏ ပတ်ဝန်းကျင်၊ မြို့ရွာဒေသတို့ဖြစ်ပြီး မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့် ကျောင်းသားကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မူးယစ်ဆေးဝါး နှိမ်နင်းရေးကို အလေးအနက်ထားပါဝင် ဆောင်ရွက်ကြရန်ပင် ဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သိုလှောင်မှု၊ သယ်ဆောင်ရောင်းဝယ်မှုတို့ကို သိရှိရပါက လုံခြုံစွာသတင်းပေးတိုင်ကြားနိုင်မည့် “မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”ကို ဖွဲ့စည်းထားပြီးဖြစ်ရာ ဆက်သွယ်တိုင်ကြားနိုင်သည့် တယ်လီဖုန်း၊ ဖက်စ်ဖုန်း၊ အီးမေးလ်တို့မှတစ်ဆင့် တိုင်ကြားသတင်းပေးခြင်းဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြပြီ ဖြစ်သည်။

မူးယစ်ဆေးဝါး ပြဿနာသည် နိုင်ငံတော်က အလေးထားဦးစားပေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သည်။ မူးယစ်ဆေးဝါး အန္တရာယ်ကို တားဆီးကာကွယ်ခြင်းသည် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံး၏ အမျိုးသားရေး တာဝန်ကြီးတစ်ရပ်ပင် ဖြစ်သည့်အလျောက် ပြည်သူလူထု၏ ပေါင်းစည်းပါဝင်မှုအားဖြင့် အရှိန်မြှင့်တင်ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း။ ။

**အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ**
**မြန်မာ့အလင်းတွင် ကြော်ငြာပါ**



## ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ်နှင့် တွေ့ဆုံ၊ ရပ်ဝန်းနှင့်လမ်းကြောင်းညီလာခံတက်ရောက် မြန်မာ-ဟောင်ကောင်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆွေးနွေး

**ရန်ကုန် ဇွန် ၂၉**

ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသတွင် ဇွန် ၂၇ ရက်မှစ၍ ကျင်းပပြုလုပ်လျက်ရှိသည့် တတိယအကြိမ်မြောက် ရပ်ဝန်းနှင့် လမ်းကြောင်းညီလာခံ ၂၀၁၈ နှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ တက်ရောက်ရန် ဟောင်ကောင်မြို့၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသအစိုးရ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet-ngor နှင့် ဇွန် ၂၈ ရက်တွင် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဟောင်ကောင်ဒေသ တို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ဟောင်ကောင်အစိုးရမှ ကူညီပံ့ပိုးရေး ကိစ္စများကို ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသအစိုးရ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet-ngor တို့ တွေ့ဆုံဆွေးနွေးစဉ်။

ယင်းနေ့တွင် ပြည်ထောင်စုဝန်ကြီးက ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွင်းဝန်/ဝန်ကြီး Mr. Edward Yau Tang-wah အား သွားရောက်တွေ့ဆုံ၍ ရပ်ဝန်းနှင့် လမ်းကြောင်း အစီအစဉ်နှင့် အာဆီယံ-ဟောင်ကောင် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် မူဘောင်အတွင်းမှ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် Bank of China (Hong Kong) မှ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Gao Yingxin ဖိတ်ကြားသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဟောင်ကောင်မြို့တွင် ရောက်ရှိစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကော်မရှင်နာ Mr. Xie Feng နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ရပ်ဝန်းနှင့်လမ်းကြောင်းညီလာခံကို ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ကြီးမှူး၍ ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ ဟောင်ကောင်မြို့၌ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ယင်းညီလာခံသို့ ဒေသတွင်းနှင့် နိုင်ငံတကာမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဟောင်ကောင်ဒေသ၊ မကာအိုဒေသနှင့် နိုင်ငံပေါင်း ၅၅ နိုင်ငံမှ အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ ဟောင်ကောင်ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်များ၊ ဟောင်ကောင်နှင့် မကာအိုဒေသအခြေစိုက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိကြသော စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်သုတေသီများ၊ သတင်းမီဒီယာများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့် အဖွဲ့ဝင် ခြောက်ဦးပါ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ရပ်ဝန်းနှင့် လမ်းကြောင်းညီလာခံ၏ Belt and Road Global Forum ၌ လည်းကောင်း၊ ယင်းညီလာခံတွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးသည့် Myanmar Investment Roundtable နှင့် Myanmar Promotion Seminar တို့၌ လည်းကောင်း အဖွင့်မိန့်ခွန်းများ ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတကာမှ ကိုယ်စားလှယ် စုစုပေါင်း ၅၀၀၀ ကျော် ပါဝင်တက်ရောက်သည့် နေ့လယ်စာစားပွဲပုံစံဖြင့် စုံညီဆွေးနွေးပွဲကြီး (Luncheon Plenary) တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဟောင်ကောင်ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီး၊ ဗြိတိန်နိုင်ငံ၊ ဂျော်ဂျီယာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ ဦးဆောင်ဆွေးနွေးသူ (panelist) အဖြစ် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ရပ်ဝန်းနှင့် လမ်းကြောင်းညီလာခံ ဆွေးနွေးပွဲများ၌ ရပ်ဝန်းနှင့် လမ်းကြောင်း ညီလာခံ အစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ၊ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို ဖြည့်ဆည်းရန်ကိစ္စများ၊ လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များ၊ မြန်မာနိုင်ငံနှင့် ဟောင်ကောင်ဒေသတို့အကြား စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းစဉ်**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)AYA NUAC ၏ သံစုံတီးဝိုင်းနှင့် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၉**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် Xenon Entertainment တို့ ပူးပေါင်း၍ AYA NUAC Orchestra Music Showcase 2018 သံစုံတီးဝိုင်းနှင့် ခေတ်ပေါ်တေးဂီတ ပေါင်းစပ်ဖျော်ဖြေပွဲကို ရန်ကုန်မြို့အမျိုးသားဇာတ်ရုံ၌ ဇူလိုင် ၁၃ ရက် ည ၇ နာရီမှ ၉ နာရီအထိ တင်ဆက် ဖျော်ဖြေသွားမည်ဟု Melia ဟိုတယ်၌ ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဂီတပညာကို အခြေခံဖျော်ဖြေသွားမည်ဖြစ်ပြီး ဂီတပညာဗဟုသုတများ ရရှိစေရန်၊ အနုပညာကျောင်းသားကျောင်းသူများ ပရိသတ်နှင့် တိုက်ရိုက်ထိတွေ့မှုရရှိစေရန်၊ ဂီတဘာသာရပ်အသီးသီး၏ သံစုံတီးဝိုင်း တေးဂီတသဏ္ဌာန်အမျိုးမျိုးနှင့် ရသအမျိုးမျိုးကို ရရှိခံစားနိုင်ရန်၊ မြန်မာ့ဂီတပညာရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ဖျော်ဖြေပွဲ ကျင်းပရခြင်းဖြစ်ပြီး ဂီတချစ်မြတ်နိုးသူများအနေဖြင့် ပွဲလက်မှတ်များကို တစ်သောင်းမှ စ၍ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

ဂီတဒါရိုက်တာ ခီရာမိုနှင့် အဆိုတော် R ဇာနည်၊ အောင်ထက်၊ DJ Wine၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ နီနီခင်ဇော်တို့ ပါဝင်သီဆိုဖျော်ဖြေမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ မတူညီသည့် ဖျော်ဖြေမှုပုံစံများနှင့် ကျင်းပသွားမည်ဟု သိရသည်။

**သတင်းစဉ်**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း(ဝက်ထီးကန်)၏ အခြေခံရဲတပ်သားသစ် သင်တန်းအမှတ်စဉ် (၃၁၂/၁၇) ဗလတပ်ခွဲ သင်တန်းဆင်းပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး ကျော်တေဇ က ဆုရသင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။**

ခရိုင်(ပြန်/ဆက်)

### မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဇွန် ၂၉**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထမံသီမြို့တွင် ၅ ဒသမ ၉၁ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ တီးတိန်မြို့နှင့် ကျိုက်ဒုံမြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီ၊ ဂွမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ လပွတ္တာမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၃၃ လက်မ၊ မိုးကောင်းမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ခန္တီးမြို့နှင့် နေပြည်တော်(ပုဗ္ဗသီရိမြို့နယ်)တို့တွင် ၁ ဒသမ ၁၇ လက်မစီ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ပြည်မြို့တွင် ၁ ဒသမ ၁၁ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော်  ဇွန်  ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ မန်စီမြို့၌ စိုက်ပျိုးထားသည့် တရုတ်-မြန်မာချစ်ကြည်ရေးသစ်ပင်ကို ကြည့်ရှုကြပြီး တာဝန်ရှိသူများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ လဲလှယ်ကြသည်။

**လေ့လာကြည့်ရှုခဲ့**

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား တရုတ်ကွန်မြူနစ်ပါတီ တက်ဟုန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး Mr. Wang Junqiang က မန်စီမြို့ မန်စီဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် Dehong ဆရာအတတ်သင်ကျောင်းနှင့် အဆိုပါကျောင်းရှိ စက္ကူအလှ အနုပညာပြခန်းတို့ကို လေ့လာကြည့်ရှုခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ပို့ဆောင်နှုတ်ဆက်**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အဖွဲ့ဝင် Mr. Dan Zhu Aug Ben ၊ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Li Pei နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။
သတင်းစဉ်

# မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ် ပထမအကြိမ် အမျိုးသားအဆင့်ညီလာခံ ကျင်းပ

**ရန်ကုန်  ဇွန်  ၂၉**

အဆင့်မြင့်ပညာရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်သော စီမံခန့်ခွဲမှုနှင့် သုတေသနစွမ်းရည်တို့ဖြင့် ပြုပြင်ပြောင်းလဲမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဗြိတိသျှကောင်စီ၊ Irrawaddy Policy Exchange၊ University College London တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံအဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ် (Leading Higher Education Transformation in Myanmar) ပထမအကြိမ် အမျိုးသားအဆင့်ညီလာခံကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပညာရေးဝန်ကြီးဌာနအတွက် အရေးကြီးသော အခမ်းအနားတစ်ခု ဖြစ်ပါကြောင်း၊ ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန၏ ထောက်ပံ့မှုဖြင့် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဗြိတိသျှကောင်စီ၊ Irrawaddy Policy Exchange၊ University College London တို့ ပူးပေါင်း၍ နှစ်ရက်တာကျင်းပသည့် မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ် ပထမအကြိမ် အမျိုးသားအဆင့်ညီလာခံသို့ အဆင့်မြင့်ပညာကဏ္ဍမှ အဆင့်မြင့်အရာရှိကြီးများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ စုစုပေါင်း ၂၈၈ ဦး တက်ရောက်လျက်ရှိသောကြောင့် ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း တွင် ကဏ္ဍကိုးခုကို ဦးတည်ဆောင်ရွက်လျက်ရှိရာ အဆင့်မြင့်ပညာကဏ္ဍတွင် အဆင့်မြင့်ပညာစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်မြင့်မားရန် ရည်မှန်းချက် ချမှတ်ထားပါကြောင်း၊ အမျိုးသားအဆင့် အဆင့်မြင့်ပညာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (National Institute for Higher Education Development-NIHED)ကို တည်ထောင်ခြင်း ဖြင့် အဆိုပါ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို ဆောင်ရွက်နိုင် မည်ဖြစ်ပါကြောင်း၊ ၎င်း NIHED ၏ အစီအစဉ်တစ်ခုအဖြစ် မြန်မာနိုင်ငံ အဆင့်မြင့်ပညာကဏ္ဍ ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ပညာရေးဝန်ကြီးဌာန၊ ဗြိတိသျှကောင်စီနှင့် Irrawaddy Policy Exchange တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အစီအစဉ်သည် ဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ တက္ကသိုလ်များမှ စီမံခန့်ခွဲသူအရာရှိကြီးများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကော်မတီနှင့် ပါမောက္ခချုပ်များကော်မတီတို့မှ အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးမြင့် စွမ်းဆောင်ရည်ဖြင့် မြန်မာနိုင်ငံ အဆင့်မြင့်ပညာကဏ္ဍ၏ အရည်အသွေးကို မြှင့်တင်ရန်ဖြစ်ပါကြောင်း။

၎င်းအစီအစဉ်တွင် မြန်မာနိုင်ငံအတွင်းပို့ချသော သင်တန်းအစီအစဉ်နှင့် ၎င်း Programme များအကြား Online Workshops များပါရှိကြောင်း၊ ၎င်းအစီအစဉ်မှ တက္ကသိုလ်အလိုက် Project များ ဆောင်ရွက်ခြင်းနှင့် ဦးဆောင်မှုဆိုင်ရာ ကိုယ်ပိုင် portfolio များရေးသားခြင်းတို့ ပါဝင်ပါကြောင်း၊ အဆင့်မြင့်ပညာသည် ကမ္ဘာတွင်လည်း လျင်မြန်သော ပြုပြင်ပြောင်းလဲမှုများကို တွေ့ကြုံနေရပြီး ၎င်းပြောင်းလဲမှုများသည် တက္ကသိုလ်များ၏ ခက်ခဲနက်နဲသော အုပ်ချုပ်မှုနှင့် ပညာရပ်ဆိုင်ရာ အလုပ်အကိုင်များပေါ်သို့ အကျိုးသက်ရောက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အဆင့်မြင့်ပညာကဏ္ဍ၏ မျှော်မှန်းချက်ကို ၂၀၁၃ ခုနှစ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သော အဆင့်မြင့် ပညာကဏ္ဍကို အားကောင်းလာစေခြင်းနှင့် စပ်လျဉ်းသော မိန့်ခွန်းပေါ်တွင် အခြေခံထားပါကြောင်း၊ ပညာရပ်ဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ ဆောင်ရွက် နိုင်ရန် တက္ကသိုလ်များအား လွတ်လပ်စွာစီမံခန့်ခွဲခွင့် အားကောင်းလာစေခြင်း ၊ အဆင့်မြင့် ပညာရေးကို လူတိုင်း တန်းတူညီမျှ သင်ယူလေ့လာခွင့် အခွင့်အရေးရရှိစေခြင်း၊ တက္ကသိုလ်တိုင်းက မိမိအစီအစဉ်ဖြင့် တီထွင်ကြံဆနိုင်သော၊ ထူးချွန်ထက်မြက်သော တက္ကသိုလ်များအဖြစ်သို့ ပြောင်းလဲနိုင်စွမ်းရှိသော ပြုပြင်ပြောင်းလဲမှုကို အားကောင်းလာစေခြင်းနှင့် မြန်မာလူငယ်လူရွယ်များအား ဒီမိုကရေစီလူ့အဖွဲ့အစည်းနှင့် ထူထောင်ခြင်းနှင့် ထုတ်လုပ်ရေးစွမ်းအားကောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အနာဂတ်တွင် ဦးဆောင်မည့်သူများ ဖြစ်လာစေရန် အထောက်အကူပြုမည့် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသင်ယူမှုနည်းစနစ်များ ပြုပြင်ပြောင်းလဲခြင်းဖြင့် အနာဂတ်ကို အားကောင်းလာစေခြင်းတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် လမ်းညွှန်မှုအရ အဆင့်မြင့်ပညာကဏ္ဍ၏ မျှော်မှန်းချက်ကို “Empowerment through Autonomy, Inclusiveness, Empowerment for Change and Empowerment for the Future” ဟု ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါ မျှော်မှန်းချက် ပေါက်မြောက်အောင်မြင်ရေးအတွက် အသုံးချသုတေသန ဆောင်ရွက်ရေးနှင့် သုတေသနဂျာနယ်တွင် သုတေသန စာတမ်းများပြုစုရေးကို အားပေးသွားမည်ဖြစ်သကဲ့သို့ အပြန်အလှန်ဆွေးနွေးခြင်းကို အခြေခံသော သင်ကြားသင်ယူမှုစနစ်များကို ဦးတည်ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ ယခု ပထမအကြိမ် အမျိုးသားအဆင့်ညီလာခံသည် တက္ကသိုလ်များ၊ ဝန်ကြီးဌာနများနှင့် အမျိုးသားအဆင့်ကော်မတီများမှ အဆင့်မြင့်အရာရှိကြီးများအား တက်ကြွသော၊ တီထွင်ကြံဆနိုင်သော၊ တာဝန်ယူတတ်သော၊ တာဝန်ခံတတ်သော၊ မိမိအဖွဲ့အစည်း စွမ်းဆောင်မှု အရည်အသွေးမြင့်မားရေး၏ အရေးပါပုံကို နားလည်သဘောပေါက်သော အဆင့်မြင့်အရာရှိကြီးများအဖြစ်သို့ ပြောင်းလဲနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းစွမ်းဆောင်ရည်သည် တက္ကသိုလ်များကို အသုံးချသုတေသနပြုစုထုတ်ဝေနိုင်စွမ်းရှိသော၊ အုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုကို ပွင့်လင်းမြင်သာစွာနှင့် ထိရောက်ထက်မြက်စွာ စွမ်းဆောင်နိုင်သော၊ လုပ်သားဈေးကွက်၏ လိုအပ်ချက်အပေါ်အခြေခံသည့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများကို သင်ကြားနိုင်စွမ်းရှိသော လွတ်လပ်စွာစီမံခန့်ခွဲနိုင်သည့် တက္ကသိုလ်များအဖြစ်သို့ ပြောင်းလဲပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ဗြိတိသျှကောင်စီမှ Acting Country Director ဖြစ်သူ Mr.Ozan Revi က မြန်မာနိုင်ငံအဆင့်မြင့်ပညာရေး ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး ခေါင်းစဉ်ဖြင့် ပြောကြားကာ Irrawaddy Policy Exchange မှ Mr.Michael Marett-Crosby က မြန်မာနိုင်ငံ အဆင့်မြင့် ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ပံ့ပိုးပေးနိုင်မှု ခေါင်းစဉ်ဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်က အဆင့်မြင့်ပညာကဏ္ဍအတွက် အမျိုးသားပညာရေးမူဝါဒကော်မရှင်က ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက ပါမောက္ခချုပ်များ ကော်မတီဖွဲ့စည်းပြီးစီးမှုနှင့် ကော်မတီ၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ University College London (UCL) မှ ဒါရိုက်တာ Mr. Jonathan Dale က အဆင့်မြင့်ပညာရေးအတွက် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် **“Engaging International Best Practice: Transforming Universities and Retaining identity”** ခေါင်းစဉ်ဖြင့် Panel Session ကို ကျင်းပဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ပြည်တွင်း ပြည်ပ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများက အဆင့်မြင့်ပညာမြှင့်တင်ရေး နည်းလမ်းများ၊ အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြသည်။

မြန်မာနိုင်ငံ အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲမှုအစီအစဉ် ပထမအကြိမ် အမျိုးသားအဆင့်ညီလာခံကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ဇွန် ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**ဒုတိယသမ္မတ ဦးမြင့်ဆွေ စတုတ္ထအကြိမ် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

*❊ ကျောဖုံးမှ*

ဖွင့်ပွဲအခမ်းအနားတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် MSMEs များ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများပြပွဲ၊ ပြိုင်ပွဲ (Regional Award) များကို အလှည့်ကျ ကျင်းပလျက်ရှိရာ ယနေ့ကျင်းပသည့် ပြပွဲပြိုင်ပွဲသည် စတုတ္ထအကြိမ်မြောက် ဖြစ်ပါကြောင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ထုတ်ကုန်များ အရည်အသွေးမြှင့်တင်နိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ရေရှည်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

### အလှည့်ကျ ကျင်းပသွားမည်

ပထမ၊ ဒုတိယနှင့် တတိယအကြိမ် MSMEs များ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲများကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပသည့် စတုတ္ထအကြိမ် ပြပွဲပြိုင်ပွဲပြီးပါက ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ယခုကဲ့သို့ MSMEs ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲပြိုင်ပွဲ (Regional Award) များကို အလှည့်ကျ ဆက်လက်ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ဒေသအလိုက်ပြိုင်ပွဲများတွင် ဆုများကို Micro၊ Small နှင့် Medium စသဖြင့် လုပ်ငန်းအရွယ်အစားအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ဒေသအဆင့် ပြပွဲပြိုင်ပွဲများ ကျင်းပပြီးစီးပါက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် တစ်တိုင်းပြည်လုံးအတွက် ကိုယ်စားပြုသည့် National Award ပြိုင်ပွဲကို ကျင်းပသွားမည် ဖြစ်ပါကြောင်း။

### အခွင့်အရေးကြီးတစ်ရပ်လည်း ဖြစ်

သို့ဖြစ်၍ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ဒေသတွင်း MSMEs များအနေဖြင့် မိမိဒေသအရောက် လာရောက်ပြုလုပ်သည့် MSMEs ထုတ်ကုန်ပစ္စည်းများ ပြပွဲပြိုင်ပွဲနှင့်အတူ ပေးလာသည့်အခွင့်အရေးကို မိမိရရ ရယူနိုင်ရန်အတွက် ပြင်ဆင်ရန်လိုအပ်ပါ ကြောင်း၊ ဒေသတွင်းမှာရှိသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်းများ၊ ထုတ်ကုန်များ၏ ထူးခြားချက်၊ အားသာချက်များကို ဖော်ထုတ်ပြသနိုင်ခွင့်ရမည်ဖြစ်ပြီး မိမိဒေသ၏ ထုတ်လုပ်နိုင်မှုအခြေအနေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို လာရောက်ကြည့်ရှုသူများ နှစ်ခြိုက်သုံးစွဲလာအောင် ဆွဲဆောင်ရှင်းလင်းပြသခွင့်ရသည့် အခွင့်အရေးကြီးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ မိမိထုတ်ကုန်လုပ်ငန်းနှင့် သက်ဆိုင်သည့် နည်းပညာများ၊ ဈေးကွက်များ ရရှိနိုင်သည့်အပြင် အရည်အသွေး မြှင့်တင်နိုင်ရန်အတွက် အခွင့်အလမ်းများ၊ အတွေးအခေါ်ကောင်းများနှင့်အသိအမြင်များလည်း ရရှိလာနိုင်မည် ဖြစ်ပါကြောင်း။

### ဈေးကွက်တိုးချဲ့နိုင်စေရန် ရည်ရွယ်

နိုင်ငံတော်အနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်သည့် MSMEs လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် အားပေးဆောင်ရွက်လျက်ရှိရာတွင် ပြည်ပကတင်သွင်းလာသည့် ထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်နှင့် ဈေးကွက်တိုးချဲ့နိုင်စေရန် ရည်ရွယ်ပြီး လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ခြင်း၊ နည်းပညာ လွှဲပြောင်းခြင်း၊ ဈေးကွက်ကတောင်းဆိုသည့် ဝန်ဆောင်မှုနှင့် အရည်အသွေးများကို နားလည်စေခြင်းစသည့် ပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

MSMEs ထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲကျင်းပချိန်တွင် လုပ်ငန်းရှင်များအနေဖြင့် တာဝန်ရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အပြန်အလှန် ဆွေးနွေးခြင်းအားဖြင့် လိုအပ်သည့် နည်းပညာများ၊ သတင်းအချက်အလက်များနှင့် ဈေးကွက်များရရှိနိုင်ပြီး ကြုံတွေ့နေရသည့် အခက်အခဲများအတွက် ဖြေရှင်းနိုင်ရန် အထောက်အပံ့များစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

### ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်

MSMEs အများစုသည် လုပ်ငန်းသေးငယ်သော်လည်း မိမိတို့ ဒေသတွင်းက အလားအလာရှိသည့် အရင်းအမြစ်များ၊ ယဉ်ကျေးမှုများ၊ လယ်ယာထွက်ကုန်ကြမ်းများနှင့် စွန့်ပစ်ပစ္စည်းများကို မိမိတို့မှာရှိသည့် တီထွင်ဖန်တီးမှုများ၊ ဆန်းသစ်သည့် စိတ်ကူးများဖြင့် ထုတ်ကုန်သစ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းသေးငယ်ကြသည့်အတွက် ဈေးကွက်လိုအပ်ချက်အရ ပြုပြင်ပြောင်းလဲရန် လွယ်ကူပြီး ဆုံးရှုံးမှုပမာဏလည်း အလွန်နည်းပါကြောင်း။

### ခရီးသွားများကို ဆွဲဆောင်နိုင်

ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်သည့် ပြည်နယ်များဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်များကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါကြောင်း၊ သာယာလှပသည့် ယဉ်ကျေးမှုနယ်မြေများနှင့် သဘာဝရှုခင်းများ၊ ထူးခြားသည့် ဘုရားစေတီပုထိုးများ၊ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များကလည်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ပြီး ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့နေရပါကြောင်း၊ အခြေခံ အဆောက်အအုံများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိမှု၊ မြေ၊ ရေစသည့် အရင်းအမြစ်များ လွယ်ကူစွာရရှိနိုင်မှုနှင့် ငြိမ်းချမ်းစွာ နေထိုင်နိုင်ခြင်းတို့ကြောင့် စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများလည်း ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

### နိုင်ငံတကာဈေးကွက်အထိ တိုးချဲ့

မြန်မာနိုင်ငံတွင်ရှိသည့် MSMEs များအနေဖြင့် မိမိတို့ထုတ်ကုန်များကို ပြည်တွင်း ဈေးကွက်သာမက အာဆီယံဒေသတွင်းဈေးကွက်နှင့် နိုင်ငံတကာ ဈေးကွက်အထိ ထိုးဖောက်နိုင်အောင် တဖြည်းဖြည်းတိုးချဲ့သွားနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် MSMEs များဖြစ်လာရန်အတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် ရှိနေသည့် ရှေ့ပြောင်းမှုစရိတ်များကို လျှော့ချရမည်ဖြစ်ပြီး အဆင့်အတန်းမြင့်မားကာ ဈေးကွက်က လိုအပ်သည့် အရည်အသွေး၊ အရောင်အဆင်း၊ ထုပ်ပိုးမှုပုံစံနှင့် ဓလေ့ထုံးစံ ကြိုက်နှစ်သက်မှုများကို နားလည်ရန်လိုအပ်ပါကြောင်း။

### ခေတ်နှင့်လျော်ညီစွာ တိုးမြှင့်

မိမိတို့စီးပွားရေး လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုများတွင် Digital နည်းပညာများကိုပါ ထည့်သွင်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ Online မှတစ်ဆင့် ကုန်ပစ္စည်းမှာယူခြင်း၊ Order လက်ခံခြင်း၊ ကြော်ငြာခြင်း၊ ငွေပေးချေခြင်း၊ နည်းပညာ သတင်းအချက်အလက်ရယူခြင်းများကို ခေတ်နှင့်လျော်ညီစွာ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

### ဆက်လက်ကြိုးပမ်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ မိမိတို့၏ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာရာမှတစ်ဆင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံ၏ ပိုမိုချဲ့ထွင်လာနေသည့် စီးပွားရေးဈေးကွက် လိုအပ်ချက်များ၊ တောင်းဆိုမှုများအရ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ဖြည့်ဆည်းနိုင်ပြီး အောင်မြင်သည့် MSMEs လုပ်ငန်းများ ပိုမိုများပြားစွာ ပေါ်ပေါက်လာရန် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။

### ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်

ထို့နောက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်ပါကြောင်းနှင့် MSMEs လုပ်ငန်းများအတွက် ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ဒေသတွင်း ထုတ်ကုန်ပစ္စည်းများထုတ်လုပ်

ဆက်လက်၍ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နေမှု၊ ထုတ်ကုန်ပစ္စည်းပြပွဲနှင့်ပြိုင်ပွဲ ဆောင်ရွက်ထားမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### အလှူငွေများ ပေးအပ်လှူဒါန်း

ယင်းနောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၏ တတိယအကြိမ် ဒေသတွင်း ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်ကုမ္ပဏီများက အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

### စုပေါင်း ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB) တောင်ကြီးဘဏ်ခွဲ၌ ကျင်းပသည့် SME Center ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့်အတူ SME Center ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေ

ယင်းနောက် ဒုတိယသမ္မတသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တာဝန်ရှိသူများနှင့်အတူ ရဟတ်ယာဉ်ဖြင့် ရှမ်းပြည်နယ် ကျိုင်းတောင်မြို့၏အနောက်တောင်ဘက် ၁၄ မိုင်အကွာ နမ့်တိန်ချောင်းပေါ်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်နေသည့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစန်းဝေက စီမံကိန်းရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ကျိုင်းတောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### သက်သာချောင်ချိရေးများကို ဖြည့်ဆည်း

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများအား စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘဏ္ဍာငွေများ အလေအလွင့်မရှိအောင် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသွားရန်နှင့် ဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအပါအဝင် လိုအပ်သည့် သက်သာချောင်ချိရေးများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရေသွယ်ဥမင်လိုဏ် တည်ဆောက်နေမှုနှင့် စီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျိုင်းတောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ရေထိန်းအဆောက်အဦ၊ ရေသွယ်မြောင်းနှင့် စက်ရုံအတွင်း စက်များတပ်ဆင်မောင်းနှင်ထားရှိမှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ICRC အဖွဲ့မှ ဆောင်ရွက်နေမှုများနှင့် တပ်မတော်မှ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံများအတွက် လူမှုစီးပွားများဖွံ့ဖြိုးတိုးတက်မှု၊ ဘာဝ ပြန်လည်ရှင်သန်နိုင်ရေး အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးအတွက် ICRC နှင့်အစိုးရအဖွဲ့တို့ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များတွင် တပ်မတော်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည့်အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ပဋိပက္ခများမရှိဘဲ ငြိမ်းချမ်းသည့်ဒေသများတွင်လည်း ကူညီဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ပဋိပက္ခဖြေရှင်းမှု သင်တန်းများ စေလွှတ်တက်ရောက်နိုင်မည့် အခြေအနေများ၊ ဆေးပညာရပ်ဆိုင်ရာနှင့် မိုင်းအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တပ်မတော်နှင့် ICRC အဖွဲ့ ပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) သစ်ပင်စိုက်ပျိုးပွဲတော် နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၈ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က ရတနာတန်းဝင် မဟော်ဂနီပင်အား ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်ခင်သန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၈ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ပျဉ်းကတိုးပင် ၅၀၀၊ မဟော်ဂနီပင် ၂၀၀၀၊ ပိတောက်ပင် ၂၈၃၀ စုစုပေါင်း ပင် ၅၃၈၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ပင် ၁၂၂၈၃၀ အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပထမအကြိမ်ကို ကျင်းပရာ စုစုပေါင်း ပျိုးပင် ၄၃၉၀၄၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် အဆောက်အအုံဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၌ အသစ်တည်ဆောက် ပြီးစီးခဲ့သည့် သုံးထပ် စာသင်ဆောင်သစ်နှင့် ကျောင်းသူ နှစ်ထပ် အိပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းအုပ်ကြီး၊ တာဝန်ယူဆောက်လုပ်ခဲ့သည့် New Star Light Co.Ltd မှ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် တာဝန်ယူ တည်ဆောက်ခဲ့သည့် ကုမ္ပဏီက အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဒီဂရီကောလိပ် (စစ်ကိုင်း) ကျောင်းအုပ်ကြီး ဒေါ်ရီရီညွှန့်ထံသို့ လွှဲပြောင်းပေးအပ်ပြီး ကျောင်းဆောင်သစ်အား လိုက်လံကြည့်ရှု စစ်ဆေးကာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား ကျောင်း၏ ဘွဲ့နှင်းသဘင်ခန်းမတွင် တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ၌ အသစ်တည်ဆောက်ပြီးစီးခဲ့သည့် ကျောင်းသူ နှစ်ထပ်အိပ်ဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်ရာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ တာဝန်ယူ တည်ဆောက်ခဲ့သည့်ကုမ္ပဏီက အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဦးမြဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသူ အိပ်ဆောင်သစ်အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား သင်တန်းသူများအား ကျောင်း၏ ဘွဲ့နှင်းသဘင်ခန်းမတွင် တွေ့ဆုံခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဂရီကောလိပ်နှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အဓိက လုပ်ငန်းတာဝန်ကြီး (၂) ရပ်ဖြစ်သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရေးနှင့် နယ်စပ်ဒေသတွင် နေထိုင်သည့် တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များနှင့်အညီ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၅ ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၄ ကျောင်းတို့ကို ဖွင့်လှစ်ပြီး နယ်စပ်ဒေသရှိ လူငယ်လူရွယ် အမျိုးသား၊ အမျိုးသမီးများကို ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း မှာကြားပြီး ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ကာ ကျောင်းသားသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ရတနာတန်းဝင် တမလန်းပင်အား စိုက်ပျိုးပေးခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ သရက်နှင့် လျှော်ဖြူ စုစုပေါင်းပင် ၃၀၀၀ ကို ကျောင်းသား ကျောင်းသူများ စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း

❖ *ကျောဖုံးမှ*

ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီးများ၊ ဆပ်ကော်မတီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတော်အတွက် အရေးပါသကဲ့သို့ ပြည်သူလူထု အသက်အန္တရာယ် လုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် အထူးအလေးထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း။

**သေဆုံးမှုများလျော့နည်း**

NRSC ၏ ဦးဆောင်မှု၊ သက်ဆိုင်ရာအဖွဲ့များ၏ ပူးပေါင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၁၈ ခုနှစ် သင်္ကြန်ပွဲတော်ကာလများအတွင်း ယာဉ်မတော်တဆဖြစ်ပွားမှု၊ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုများလျော့နည်းကျဆင်းခဲ့သည်ကို တွေ့ရပါကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုသည်မှာ ကြိုတင်မမြင်မသိနိုင်သော်လည်း ကြိုတင်သတိပြုလိုက်နာကာကွယ်ဆောင်ရွက်နိုင်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း။

ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာသတိပြုဆောင်ရွက်ကြမည်ဆိုလျှင် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်ဆုံးရှုံးမှုများနှင့် ကိုယ်လက်အင်္ဂါချို့ယွင်းမှုများ သိသာစွာလျော့နည်းကျဆင်းသွားမည် ဖြစ်ပါကြောင်း၊ တတ်ကျွမ်းနားလည်ပြီး အသိ၊ ခံယူချက်မှန်ကန်စွာဖြင့် စည်းကမ်းလိုက်နာသည့် ယာဉ်မောင်းများ ပေါ်ထွက်လာစေရန် သက်ဆိုင်ရာဌာနများအနေဖြင့် စနစ်တကျ ထိန်းကျောင်းကြပ်မတ်ပေးရန် လိုအပ်သည့်အပြင် ပုဂ္ဂလိကယာဉ်မောင်း အတတ်သင်ကျောင်းများ အနေဖြင့်လည်း ပြည့်စုံကောင်းမွန်သည့် သင်ရိုးညွှန်းတမ်းများ၊ အရည်အချင်းပြည့်ဝပြီး အမှန်တကယ်တတ်ကျွမ်းနားလည်သည့် ယာဉ်မောင်းနည်းပြများ၊ စာတွေ့လက်တွေ့ သင်ထောက်ကူပစ္စည်းများနှင့်အတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျစွဲမြဲနားလည် လိုက်နာတတ်စေရန် အလေးထား သင်ကြားလေ့ကျင့်ပေးရေးကိုလည်း တွန်းအားပေးဆောင်ရွက်ကြစေလိုပါကြောင်း။

**သင်တန်းကျောင်းများဖွင့်**

ထိုသို့ ဆောင်ရွက်ကြရာတွင် NRSC က သတ်မှတ်ခဲ့သည့် သင်ရိုးများ၊ သင်တန်းကျောင်း တစ်ကျောင်းတွင်ရှိရမည့် နေရာအနေအထား၊ လေ့ကျင့်သင်ကြားရာတွင် ရှိသင့်သည့် မော်တော်ယာဉ် အရေအတွက်နှင့် နည်းပြအရည်အချင်းများကို သတ်မှတ်ပြဋ္ဌာန်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အသစ်ပြဋ္ဌာန်းခဲ့သည့် သင်တန်းကျောင်း သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်သည့် ယာဉ်ငယ်မောင်း သင်တန်းကျောင်းများနှင့် ယာဉ်ကြီးမောင်း သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အချက်ပြမီးမှားယွင်းစွာ အသုံးပြုနေမှုများနှင့် ပတ်သက်၍ အချက်ပြမီးစနစ်အမှန် ပြောင်းလဲကျင့်သုံးနိုင်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အချက်ပြမီးအမှန်အသုံးပြုခြင်းကို ယာဉ်မောင်းအများစု ပြောင်းလဲလိုက်နာကျင့်သုံးခဲ့ကြသည်ကို သိရှိရပါကြောင်း၊ ယာဉ်မောင်းအားလုံး အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်ပြီး အမှန်ကိုပြောင်းလဲလက်ခံကျင့်သုံးလာစေရန်နှင့် အချက်ပြစနစ်အသုံးပြုမှု အမှားများ ပပျောက်သွားစေသည်အထိ အသိပညာပေးမှုများကို ဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မော်တော်ဆိုင်ကယ်များကို အားထားအသုံးပြုနေကြသည့် ပြည်သူအများစု အသက်အန္တရာယ်လုံခြုံမှုအတွက် အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရေးဆိုသည့် အချက်သည် NRSC Action Plan ၏ ရည်မှန်းချက်များကို အောင်မြင်နိုင်စေမည့် အဓိက အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်မီသည့် မော်တော်ဆိုင်ကယ်စီး ဦးထုပ်ဟူသည့် စံသတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများ တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားခြင်းများ မရှိသေးသည့်အတွက် NRSC က ဦးဆောင်၍ ပြည်ပကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်ပြီး The Development of Myanmar Motorcycle Safety Helmet Standard Workshop ကို မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရန် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နေကြပါကြောင်း၊ စံသတ်မှတ်ချက်တစ်ခု ပြဋ္ဌာန်းရာတွင် မိမိနိုင်ငံနှင့်ကိုက်ညီပြီး လူတိုင်း လက်လှမ်းမီအသုံးပြုနိုင်ရန်နှင့် လုံခြုံမှု(Safety) အတွက် ယုံကြည်စိတ်ချရမှုရှိစေရန် ထည့်သွင်းစဉ်းစား ဆောင်ရွက်စေလိုပါကြောင်း၊ ထို့ပြင် Suu Foundation High Level Pannel က ထောက်ခံအကြံပြုထားသည့် Road Safety ဆိုင်ရာ အကြံပြုချက်များသည် ရေရှည်လုပ်ငန်းစဉ်အနေဖြင့် စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့် ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးစဉ်ဆက်မပြတ် တိုးတက်မှုရှိနေစေရန် ရည်မှန်းအလေးထား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

**စမ်းသပ်အသုံးပြုနိုင်တော့မည်**

ADB ၏ TA-8987 Project အရ ယာဉ်တိုက်ခိုက်မှု ကိန်းဂဏန်း အချက်အလက်များ အလွယ်တကူဆန်းစစ်တွက်ချက်ရယူနိုင်ရန် Road Crash Data Base Software ကူညီပေးမှုကို မကြာမီစတင် စမ်းသပ်အသုံးပြုနိုင်တော့မည်ဖြစ်ပါကြောင်း၊ နိုင်ငံအနှံ့ ကျေးလက်ဒေသ နယ်စွန်နယ်ဖျားများအထိ လွှမ်းခြုံသက်ရောက်မှုရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် အဆိုပါ Road Crash Data Base Software ကိုအသုံးပြု၍ တိကျမှန်ကန်သည့် ယာဉ်တိုက်ခိုက်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ စုစည်းပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ယာဉ်တိုက်မှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ ပြည့်စုံတိကျမှန်ကန်မှုရှိရန်နှင့် မြေပြင်အမှန်အတိုင်း အတိအကျဖြစ်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

NRSC မှ ချမှတ်ထားသည့် လုပ်ငန်းအစီအမံများကို ဆပ်ကော်မတီအသီးသီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် NRSC များအနေဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြရာ ပိုမိုထိရောက်သည့် အောင်မြင်မှုများ ရရှိရန်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ပိုမိုတိုးမြှင့်ကာကွယ်ပေးနိုင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ NRSC အနေဖြင့် National Road Safety Action Planနှင့်အညီ လုပ်ငန်းအစီအမံများကို သုံးသပ်ချမှတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ လက်တွေ့အမှန်တကယ် ပြည်သူနှင့် ထိတွေ့ဆက်ဆံနေရသည့် သက်ဆိုင်သည့်ဌာနများအနေဖြင့်လည်း လက်တွေ့ကျကျ ချဉ်းကပ်ပြီး ထိရောက်အောင်မြင်မှုများ ရရှိလာစေရန် အချိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆောင်ရွက်နေမှုများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဖောက်ဖျက်၍ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ယာဉ်မတော်တဆဖြစ်ပွားမှုများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်မှုများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးတွင် ကျောင်းသူ ကျောင်းသားများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရေးအတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက NRSC ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ Action plan အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် Suu foundation High Level Panel ၏ အကြံပြုချက် ၄၃ ချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်ပြီးစီးမှုရှင်းလင်း**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ အတွင်းရေးမှူးများက ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် တတိယအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာ ဝန်ကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကောင်စီအတွင်းရေးမှူး ဦးဇော်မင်းဦးက Suu Foundation ၏ Feasibility Study for Helmet Manufacturing in Myanmar နှင့် မြန်မာနိုင်ငံ၌ Helmet Standard သတ်မှတ်နိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဒေါ်ဖြူဖြူဝင်းက အသက်အန္တရာယ် ကာကွယ်ပေးနိုင်သည့် မော်တော်ဆိုင်ကယ်စီးဦးထုပ် ဆိုင်ရာ စံသတ်မှတ်ချက် လေ့လာဆန်းစစ်ခြင်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ အမှုဆောင်အရာရှိချုပ် ဦးတင့်ဆွေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မော်တော်ဆိုင်ကယ်စီးဦးထုပ်နှင့် အသက်ကယ်ထိုင်ခုံ ခါးပတ်ဝတ်ဆင်မောင်းနှင်သည့် လိုက်နာဆောင်ရွက်မှုများကို ဆက်လက်အချိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်း၊ ယာဉ်စည်းကမ်း၊ Alcohol Tester ဖြင့် စစ်ဆေးအရေးယူမှုများ အပါအဝင် လမ်းစည်းကမ်းလိုက်နာမှု ထိန်းသိမ်းကြပ်မတ်မြှင့်တင်ပေး ကြရမည်ဖြစ်ပါကြောင်း။

National Road Safety Action Plan(2014-2020) အကောင်အထည်ဖော်မှုများတွင် တိုးတက်မှုများရှိသော်လည်း ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များအပေါ် တာဝန်ရှိသည့်သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် စီမံချက်ကာလအတွင်း ထိရောက်တိုးတက်မှုရှိရန် ကြိုးပမ်းစေလိုပါကြောင်း။

**ပုံမှန်စစ်ဆေးကြပ်မတ် ထိန်းကျောင်းမှုများလို**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး တိုးမြှင့်ဆောင်ရွက်သကဲ့သို့ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ၏ ကြံ့ခိုင်မှုများကို စနစ်တကျပုံမှန်စစ်ဆေးကြပ်မတ်ထိန်းကျောင်းမှုများ လိုအပ်ပါကြောင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှုများကို ခွဲခြမ်းစိတ်ဖြာသည့်အခါ လူ့ပယောဂအပါအဝင် ပတ်ဝန်းကျင်အနေအထား၊ လမ်းတည်ဆောက်ပုံအနေအထား၊ လမ်းဒီဇိုင်း၊ လမ်းအဆင့်အတန်းများကလည်း ကဏ္ဍတစ်ခုအဖြစ် ဆက်စပ်နေပါကြောင်း၊ တည်ဆောက်ဆဲလမ်းများနှင့် အသစ်တည်ဆောက်မည့်လမ်းများအတွက် Road Safety Audit ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည့် ပြင်ဆင်ဖွဲ့စည်းမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေပြီဟု သိရပါကြောင်း၊ သက်ဆိုင်ရာဌာနများ အားလုံးပူးပေါင်း၍ စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ ဥပဒေနှင့်အညီ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရန် တိုက်တွန်းလိုပါကြောင်း။

ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်အလက်များ၊ အခြေအနေများနှင့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီသိရှိပြီး မိမိနိုင်ငံအနေအထား၊ မိမိတို့တွင် ရှိသည့် အရင်းအမြစ်များ၊ မိမိပြည်သူများ၏ အနေအထားနှင့် ဆီလျော်ကိုက်ညီမှုရှိသည့် လုပ်ငန်းစဉ်များကို သွက်သွက်လက်လက် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ပြည်သူလူထုကိုလည်း အလေးထားပူးပေါင်းလက်တွဲပါဝင်လာစေရန် အသိပညာပေး စည်းရုံးသွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ Road Safety ဆိုင်ရာ တစ်ကမ္ဘာလုံး မျှော်မှန်းချက်ဖြစ်သည့် “Towards Zero Together” ဟူသည့် “Vision”သို့ အမှန်တကယ်ရောက်ရှိလာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယာဉ်တိုက်ခိုက်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန်၊ ၂၀၂၀ ပြည့်နှစ်တွင် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှု အခြေခံနှစ်ဖြစ်တဲ့ ၂၀၁၃ ခုနှစ် သေဆုံးမှုရဲ့ ၅၀ ရာခိုင်နှုန်းခန့်အထိ လျော့နည်းကျဆင်းလာစေရေး ဆိုသည့် အဓိကရည်မှန်းချက်ကို မျက်ခြည်မပြတ်စေရန်နှင့် National Road Safety Action Plan (2014-2020)နှင့် အညီ အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပန်းဘဲတန်းမြို့နယ်၌ AMI မီတာများ တပ်ဆင်ခြင်းနှင့် ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကွပ်ကဲမှုအောက် ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် လမ်း(၃၀)တွင် AMI မီတာများ တပ်ဆင်ခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းရေး၊ ဗို့အားကောင်းမွန်စေရေးအတွက် ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ(စီမံ) ဦးခိုင်ဇော်ငြိမ်းနှင့် တာဝန်ရှိသူများကြီးကြပ်လျက် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၈၉ ဦးဖြင့် ဆောင်ရွက်ခဲ့ရာ ပန်းဘဲတန်းမြို့နယ် လမ်း(၃၀)အလယ်ဘလောက်တွင် AMI မီတာ အလုံး ၂၀၀ ကို တပ်ဆင်ခြင်းနှင့် ဓာတ်တိုင်ကိုးတိုင်ရှိ ရှုပ်ထွေးဆာဗစ်ကြိုး ၂၂၆ ချောင်းတို့ကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၉**

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း နောက်ဆုံးအခြေအနေများ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ဆက်နွှယ်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အီတလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် Mrs. Alessandra Schiavo အား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် Mrs. Alessandra Schiavo အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူပြီးဖြစ်သည်။

Mrs. Alessandra Schiavo ကို ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အီတလီနိုင်ငံ Naples မြို့၌ မွေးဖွားခဲ့သည်။ သူမသည် ၁၉၉၁ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီးနောက် ၁၉၉၂ ခုနှစ်တွင် နယ်သာလန်နိုင်ငံ Leiden University ၌ ပါရဂူဘွဲ့တက်ရောက်ခဲ့သည်။ ၁၉၉၃ ခုနှစ် မေလတွင် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ ၂၀၁၄ ခုနှစ်အထိ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တဲလ်အဗီးမြို့၊ ဘရပ်ဆဲလ်မြို့နှင့် ဟောင်ကောင်မြို့များရှိ အီတလီသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ၂၀၁၅ ခုနှစ်မှစတင်၍ အီတလီစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာဝန်ကြီးဌာန၏ နိုင်ငံခြားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးဆိုင်ရာ အစိုးရကိုယ်စားလှယ်၏ သံတမန်ရေးရာအကြံပေးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **သတင်းစဉ်**

# (၁၅)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကျင်းပ

## နိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြီး ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေးအတွက် UPDJC သည် အလွန်အရေးပါသည့်ကဏ္ဍတွင်ရှိ



(၁၅)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC) အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၉**

(၁၅)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

(၁၅)ကြိမ်မြောက် အစည်းအဝေးသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာတင်မျိုးဝင်း၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးသုဝေ၊ ပူးတွဲကော်မတီဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ UPDJC ကိုယ်စားလှယ်များ၊ အကျိုးဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေး**

အစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းအဖြေရှာရန်အတွက် UPDJC က ဦးဆောင်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပပြီး ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေးအတွက် UPDJC သည် အလွန်အရေးပါသည့်ကဏ္ဍတွင် ရှိနေပါကြောင်း။

ဒုတိယအကြိမ် ညီလာခံကို ၂၀၁၇ ခုနှစ် မေလတွင် ကျင်းပခဲ့ပြီး တတိယအကြိမ် ညီလာခံကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကျင်းပရန် သတ်မှတ်ထားပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ညီလာခံကျင်းပချိန် နှောင့်နှေးကြန့်ကြာနေသော်လည်း အစိုးရနှင့် EAO များအကြားတွင် နိုင်ငံရေးဆိုင်ရာ အလွတ်သဘော အစည်းအဝေး သုံးကြိမ်၊ လုံခြုံရေးဆိုင်ရာ အလွတ်သဘောအစည်းအဝေး လေးကြိမ် ကျင်းပပြီး အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု တည်ဆောက်ခဲ့ကြပါကြောင်း၊ နှစ်ဖက်ဆွေးနွေးမှုများအရ ကျော်လွှားရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေသည်ကို တွေ့ရပါကြောင်း၊ မကြာမီပြုလုပ်မည့် ညီလာခံတွင် ပွင့်ပွင့်လင်းလင်းဖြင့် လိုလားချက်များကို အမြင်ချင်းဖလှယ်၍ ဆွေးနွေးပေးကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးနေသည့် ဖက်ဒရယ်မူဝါဒများ ချမှတ်နိုင်ရန် တစ်ဖက်နှင့်တစ်ဖက် အလျှော့အတင်းပြုလုပ်ပြီး သဘောတူညီချက်များ ရရှိစေမည့် နိုင်ငံရေးအခင်းအကျင်းများ ရရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံပါကြောင်း။

**(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပမည့်ရက် အတည်ပြုသတ်မှတ်ပေးရန်**

ယခု UPDJC အစည်းအဝေးက ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပမည့်ရက်ကို အတည်ပြုသတ်မှတ်ပေးရန် ဖြစ်ပါကြောင်း၊ ညီလာခံကျင်းပပြီး ရရှိလာမည့်မူဝါဒနှင့် အဆိုပြုချက်များကို ပြည်ထောင်စု သဘောတူညီစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ချုပ်ဆိုရရှိရေးကို ဦးတည်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြား လိုပါကြောင်း၊ နောက်ထပ်ကျင်းပမည့် (၂၁)ရာစုပင်လုံ ညီလာခံအစည်းအဝေး သုံးကြိမ်တွင် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ချမှတ်နိုင်စေရန် ဖက်ဒရယ်အုတ်မြစ်ကို ခိုင်ခိုင်မာမာစိုက်ထူနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် နောက်လာမည့်ညီလာခံ သုံးကြိမ်အပြီး အနာဂတ်အတွက် ဖက်ဒရယ်အခြေခံမူများကို ပြီးပြတ်အောင် ညှိနှိုင်းဆွေးနွေးပေးကြရန် အလေးအနက်ထားပြီး တိုက်တွန်း ပြောကြားလိုပါကြောင်း။

**ယုံကြည်မှုများဖြင့် အတူအကွပူးပေါင်းဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် အစည်းအဝေးတက်ရောက်လာသည့် UPDJC အဖွဲ့ဝင်များအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် တစ်ဖက်နှင့် တစ်ဖက် နားလည်မှုနှင့် ယုံကြည်မှုများဖြင့် အတူအကွ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက ယုံကြည်ချက်ဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရမည်ဖြစ်ပြီး ယုံကြည်ချက်ရှိပါက ငြိမ်းချမ်းရေးရနိုင်ပါကြောင်း၊ ယုံကြည်ချက်မရှိပါက ငြိမ်းချမ်းရေးမျှော်လင့်ချက်သည် ကြန့်ကြာသွားမည် ဖြစ်ပါကြောင်း၊ သို့သော် ယုံကြည်ချက်သည် ရနိုင်သည်ဆိုသည့် အဆင့်တွင် ရှိပါကြောင်း၊ အမှန်တကယ် ရရန်အတွက် ကိုယ်ကိုယ်တိုင်ကလုပ်ရမည်၊ အမိအရ အားထုတ်ရမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် ဝီရိယသည်လည်း ပိုအရေးကြီးပါကြောင်း။

**ကျွမ်းကျင်ပြည့်စုံသည့်သူများ များများပါရန်**

ထို့ပြင် ငြိမ်းချမ်းရေးကို ဆောင်ရွက်သည့်နေရာတွင် ကျွမ်းကျင်ပြည့်စုံသည့်သူများ များများပါရန် လိုအပ်ပါကြောင်း၊ များများပါလျှင် မြန်မြန်အောင်မြင်မည်ဖြစ်၍ ငြိမ်းချမ်းရေးကို လက်ဆုပ်လက်ကိုင်ရရန်အတွက် ကျွမ်းကျင်သော ပညာရပ် (၅)ရပ်ကို ပြည့်စုံအောင်လုပ်မှသာလျှင် ငြိမ်းချမ်းရေး မြန်မြန်ရမည်ဆိုသည့်အသိကြောင့် ယနေ့ ငြိမ်းချမ်းရေးကို လက်ဆုပ်လက်ကိုင်ရအောင် လူတိုင်းလူတိုင်းတွင် လိုအပ်နေသော ကျွမ်းကျင်မှု(၅)ရပ်ကို ပြည့်စုံအောင် စွမ်းဆောင်ကြပါစို့ဟု အခိုဌာန်ပြုပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကျင်းပမည့် ရက်သတ်မှတ်ခြင်း၊ UPDJC သို့တင်သွင်းသည့် စာတမ်းများအတည်ပြုခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ချက်များတင်ပြခြင်း၊ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီတွင် ဆွေးနွေးမည့်ခေါင်းစဉ်များ အတည်ပြုခြင်း၊ လုပ်ငန်းကော်မတီ အကျိုးဆောင်များ လုပ်ငန်းလမ်းညွှန်(ToR) ကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အထွေထွေကိစ္စရပ်များ ဆွေးနွေး**

ထို့အတူ ညီလာခံဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ညီလာခံအစီအစဉ်အတည်ပြုခြင်း၊ ညီလာခံဖွင့်ပွဲတွင် JMC အစီရင်ခံစာတင်သွင်းရေးကိစ္စ၊ NCA လက်မှတ်မရေးထိုးရသေးသည့် EAO များ ဖိတ်ကြားရေးကိစ္စ၊ ညီလာခံသို့ လေ့လာသူများ ဖိတ်ကြားရေးနှင့် လေ့လာသူဦးရေ သတ်မှတ်ရေးကိစ္စ၊ ညီလာခံအတွင်း ဆောင်ရွက်မည့်ညီလာခံဆိုင်ရာ လုပ်ငန်းများကိစ္စ၊ UPDJC အတွင်းရေးမှူးများ အစည်းအဝေး၊ UPDJC အစည်းအဝေးနှင့် လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပရေးကိစ္စ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ ပြောင်းလဲတာဝန်ပေးအပ်ခြင်းကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသုဝေ၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဒေါက်တာ တင်မျိုးဝင်းတို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်နေ့အထိနှင့် လုပ်ငန်းကော်မတီအစည်းအဝေးများကို ဇူလိုင်လ ၄ ရက်မှ ၆ ရက်နေ့အထိ နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှတ်စု

# စွဲလမ်းမှုပြဿနာ

ခင်ရတနာ

**မူးယစ်ဆေးဝါးသည် လူ့အဖွဲ့အစည်းအတွင်း ဝါးမျိုလာနေပြီး လူငယ်များကို အညွှန့်ချိုးကာ လူ့ဂုဏ်သိက္ခာနှင့် အနာဂတ်တို့ကို ဖျက်ဆီးသည့်ရန်သူဖြစ်သည်။ မိဘများ၏ ဆိုဆုံးမမှုသည် သားသမီးများအတွက် လမ်းပြကြယ်ဖြစ်ခြင်းကြောင့် မူးယစ်အန္တရာယ်မှကင်းဝေးစေရန် အကြံကောင်းများကို အချိန်မလင့်မီ ရယူကြရန်အထူးလိုအပ်နေချိန်လည်း ဖြစ်သည်။ တစ်နေ့ထက်တစ်နေ့ ဆေးဝါးများ မည်သို့ပြောင်းလဲသော်လည်း ဆယ်ကျော်သက်အများစုက အရက်သောက်သုံးကြပြီး၊ ဒုတိယအများဆုံးမှာ ဆေးလိပ်၊ ဆေးရွက် ကြီးနှင့် ဆက်စပ်ပစ္စည်းများသုံးစွဲကြကာ ဆေးခြောက်ကို တတိယအများဆုံး သုံးစွဲနေကြသည်။**



### စိတ်ရောကိုယ်ပါထိခိုက်စေ

လူငယ်များအကြား အသုံးများသော ဆေးဝါးများ (ဥပမာအားဖြင့် စိတ်ကြွရူးသွပ်ဆေးပြား estasy )သည် စိတ်ကျရောဂါ၊ ဆေးတောင့်တခြင်းနှင့် သံသယစိတ်လွန်ကဲခြင်း၊ စိတ်ဖောက်ပြန်လက္ခဏာများနှင့် အမြင်မှောက်မှားခြင်းများ၊ ကြောက်မက်ဖွယ်နှလုံးခုန်မြန်ခြင်းနှင့် သွေးပေါင်ချိန်တက်ခြင်းတို့ဖြစ်စေပြီး နှာခေါင်းမှရှူရှိုက်ရသော မူးယစ်ဆေးများ(ဥပမာအားဖြင့် ကော်ရှူခြင်း)သည် နားမကြားခြင်း၊ ခြေလက်ကြွက်သားများ ရုတ်တရက်တင်းသွားခြင်းနှင့် အာရုံကြောအဖွဲ့အစည်း၊ ဦးနှောက်၊ ရိုးတွင်းခြင်ဆီ၊ အသည်း၊ ကျောက်ကပ်တို့ကို ပျက်စီးတတ်သည်။

### မူးယစ်ဆေးသုံးသလား

အစားအသောက်နည်းလာပြီး တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းလာခြင်း၊ ဝတ်စားဆင်ယင်မှုကို ဂရုမစိုက်တော့ခြင်း၊ မျက်လုံးများနီရဲလာခြင်း၊ တွေဝေငေးမောတတ်ခြင်း၊ အောက်မျက်ခမ်းများ မို့ဖောင်းလာခြင်း၊ လျှာလေးအာလေးနှင့် လမ်းလျှောက်လျှင် ယိမ်းယိုင်လာခြင်း၊ ဆေးထိုးအပ်ရာများတွေ့ရှိလာခြင်းတို့ဖြစ်လာပါက မူးယစ်ဆေးသုံးစွဲထားကြောင်းကို ခန့်မှန်း၍ ရနိုင်ပါသည်။

"ဆေးတွေသောက်ထားပြီးရင် နှစ်ရက်လောက် မထတမ်းအိပ်သွားတယ်၊ ဘာမှလည်း ကျွေးလို့မရတော့ဘူး၊ သူ့ကိုသူ့အဖေက ရိုက်တာလည်း ငုံ့ခံနေတယ်၊ တစ်ခွန်းမှပြန်မပြောဘူး၊ ဆေးရှိန်ပြယ်သွားတာနဲ့ မတရားစားတယ်၊ မျက်လုံးတွေကိုကြည့်ရင်း သူဆေးစွဲနေတယ်ဆိုတာ သတိထားမိလို့ အချိန်မီကုသမှုခံယူပြီး အပေါင်းအသင်းတွေနဲ့ရောဖြတ်တောက်ပစ်လိုက်ရတယ်"ဟု ဆေးပြားသုံးစွဲသူ၏မိခင်က သူ့အတွေ့အကြုံကို ပြောသည်။

ခန္ဓာကိုယ်ပြောင်းလဲမှုများအပြင် မူးယစ်ဆေးစွဲနေသူများသည် ကျောင်း သို့မဟုတ် အလုပ်ကို ပျက်ကွက်ကာ ပညာရည်အဆင့်နိမ့်ကျလာခြင်း၊ အိမ်အပြင်ပို၍ထွက်လာခြင်း၊ စိတ်တိုလွယ်၊ ဝမ်းနည်းလွယ်ပြီး မိသားစုအားရှောင်ဖယ်လာခြင်း၊ အိမ်သာဝင်ရာတွင် ကြာမြင့်ခြင်း၊ သူသွားလာတတ်သောနေရာများ၊ သူပိုင်ပစ္စည်းများနှင့်ပတ်သက်၍ သီးသန့်ဆန်လာခြင်း၊ စိတ်အတက်အကျမြန်လာခြင်းတို့ကို မြင်တွေ့ရကြောင်း သားသမီးများ ပြုစုပျိုးထောင်ခြင်းနည်းလမ်းဖြင့် မူးယစ်ဆေးစွဲရောဂါ ကာကွယ်ရေး စီမံချက်ပါ အချက်အလက်များအရ သိရှိရသည်။

ထို့ပြင် မူးယစ်ဆေးစွဲသူသည် ပိုက်ဆံပိုအသုံးလိုလာသည့်အပြင် အဝတ်အစားနှင့် နှာခေါင်းတို့မှ ထူးဆန်းသော အနံ့အသက်များ ရရှိခြင်း၊ ဖယောင်းတိုင်များ၊ မည်းနက်သောဇွန်းကောက်များ၊ ငွေရောင်သတ္တုပြားများ၊ အထုပ်ငယ်များ၊ မီးခြစ်များကို နေရာအနှံ့တွင် မြင်တွေ့လာရပါက မူးယစ်ဆေးစွဲသည့်အဆင့်ကို ရောက်ရှိလာပြီဟု မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်းက သတ်မှတ်သည်။

### မူးယစ်ဆေးစွဲနေပြီဆိုလျှင်

မည်သူမဆို ချစ်ခင်သော သားသမီး၊ မောင်ဖွားတစ်ဦး မူးယစ်ဆေးသုံးစွဲနေသည်ကို တွေ့ရှိရပါက ထိတ်လန့်တုန်လှုပ်ခြင်း၊ ဒေါသထွက်ခြင်းနှင့် ကလေးကို အပြစ်ပေးလိုသည့် စိတ်ဆန္ဒများ ပေါ်ပေါက်ကြမည်ဖြစ်သော်လည်း ယင်းတို့ကိုထိန်းချုပ်ကာ မည်သည့်နည်းဖြင့် ဆောင်ရွက်ရမည်ဆိုသည်ကိုသိရှိရန် အထူးလိုအပ်ကြောင်း စိတ်ပညာရှင်များက အကြံပြုထားသည်။

"မူးယစ်ဆေးသုံးစွဲခြင်းသည် စိတ်ရောဂါတစ်မျိုးဖြစ်တာကြောင့် စိတ်ရောဂါအတွက်နှင့်မည်သူ့ကိုမျှ အပြစ်မတင်သင့်ပါ"ဟု စွဲစေတတ်သော ဆေးဝါးများသုတေသနအဖွဲ့မှ တာဝန်ရှိသူများက လမ်းညွှန်ထားသည်။ မိမိတို့ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးသုံးစွဲသူများအတွက် ဆောင်ရွက်သင့်ဆုံးသောအရာများမှာ နားလည်ပေးခြင်းနှင့် ကိုယ်ချင်းစာခြင်း၊ လိုအပ်သည့်အကူအညီများ ပေးအပ်သကဲ့သို့ မူးယစ်ဆေးသုံးစွဲမှု လုံးဝဥဿုံရပ်တန့်စေရန် ရည်ရွယ်ထားသည့် ရပ်တည်ချက်ကိုလည်း ပြတ်သားစွာ ပြောပြရန် လိုအပ်ပါသည်။

မိမိတို့နိုင်ငံတွင် မူးယစ်ဆေးစွဲရောဂါကုဌာနကြီး ၂၆ခု၊ ဆေးစွဲရောဂါကုဌာနငယ် ၄၇ခုနှင့် လူငယ်များ ပြုစုပျိုးထောင်ရေးစခန်း နှစ်ခုရှိပြီး ၂၀၁၇ခုနှစ်အတွင်း မူးယစ်ဆေးစွဲသူ ၇၅၃၆ဦးကို ကုသပေးနိုင်ခဲ့သည့်အပြင် မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေးအတွက် လူငယ်များပြုစုပျိုးထောင်ရေးစခန်းသုံးခုနှင့် ပြန်လည်ထူထောင်ရေးစခန်းကိုးခု ဖွင့်လှစ်ထားခဲ့ပြီး သင်တန်းသား ၂၄၃ ဦးကို ပြန်လည်ထူထောင်ပေးနိုင်ခဲ့ကြောင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ သိရှိရသည်။

ကြုံတွေ့လာသည့်အခြေအနေကို ရင်ဆိုင်နိုင်စေရန်အတွက် "မင်းကို အပြစ်မမြင်ပါဘူး။ မင်းအခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပြီ။ ငါတို့တွေရဲ့အကူအညီအများကြီး လိုအပ်တယ်ဆိုတာ ငါတို့နားလည်တယ်။ မင်းကို ဆေးကုပေးနိုင်တဲ့နေရာကို တွေ့ထားတယ်။ ဆေးဖြတ်ဖို့အတွက်မျှော်လင့်ချက်တွေ အများကြီးရှိတယ်။ ဘာမှ စိတ်ညစ် အားငယ်စရာမလိုဘူး။ အဆင်ပြေသွားမယ်"ဆိုသည့် အဓိပ္ပာယ်ရသည့် စကားမျိုးဖြင့် နှစ်သိမ့်ပညာပေးစည်းရုံးကာ ဆေးကုသမှုခံယူရန် တိုက်တွန်းခြင်း၊ ကြပ်မတ်ကုသခြင်းတို့ဖြင့် စွဲလမ်းမှုပြဿနာကို ဖြေရှင်းကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ။

**"မည်သူမဆို ချစ်ခင်သော သားသမီး၊ မောင်ဖွားတစ်ဦး မူးယစ်ဆေးသုံးစွဲနေသည်ကို တွေ့ရှိရပါက ထိတ်လန့်တုန်လှုပ်ခြင်း၊ ဒေါသထွက်ခြင်းနှင့် ကလေးကို အပြစ်ပေးလိုသည့် စိတ်ဆန္ဒများ ပေါ်ပေါက်ကြမည်ဖြစ်သော်လည်း ယင်းတို့ကိုထိန်းချုပ်ကာ မည်သည့်နည်းဖြင့် ဆောင်ရွက်ရမည် ဆိုသည်ကိုသိရှိရန် အထူးလိုအပ်ကြောင်း စိတ်ပညာရှင်များက အကြံပြု"**







## အများပြည်သူများသိရှိစေရန် ထပ်မံသတိပေးချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်သူများစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသောအစားအသောက်များကို စားသုံးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲ (ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတို့နှင့်အတူ ဈေးကွက်များမှ အစားအသောက်များကို နမူနာဝယ်ယူ၍ စိစစ်လျက်ရှိပါသည်။

၂။ ဈေးကွက်များတွင် ရောင်းချလျက်ရှိသော ပဲသွေး ၉၅ ရာခိုင်နှုန်းတွင် အစားအသောက်၌ သုံးစွဲရန်ခွင့်မပြုသည့် ဖော်မလင်ကို အသုံးပြုထားကြောင်းနှင့် ထုတ်လုပ်သည့်လုပ်ငန်းအချို့သို့ ကွင်းဆင်းစစ်ဆေးချက်အရ အမဲသွေးများအသုံးပြုထားကြောင်း စိစစ်တွေ့ရှိရသဖြင့် နိုင်ငံပိုင်သတင်းစာများတွင် ၂၈.၇.၂၀၁၇ နေ့၌ အသိပေးကြေညာချက်ထည့်သွင်းခြင်း၊ ကွင်းဆင်းစိစစ်၍ အမျိုးသားအစားအသောက်ဥပဒေနှင့်အညီ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထိုသို့အရေးယူဆောင်ရွက်မှုများအရလည်းကောင်း၊ ထုတ်လုပ်သူနှင့်ရောင်းချသူများမှ လိုက်နာဆောင်ရွက်မှုများအရ လည်းကောင်း၊စားသောက်ကုန်များတွင် ဖော်မလင်ပါဝင်မှုသိသာစွာလျော့ကျလာသော်လည်း အချို့လုပ်ငန်းရှင်များ၊ ရောင်းချသူများအနေဖြင့် ဖော်မလင်အသုံးပြုမှုများရှိနေသေးကြောင်း သိရှိရသဖြင့် မုန့်ဖတ်အမျိုးမျိုး၊ ပဲပြား၊ ပဲသွေးထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများသည် လုပ်ငန်းဆောင်ရွက်မှုခွင့်ပြုချက်ဖြင့်သာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်၊ အစားအသောက်အမျိုးအစားမှန်ကန်စွာ အသိပေးရောင်းချရန်၊ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသည့် ဖော်မလင်လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ထပ်မံသတိပေးအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် မြန်မာစာဘာသာရပ် နမူနာမေးခွန်းပုံစံ(၂)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေလ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**--- ခုနှစ် နမူနာမေးခွန်း**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**မြန်မာစာ ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **တစ်ခု** အကြောင်းကို ဖော်ပြပါ။ **(၅မှတ်)**
မင်စာ၊ ဇကွဲ ပြောင်းလဲပုံ၊ ပယတ်။

(ခ) ပေးထားသောစကားလုံးတို့မှ **ငါးခု**ကိုရွေးချယ်၍ ဆီလျော်ရာ ဝါကျတစ်ခုစီတွင် သုံးပြပါ။ **(၁၀မှတ်)**
မည်သည့် နာမ်စားမျိုး သို့မဟုတ် နာမဝိသေသနမျိုးဖြစ်ကြောင်းကိုလည်း ဖော်ပြပါ။
အားလုံး၊ နှစ်ကောင်၊ ယင်း၊ အချို့၊ မည်သည့်၊ သူ၊ ထို။
(၁) ----သည် ကြင်နာသနားတတ်သည်။
(၂) ငှက် ---- သည် သစ်ကိုင်းထက်တွင် နားနေကြသည်။
(၃) ကျောင်းသား ---- သည် စာကြိုးစားကြသည်။
(၄) ---- ကား ပညာရှိတို့ အဆိုအမိန့်တည်း။
(၅) မြန်မာနိုင်ငံတွင် ---- အရပ်၌ ပူပြင်းခြောက်သွေ့သည်။
(၆) ---- မုန့်ကို သင်စားလိုသနည်း။
(၇) မဟာမြိုင်တော၌ ကျားရဲပေါသဖြင့် ---- အရပ်သို့သွားလျှင် သတိရှိပါ။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **ငါးခု** ၏ အဓိပ္ပာယ်ကို တိကျစွာဖော်ပြပါ။ **(၅မှတ်)**
ဆိတ်ညံ၊ ကံကျွေး၊ မကျင့်သီး၊ ဇွန်လုံး၊ ရဝေ၊ မုန်ဝိုင်း၊ စရိယ။

(ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ **(၅မှတ်)**
ကြိုကြိုတက်-ကျိုကျိုတက်၊ကြင်ရာ-ကြင်ယာ၊ထွားကျိုင်း-ထွားကြိုင်း၊ ရွေးချယ်-ရွေးခြယ်၊ စကြဝဠာ - စကြာဝဠာ။

(ဂ) အောက်ပါတို့အနက် **ငါးခု**ကို အလင်္ကာ **ငါးမျိုး**မှ မည်သည့် အလင်္ကာဖြစ်ကြောင်းဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့အသုံးပြုထားသည့် အတွက် ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။ **(၁၀မှတ်)**
ဖွတ်မင်းနောင်၊ မြေနှင့် ရန်ဘက်၊ မင်္ဂြမ်း၊ မုန်းပင်၊ ကိန္နရီကသည့်နှယ်၊ ဝါးခနဲ၊ သွေးချောင်းကျ။

၃။ (က) အောက်ပါတို့မှ **ငါးခု** ကိုဖြေပါ။ **(၅မှတ်)**
(၁) "တောင်ထွတ်ဖျားဆီ၊ ရွှေစာတီ၊ သရီရဓာတ်စွယ်" ၏ ဆိုလိုရင်းကိုရေးပါ။
(၂) နွေဦးကာလမြူထသောခါ ကဗျာကို မည်သည့်ခေတ်တွင် ရေးသနည်း။
(၃) စစ်မှာတစ်မူ ကဗျာအမျိုးအစားကို ဖော်ပြပါ။
(၄) ရာမရကန်ကို မည်သူရေးခဲ့သနည်း။
(၅) သုံးထောင့်အဲဟူသည်အဘယ်နည်း။
(၆) ဌာနီပြည်ကြီးက ဝေးသနှင့်ကဗျာကို မည်သည်မှ ကောက်နုတ်ထားသနည်း။
(၇) အချုပ်တန်းဆရာဖေနှင့် ခေတ်ပြိုင်စာဆိုအမည်ကို ဖော်ပြပါ။

(ခ) ဘုန်းနှင့်ကံနှင့် ရွှေသဇင်ကဗျာမှ သဇင်ပန်း၏ဂုဏ်ကို ပေါ်လွင်အောင် တင်ပြပါ။ **(၁၀မှတ်)**

**(သို့မဟုတ်)**

တပေါင်းညှာကျင် ကဗျာမှ တပေါင်းလ၏ သာယာပုံကို စာဆိုက မည်သို့ဖွဲ့ဆိုထားသနည်း။

၄။ (က) အောက်ပါတို့မှ **ငါးခု**ကို ဖြေပါ။ **(၅မှတ်)**
(၁) စီးချင်းတိုက်ပွဲကို မည်သည့်ကျမ်းမှ ထုတ်နုတ်ထားသနည်း။
(၂) ဦးပေါင်းကျားနှင့်မြင်းကျားရှင်ကို မည်သူရေးသနည်း။
(၃) ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် မည်သည့်ဟောစာစာရင်းတွင် ပါဝင်သနည်း။
(၄) ပညာသင်ခါမရှက်ရာကို မည်သည့်ခေတ်တွင်ရေးသနည်း။
(၅) ဦးဖိုးကျား၏ဇာတိကိုဖော်ပြပါ။
(၆) သိပ္ပံမောင်ဝ၏ အမည်ရင်းကိုဖော်ပြပါ။
(၇) ဦးဖေမောင်တင်ကို ရန်ကုန်တက္ကသိုလ်က မည်သည့်ဘွဲ့ချီးမြှင့်ခဲ့သနည်း။

(ခ) သိယ်သူ့သမီးကျောက်စာမှ အလှူရှင်၏ အလှူပြုပုံ၊ အမျှဝေပုံ၊ ဆုတောင်းပုံတို့ကို အစီအစဉ်တကျ ရှင်းလင်းတင်ပြပါ။ **(၁၀မှတ်)**

**(သို့မဟုတ်)**

ပတ္တမြားကျောက်စီခါး စကားပြေမှ သူရဲကောင်းတို့၏ လေးစားထိုက်သော ဂုဏ်ရည်ကို ပေါ်လွင်အောင် စာဆိုက မည်သို့သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ **(၅မှတ်)**
"မွန်းတည့်တုန်းနေ၊အခိုးဝေတဲ့၊သဲမြေပူမှာ၊တစ်ရှူမနား၊ ကလျက်ပြေးကာ၊ဝမ်းပန်းသာတဲ့၊ ကြောင်းလျာများကို၊ မုသားမဖန်၊ ဟုတ်တိုင်းပြန်၊ အမှန်တင်စမ်း။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ **တစ်ခု** ကိုဖြေဆိုပါ။ **(၁၀မှတ်)**
(၁) ရေသည်ယောက်ျားနှင့် ရေသည်မိန်းမတွေ့ဆုံခန်း
(၂) ရေသည်မိန်းမ၏ ကံသုံးပါးအမူအရာ ဖန်တီးပုံ

၆။ (က) အောက်ပါတို့အနက် **တစ်ခု** ကို ပေးထားသောအချက်အလက်များနှင့်အညီ စာစီကုံးပါ။ **(၁၀မှတ်)**
(၁) **မိုးသည်းသောနေ့တစ်နေ့**
နံနက်ခင်းမှစ၍ မိုးသားများအုံ့မှိုင်းလာပုံ၊ မိုးသည်းထန်စွာရွာလာပုံ၊ သက်ရှိတို့လှုပ်ရှားမှု၊သက်မဲ့မြင်ကွင်းများ၊ မိုးသည်းသောမြင်ကွင်းကြောင့် ဖြစ်ပေါ်လာသော အတွေးခံစားချက်။
(၂) **ကျန်းမာခြင်းသည် လာဘ်တစ်ပါး**
ကျန်းမာခြင်း၏ အရေးကြီးပုံ၊ ကျန်းမာရေးကို ဂရုစိုက်သင့်ပုံ၊ ကျန်းမာခြင်း၏ ကောင်းကျိုးများ၊
မကျန်းမာခြင်း၏ ဆိုးကျိုးများ၊ ကျန်းမာခြင်းနှင့်ပတ်သက်သော သင့်အတွေးအမြင်။

(ခ) အောက်ပါအဆိုများအနက် **တစ်ခု**ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေဆွေးနွေးပါ။ **(၁၀မှတ်)**
(၁) ကဗျာသည် စကားပြေထက်ပို၍ စိတ်ဝင်စားစရာကောင်းသည်။
(၂) စကားများများပြောခြင်းသည် လူမှုဆက်ဆံရေးကို ပိုမိုကောင်းမွန်စေသည်။

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိသောစာအုပ်များ

**အနော်ရထာမင်းစော**

ဒေါက်တာကျော်ဝင်း (အတွင်းရေးမှူး) မြန်မာသမိုင်းအဖွဲ့ စီစဉ်ရေးသားသည့် ပထမဦးဆုံးသော မြန်မာနိုင်ငံတည်မင်းဖြစ်သည့် အနော်ရထာမင်းစော (အနိရုဒ္ဓ) စာအုပ်ကို ပြင်ဆင် ဖြည့်စွက်ချက်များဖြင့် ဒုတိယအကြိမ် ပြန်လည်၍ စာအုပ်ထွက်ရှိလာပါသည်။

ပုဂံခေတ်မတိုင်မီ မြန်မာနိုင်ငံအကြောင်းကို သိရှိရမည့်အပြင် ပုဂံခေတ် တစ်ခေတ်ကိုစတင်ခဲ့ပြီး ပထမ မြန်မာနိုင်ငံ တည်ထောင်မင်းအဖြစ် သမိုင်းတွင်ခဲ့သည့် အနော်ရထာမင်းစောက စစ်မှန်သောဗုဒ္ဓဘာသာ သာသနာကို ရှင်သန်ကြီးထွား




ထွန်းကား ပြန့်ပွားလာစေရန် ကြိုးပမ်းရင်း နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်ရာတွင် သမိုင်းထဲမှဆောင်ရန်၊ ရှောင်ရန် သင်ခန်းစာများကို ရယူသွားနိုင်မည်ဖြစ်သည်။

စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

**အလောင်းမင်းတရား**

ဒေါ်အုန်းကြည် (အဖွဲ့ဝင်) မြန်မာသမိုင်းအဖွဲ့ စီစဉ်ရေးသားသည့် တတိယနိုင်ငံ တည်ထောင်မင်းဖြစ်သည့် အလောင်းမင်းတရား စာအုပ်ကို ဒုတိယအကြိမ် ပြန်လည်၍ စာအုပ်ထွက်ရှိလာပါသည်။

အလောင်းမင်းတရားသည် ရဲစွမ်းသတ္တိရှိခြင်း၊ အမြော်အမြင်ရှိခြင်း၊ ထက်ြွလုံ့လရှိခြင်း၊ စည်းရုံးရေးကောင်းခြင်း၊ စီမံခန့်ခွဲမှု ကျွမ်းကျင်လိမ္မာခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ ဖြစ်လိုသည်များကို မဖြစ်မနေ ကြိုးပမ်းအားထုတ်ခြင်း၊ ကြံ့ရည်ဖန်ရည်ရှိခြင်း၊ ဇွဲသတ္တိရှိခြင်းတို့ကြောင့် တတိယမြန်မာနိုင်ငံ တည်ထောင်နိုင်ခဲ့သည်ကို ဖတ်ရှုလေ့လာနိုင်ပေသည်။

စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၅၀၀ ဖြစ်ကြောင်း သိရသည်။




**ဌာနတွင်းစွမ်းရည် မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများ အတွဲ (၂)**

မြန်မာသမိုင်းကို သမိုင်းသုတေသီများသာမက သမိုင်းစိတ်ဝင်စားသူများကပါ လေ့လာသုတေသနပြုကြရာတွင် သမိုင်းပညာကို မည်သို့ပြုစုရေးသားကြရသည်ကို ကုန်းဘောင်ခေတ်မြို့သူကြီး အုပ်ချုပ်ရေးနှင့် ချင်းလူမျိုးတို့၏ ယောနယ်အတွင်း လှုပ်ရှားမှုများကို လေ့လာနိုင်သည့်အပြင် ၁၈၆၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှတ်တိုင်များအား တစ်ထိုင်တည်းဖြင့် ဖတ်ရှုလေ့လာနိုင်သည်။

စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၃၀၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာအုပ်များကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ရုံးအမှတ် (၃၅) ဖုန်း- ၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း- ၀၆၇-၄၁၈၄၂၆ နှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဖုန်း- ၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဆီဆိုင်မြို့နယ်၌ကျောင်းသုံးပစ္စည်းနှင့် စာရေးကိရိယာများ ထောက်ပံ့

**ဆီဆိုင် ဇွန် ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စု နောင်ချိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)၌ ဇွန် ၂၈ ရက်က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းနှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သီက ထောက်ပံ့လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး နောင်ချိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူ ၁၇ ဦးအတွက် Myanmar Love Package Project မှ လှူဒါန်းသော ကျောင်းသုံးကျောပိုးအိတ်နှင့် စာအုပ်၊ ဘောပင်၊ ခဲတံများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့က တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး (ဆီဆိုင်)**

## ပျဉ်းမနားမြို့နယ်၌ စာအုပ်ဈေးရောင်းပွဲနှင့် စာပေဟောပြောပွဲကျင်းပ

**ပျဉ်းမနား ဇွန် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေသခံပြည်သူများ စာပေဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ စာအုပ် ဈေးရောင်းပွဲတော်နှင့် စာပေဟောပြောပွဲအခမ်းအနားကို ယမန်နေ့က ပျဉ်းမနားမြို့နယ် လူထုဗဟိုပြုဌာန၌ ကျင်းပရာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

အဆိုပါစာပေဟောပြောပွဲတွင် စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်က အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတည်ဆောက်ကြမည် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ မျိုးမြင့်(မြန်မာစာ)က ယနေ့ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံခရီးစဉ်နှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ



**နေပြည်တော် ဇွန် ၂၉**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)ဥက္ကဋ္ဌ Mr. Peter Maurer သည် ငါးရက်တာ မြန်မာနိုင်ငံခရီးစဉ်နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Hotel Max ၌ ကျင်းပသည်။ (**ဓါတ်ပုံ**)

**ရှင်းလင်းပြောကြား**

သတင်းစာရှင်းလင်းပွဲတွင် ICRC ဥက္ကဋ္ဌ Mr. Peter Maurer က ရခိုင်ပြည်နယ် မောင်တော ဒေသအတွင်း မြေပြင်ကွင်းဆင်းတွေ့ရှိမှုအခြေအနေများနှင့် ဒေသခံ ရပ်မိရပ်ဖများ၊ အစိုးရတာဝန်ရှိသူများ နှင့် တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေများ၊ ရခိုင်ပြည်နယ်ရှိ ရပ်ရွာလူထုအသိုင်းအဝိုင်းအတွက် ICRC အနေဖြင့် ကူညီထောက်ပံ့မှုပေးရန် အဆင်သင့်ရှိနေမှု အခြေအနေများ၊ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ် အပါအဝင် ပဋိပက္ခနှင့် အကြမ်းဖက်မှုဒဏ်ခံရသူများကို ရေရှည်အကူအညီပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

**မေးမြန်းမှု ပြန်လည်ဖြေကြား**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း၊ ပြည်ပမှ မီဒီယာများ တက်ရောက်ခဲ့ကြပြီး ရောဝတီ သတင်းဌာန၏ မေးမြန်းမှုနှင့် စပ်လျဉ်း၍ ICRC ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား ကွပ်ကဲရေးမှူးအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၉**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား ကွပ်ကဲရေးမှူးအဆင့် အစည်းအဝေးကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ရှိ ဒေသကွပ်ကဲမှု ဌာနချုပ်၌ ကျင်းပရာ (**ယာပုံ**)အစည်းအဝေးသို့ ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ (BGP)မှ ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြင့်တိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၁၁ ဦးနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်(BGB)၊ ကော့ဘဇားဒေသကွပ်ကဲမှုဌာနချုပ်မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် S M Rakibullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၁၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ယခုအစည်းအဝေးသည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးအဆင့်အစည်းအဝေး သဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ နှစ်နိုင်ငံအကြား နှစ်ဖက်ညှိနှိုင်း နယ်နိမိတ်မျဉ်းတစ်လျှောက် ကင်းလှည့်မှုများ ဆက်လက်ဆောင်ရွက်ရေး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံး(BLO) ဖွင့်လှစ်နိုင်ရေး၊ ARSA အကြမ်းဖက်အဖွဲ့အစည်းနှင့် အကြမ်းဖက်သမားများ၏ သတင်းအချက်အလက်များ ဖလှယ်ရေးနှင့် စုံစမ်းဖော်ထုတ်ရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းတွင် တပ်ဆင်ထားသော CCTV ကင်မရာများ၊ လုံခြုံရေးဆိုလာမီးတိုင်များနှင့် ဘန်ကာများ တည်ဆောက်ထားရှိမှု ဖယ်ရှားပေးရေး၊ တရားခံပြေးများအား စုံစမ်းဖော်ထုတ်ဖမ်းဆီးပေးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ MoU ရေးထိုးသဘောတူထားသော နယ်စပ်ဆက်ဆံရေးရုံးဖွင့်လှစ်မည့် အဆောက်အအုံအား တက္ကနာ့ဖ်တွင် ဆောက်လုပ်ထားရှိပြီးဖြစ်ရာ ပြည်ထဲရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပါက နယ်စပ်ဆက်ဆံရေးရုံး(BLO) လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု ဖြည့်စွက်ဆွေးနွေးကာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ကွင်းဆင်းလေ့လာ

**စစ်တွေ ဇွန် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့မှ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြသည်။

သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၏ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်တံတားတို့ကို ကြည့်ရှုသတင်းရယူကြသည်။

**ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်ကြသူများအား တွေ့ဆုံ၍ သိရှိလိုသည်များ မေးမြန်းသတင်းရယူကြစဉ်။**

ဆက်လက်၍ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်ကြသူများအား တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ညနေပိုင်းတွင် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များသည် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သူရဇော်၊ ဓာတ်ပုံ-သက်လွင်စိုး(ပြန်/ဆက်)**

# နယ်စပ်ခြံစည်းရိုးများအား ဖျက်ဆီးလာသဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရ

နေပြည်တော် ဇွန် ၂၉

**မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံထားမှုအား ဖျက်ဆီးလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရကြောင်း သိရသည်။**

မောင်တောမြို့နယ် တောင်ပြို(ယာ) ရဲကင်းစခန်း၏ မြောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ တောင်ပြို(ယာ) ချောင်းပေါက်ဝအနီးရှိ မြန်မာဘက်ခြမ်း၌ ရေတိုက်စား၍ ပေ ၁၈၀ ခန့် ပျက်စီးသွားခဲ့သည့် ခြံစည်းရိုးအစား ယာယီသစ်သားတိုင်၊ သံဆူးကြိုးများဖြင့် ယာယီပြန်လည်ကာရံထားခဲ့သည်။

ဇွန် ၂၈ ရက် ညနေ ၃ နာရီခွဲတွင် တစ်ဖက်နိုင်ငံမှ လူ ၁၂ ဦးခန့်က အဆိုပါ ခြံစည်းရိုးအား လာရောက်ဖျက်ဆီးနေသည်ကိုတွေ့ရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အော်ဟစ်မောင်းထုတ်သဖြင့် ထွက်ခွာသွားခဲ့ကြသည်။

ညနေ ၆ နာရီတွင် ၎င်းတို့ ထပ်မံရောက်ရှိလာပြီး အဆိုပါ ခြံစည်းရိုးတိုင်များအား ထပ်မံဖျက်ဆီးနေသည်ကို တွေ့မြင်ရ၍ သတိပေးအော်ဟစ်ပြောဆိုရာ ထွက်ခွာသွားခြင်းမရှိဘဲ ပြန်လည်အော်ဟစ်ပြောဆိုပြီး ခြံစည်းရိုးတိုင်များအား လွှဖြင့် ဆက်လက်ဖျက်ဆီးနေသောကြောင့် ရဲအရာရှိတစ်ဦးက အမ်အေ-၁၁ ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ တစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ခြံစည်းရိုးအား သွားရောက်စစ်ဆေးခဲ့ရာ တိုင်လေးတိုင်ခန့် ပျက်စီးသွားကြောင်း တွေ့ရှိရပြီး ထပ်မံမဖြစ်ပွားစေရေး စောင့်ကြည့်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



# "ငဒူ" ရုပ်ရှင်ဇာတ်ကား တစ်နိုင်ငံလုံးတွင် ရုံတင်ပြသပြီး ဝင်ငွေတစ်စိတ်တစ်ဒေသကို မိဘမဲ့ကျောင်းများသို့ လှူဒါန်းသွားမည်

ရန်ကုန် ဇွန် ၂၉

**အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်သည့် "ငဒူ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ကျင်းပခဲ့ပြီး ယနေ့မှစ၍ မြန်မာတစ်နိုင်ငံလုံးတွင် ရုံတင်ပြသလျက်ရှိသည်။**



ငဒူ ရုပ်ရှင်ပိုစတာကို တွေ့ရစဉ်။

"ငဒူ"ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်များဖြစ်သည့် မြင့်မြတ်၊ မင်းဦး၊ ရွှေမှုန်ရတီ၊ နန်းဆုဦးတို့နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

ဒါရိုက်တာညွှန့်မြန်မာညီညီအောင်က "ငဒူ မြင့်မြတ်ဆိုတဲ့ကောင်လေးက ကျပ်မပြည့်ဘူးဆိုပေမယ့် လူကိုကူညီချင်တဲ့စိတ်ရှိတယ်။ တစ်ရွာလုံးမှာ သူရှိမှဖြစ်မယ့်ပုံစံမျိုး သူကူညီတယ်။ ဒါပေမယ့် သူကူညီလိုက်တိုင်း တလွဲတွေဖြစ်တယ်။ ရယ်စရာလေးတွေပေါ့။ ဒီနေ့ စာနယ်ဇင်းမိတ်ဆက်ပွဲမှာ ကျွန်တော်ကိုယ်တိုင်ကြည့်လိုက်တော့ မျက်ရည်ကျခဲ့ရတယ်။ လူ့ဘဝမှာ ချမ်းသာပြီးတော့ လောကကြီးအတွက် အသုံးမကျရင် အဓိပ္ပာယ်မရှိဘူး။ ငဒူ ဆိုရင် မချမ်းသာဘူး၊ ဒါပေမယ့် လူ့ဘဝမှာ အကျိုးပြုတဲ့သူတစ်ယောက်ဖြစ်တယ်။ အဲဒါလေးကို မက်ဆေ့ပေးချင်ပါတယ်။ အပြင်မှာဖြစ်နေတာကို ရုပ်ရှင်က ဖန်တီးပေးတာပါ။ ထုတ်လုပ်သူတွေက ဒီဇာတ်ကားရဲ့ဝင်ငွေတစ်စိတ်တစ်ဒေသကို မိဘမဲ့ကျောင်းတွေကို သွားလှူမှာပါ။ ဒီမှာ ရုပ်ရှင်လာကြည့်ကြတဲ့ ပရိသတ်တွေအားလုံး အလှူရှင်တွေပါပဲ။ အလှူလည်း လုပ်ရင်း ရုပ်ရှင်ကို အားပေးကြပါ"ဟု ပြောသည်။

**ကျေနပ်အားရမှုရှိ**

ဇာတ်လမ်း- ဓနုတ်ကိုကိုဇော်က "ဒီဇာတ်လမ်းလေး ရေးဖြစ်တာက မိဘမဲ့ကလေးတွေနဲ့ပတ်သက်ပြီး မက်ဆေ့လေးပေးချင်တာနဲ့ ရေးဖြစ်ခဲ့တယ်။ ငဒူဆိုတဲ့ ပုံစံလေးကို အပြင်မှာလည်း ကြုံဖူးတာရှိတယ်။ ကြုံဖူးတာနဲ့ လက်ရှိစိတ်ကူးနဲ့ ပေါင်းစပ်ပြီး လက်ရှိဖြစ်နေတာနဲ့ လျော်ညီအောင် မိဘမဲ့ကလေးတွေအကြောင်း ဖန်တီးဖြစ်ခဲ့တာပါ။ လူတိုင်းမလုပ်နိုင်တဲ့ကိစ္စတစ်ခုကို ဉာဏ်ရည်မမီတဲ့သူက အသက်ပေးပြီးတော့ ကာကွယ်ပေးနိုင်တာကို ဒီဇာတ်ကားမှာ အဓိကပြသထားပါတယ်။ ဇာတ်လမ်းလေးကို ကြည့်ရတာ ကျေနပ်အားရမှုလည်း ရှိပါတယ်။ ဒီဇာတ်လမ်းလေးက မိဘမဲ့ကလေးတွေနဲ့ပတ်သက်ပြီး အဓိကပုံဖော်ပေးတဲ့ သရုပ်ဆောင် မြင့်မြတ်နဲ့အတူ ဇာတ်လမ်းဆရာတစ်ယောက်အနေနဲ့ အားလုံးကို ကျေနပ်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ရွှေမှုန်ရတီက "ဒီဇာတ်ကားနဲ့ပတ်သက်ပြီး သိပ်ပြီးအထွေအထူးပြင်ဆင်ရတာမျိုးမရှိပါဘူး။ အဓိကကတော့ ဇာတ်ရုပ်နဲ့ပတ်သက်ပြီး လမ်းကြောင်းမလွဲအောင် သတိထားပြီး သရုပ်ဆောင်ရတာပဲရှိတာပါ။ လုပ်ယူပြီး ရယ်ရတဲ့ဟာသမျိုးမဟုတ်ဘဲ အင်မတန်ချစ်စရာကောင်းပြီး ရယ်ရတဲ့ဟာသမျိုးလေး ဖြစ်သွားတာပေါ့။ ပရိသတ်ရဲ့ လက်ခုပ်သံ၊ ပရိသတ်သဘောကျလို့ ရယ်တဲ့ အသံတွေဟာ ရွှေမှုန်တို့အတွက် အားဖြစ်စေပါတယ်။ ပြီးတော့ စိတ်မကောင်းဖြစ်လို့ ပရိသတ်အားလုံး ငြိမ်ကျသွားတဲ့အချိန်ဟာ ရွှေမှုန်တို့အတွက် အနုပညာအလုပ်တွေဆက်လုပ်ဖို့ အားတွေဖြစ်စေပါတယ်။ ပရိသတ်တစ်ယောက်အနေနဲ့ ကိုမြင့်မြတ် သရုပ်ဆောင်သွားတဲ့အပေါ်မှာ အင်မတန်မှ ရင်ထဲကိုထိပါတယ်။ ရင်ထဲနစ်နေအောင် ခံစားရပါတယ်။ ရွှေမှုန် ဒီလိုရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားကို တစ်ဖက်တစ်လမ်းကနေ ပါဝင်ကူညီခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ရွှေမှုန်က ဘယ်နေရာကနေ ပါဝင်ရပါဝင်ရဆိုပြီး စိတ်နဲ့အမြဲလုပ်ဖြစ်ပါတယ်။ အဲဒီအတွက်လည်း ရွှေမှုန်ကံကောင်းတယ်လို့ ပြောရမှာပါ။ ဒီလိုရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားမှာ ပါဝင်ခွင့်ရတာကို ကျေးဇူးတင်ပါတယ်လို့ပြောချင်ပါတယ်။ ပရိသတ်ကြီး ဒီရုပ်ရှင်ဇာတ်ကားကို လာကြည့်မယ်ဆိုရင် အရှုံးမရှိဘူးလို့ ထင်ပါတယ်။ ရင်ထဲမှာတစ်ခုခုကျန်ပြီး အနုပညာရသတစ်ခုခုကို ခံစားသွားရမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

**ထူးခြားတဲ့ရသတစ်ခု**

"ငဒူ"ရုပ်ရှင်ဇာတ်ကားမှ ဦးဖိုးကင်း (ခေါ်) သရုပ်ဆောင် ကျော်ဇေယျက "ပရိသတ်တစ်ယောက်အနေနဲ့ ငဒူရုပ်ရှင်ဇာတ်ကားကြည့်တဲ့အခါမှာ ရှေ့ပိုင်းမှာတော့ ပျော်စရာလေးတွေကို ခံစားရပြီး နောက်ပိုင်းမှာတော့ ရင်ထဲနစ်နေအောင် ခံစားရပါတယ်။ သူကြိုးကြိုးစားစားနဲ့ တကယ်လေးလေးနက်နက် လုပ်ထားတာပါ။ တချို့ စကားလုံးလေးတွေက ဇာတ်ညွှန်းမရေးဘဲနဲ့ ပြောတာလေးတွေက ပရိသတ်ရင်ထဲမှာ ထိသွားတာတော်တော်ကောင်းပါတယ်။ ပရိသတ်ရင်ထဲကို ထူးခြားတဲ့ ရသတစ်ခု ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ဇာတ်ပို့သရုပ်ဆောင် ကျော်ဇင်ထွဋ်က "ပရိသတ်ကြည့်တဲ့အခါမှာ စိုးထိတ်စရာတွေဖြစ်ပြီး ရင်ထဲကိုပို့ပေးတာရောက်တယ်လို့ကြားရတော့ ဝမ်းသာပါတယ်။ "ငဒူ" ရုပ်ရှင်ဇာတ်ကားထဲက 'နှလုံးသားကြီးပြီး ဦးနှောက်သေးတယ်' ဆိုတဲ့ စကားလေးက ကျွန်တော့်ရင်ထဲကို ထိစေပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားမှာ ရယ်ရတဲ့ဟာသအပိုင်းမှာ ဒါရိုက်တာပိုင်းရော၊ ဇာတ်ညွှန်း၊ ဇာတ်လမ်းရော၊ ကိုမြင့်မြတ်သရုပ်ဆောင်တဲ့ အပိုင်းမှာရော အားလုံးကောင်းကြပါတယ်။ ကောင်းတယ်ဆိုတာက ညစ်ညမ်းတဲ့ဟာသ တစ်ခုမှမပါဘဲ ချစ်စရာဟာသလေးဖြစ်သွားတယ်။ ဒီလိုအကွက်မျိုးလေးတွေတီထွင်နိုင်တာ ပီတိဖြစ်ပါတယ်။ ဇာတ်ကားကို လာရောက်ပြီး အားပေးကြပါ။ ကြည့်တဲ့ပရိသတ်တွေလည်း လာကြည့်ရတာတန်မှာပါ"ဟု ပြောသည်။

**ရင်ထဲကိုထိစေ**

ဇာတ်ပို့သရုပ်ဆောင် ဟိန်းမင်းက "ဒီဇာတ်ကားမှာ ကပွဲယနေရာကနေ ပါဝင်ရတယ်။ ငဒူအဖြစ် သရုပ်ဆောင် မြင့်မြတ်ကို လမ်းမှန်ရောက်အောင်၊ သူမသိတာကိုသိအောင် ကပွဲယက ညွှန်ပြပေးရတာပေါ့။ ဒီဇာတ်ကားကို ရိုက်ကတည်းက အားရကျေနပ်ပါတယ်။ ကိုယ့်ကိုတာဝန်ပေးတဲ့နေရာမှာ ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်ခဲ့ပါတယ်။ ဒီဇာတ်ကားကို ကြည့်ပြီးတဲ့အခါ ရင်ထဲမှာ တကယ်စိတ်မကောင်း ဖြစ်မိတယ်။ ဇာတ်လမ်း၊ ဇာတ်ညွှန်းကအစ အားလုံးပြည့်စုံတဲ့ ဇာတ်ကားလေးဖြစ်တယ်။ တကယ်လည်းရင်ထဲကိုထိတဲ့ ဇာတ်ကားကောင်း တစ်ကားဖြစ်တယ်။ ရွှေသောင်ယံရွာမှာ ရုပ်ရှင်ကားတစ်ကားမှ မရိုက်ကူးခဲ့ကြဘူး။ ရွာသူရွာသားတွေကလည်း အားလုံးကူညီပေးကြတယ်။ "ငဒူ"ရုပ်ရှင်ဇာတ်ကားက ပရိသတ်တွေ ကြိုက်နှစ်သက်မယ့် ဇာတ်ကားတစ်ကားလို့ ထင်မိပါတယ်"ဟု ပြောသည်။





ငဒူ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ကို တွေ့ရစဉ်။

**သတင်း- ဥမ္မာသန့်၊ မီမီဖြိုး**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၉**

၂၀၁၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စီစဉ်တင်ဆက်သည့် "တင့်တယ်လှပမှုပုံရိပ်များ ပြန်လည်ရှင်သန်ခြင်းပြပွဲနှင့် အမျိုးသမီးရေးရာအငြိမ့်" ဖျော်ဖြေပွဲကြီးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ဖျော်ဖြေမှုအစီအစဉ်တွင် တေးသီချင်းများဖျော်ဖြေခြင်း၊ ဒီဇိုင်နာ မေမြတ်ဝါဆို၏ မဒီဟန်ချီဆေးရေးပန်းချီ၊ ဒီဇိုင်နာ မျိုးမင်းစိုး၏ ခေတ်များအလိုက် သူတို့အကြိုက်၊ ဒီဇိုင်နာ မေသဥ္ဇာသိမ့်၏ တိုင်းရင်းစုံလင်ရိုးရာအဆင်၊ ပြင်ဆင်ခြယ်သရှုမဝ စသည့်ဝတ်စားဆင်ယင်ပြင်ဆင် ခြယ်သမှုများဖြင့် ပြသဖျော်ဖြေကြောင်း သိရသည်။

ထို့ပြင် တေးသီချင်းများကို အဆင့်ဆင့်လက်ဆင့်ကမ်းသယ်ဆောင်ကာ သီဆိုသည့် "သွေးသားရင်းချာ အနုပညာလက်ဆင့်သယ်ကမ်း ဂီတပန်း" အစီအစဉ်တို့အပြင် အမျိုးသမီးများအကြမ်းဖက်ခံရမှုမှ ကင်းဝေးစေရန် "အကြမ်းဖက်ဆူးမှုဝေးစေချင်" တစ်ခန်းရပ်ပြဇာတ်ဖြင့် ဖျော်ဖြေခဲ့သည်။

"အမျိုးသမီးရေးရာအငြိမ့်" ကဏ္ဍကို ဆက်လက်ဖျော်ဖြေရာ အနုပညာရှင်များဖြစ်ကြသည့် ကျော်ရဲအောင်၊ ဝေဠုကျော်၊ ကျော်ကျော်၊ ညီထွဋ်ခေါင်၊ ကြက်ဖတို့က လူရွှင်တော်များအဖြစ် ဆောင်ရွက်ကာ ဂျင်းနီနှင့် ငြိမ်းချမ်းခိုင်တို့က ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲကို ဒါရိုက်တာ ဒေါ်မြတ်မြတ်ဦး၏ စိတ်ကူးပုံဖော်မှုကို ဒေါ်ခင်လှမြင့်(ခင်မေခ)က အားဖြည့်ကူညီကာ John Lwin (Star Event Production)မှ ပံ့ပိုးကူညီကာ နိုင်ငံကျော် ရုပ်ရှင်၊သဘင်၊ ဂီတ၊ Stars & Models Int'l မှ မော်ဒယ်များနှင့် အနုပညာရှင်မြောက်မြားစွာက အားဖြည့်ကူညီပါဝင် ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများနှင့် ဥက္ကဋ္ဌတို့က ပွဲစီစဉ်သူနှင့် ပါဝင်ကူညီခဲ့သူများကို ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခဲ့သည်။

အဆိုပါဖျော်ဖြေပွဲကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က (၁၅)ကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်ပြီး အများပြည်သူကြည့်ရှုနိုင်ရန် ဇွန် ၃၀ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ဆက်လက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# အနိုင်အရှုံးအဖြေပေါ်ဖို့ခက်တဲ့ ပြင်သစ်နဲ့အာဂျင်တီးနား

**ဝင်းမြတ်**

**၃၀ ဇွန်လ ၂၀၁၈ ည ၈း၃၀ (Kazan' Arena)**



ဇွန် ၃၀ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ပွဲစဉ်တွေကို



စတင်ကျင်းပသွားမှာဖြစ်ပြီး နာမည်ကြီးအသင်းနှစ်သင်းဖြစ်တဲ့ ပြင်သစ်နဲ့ အာဂျင်တီးနားတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

### ပြင်သစ်ရဲ့အခြေအနေ

ပြင်သစ်အနေနဲ့ အုပ်စု(က)မှာ အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်တက်ရောက်လာနိုင်တာဖြစ်သလို အုပ်စုအတွင်းမှာလည်း ရှုံးပွဲမရှိခဲ့တာမှန်ပေမယ့် တိုက်စစ်ပိုင်းကတော့ အုပ်စုအတွင်းမှာ ဂိုးသွင်းယူနိုင်ဖို့ ရုန်းကန်ခဲ့ရတာကို တွေ့ရပါတယ်။ အထူးသဖြင့် ပြင်သစ်ရဲ့ လူငယ်တွေနဲ့ တည်ဆောက်ထားတဲ့ တိုက်စစ်ပိုင်းက အတွေ့အကြုံပိုင်း နုနယ်မှုတွေ ရှိနေတာကို တွေ့ရပါတယ်။

### အာဂျင်တီးနားရဲ့အခြေအနေ

အာဂျင်တီးနားကတော့ အုပ်စု(ဃ) မှာနောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတဲ့အသင်းဖြစ်ပါတယ်။ အာဂျင်တီးနားဟာ နောက်ဆုံးပွဲစဉ်မှသာ နိုင်ဂျီးရီးယားကိုခက်ခက်ခဲခဲအနိုင်ယူနိုင်ခဲ့လို့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပြီး ကွင်းလယ်ပိုင်းကစားပုံ အားနည်းမှုတွေရှိနေတာကို သတိပြုရမှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

နှစ်သင်းစလုံး အားနည်းမှုတွေရှိနေပေမယ့် ဒီပွဲစဉ်မှာ ကွာတားဖိုင်နယ်တက်ရောက်နိုင်ဖို့ အားစိုက်ကြမှာဖြစ်ပါတယ်။ အာဂျင်တီးနားက တိုက်စစ်ပိုင်းပိုကောင်းပေမယ့် ပြင်သစ်ကလည်း ကွင်းလယ်အားနဲ့ထိန်းချုပ်မှာပါ။ မိနစ် ၉၀ အတွင်း သရေကျဖို့များတယ်။

# ကွာတားဖိုင်နယ်တက်ဖို့ ရုန်းကန်ရမယ့် ပေါ်တူဂီ

**၁ ဇူလိုင်လ ၂၀၁၈ နံနက် ၀၀း၃၀ (OlimpiyskiyStadion)**



လာမယ့် ဇူလိုင် ၁ ရက် နံနက်ပိုင်းမှာလည်း ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးရဲ့ ၁၆ သင်း



အဆင့် ပွဲစဉ်တွေကို ဆက်လက်ကျင်းပမှာဖြစ်ပြီး အသင်းကောင်း နှစ်သင်းဖြစ်တဲ့ ဥရုဂွေးနဲ့ပေါ်တူဂီတို့ ဆုံတွေ့နေပါတယ်။

### ဥရုဂွေးရဲ့အခြေအနေ

ဥရုဂွေးဟာ အုပ်စု(က)မှာ အုပ်စုပထမနေရာကိုရယူနိုင်ခဲ့သလို တစ်ပွဲပြီးတစ်ပွဲခြေစွမ်းကောင်းတွေကို ရရှိလာခဲ့တဲ့အသင်းလို့ဆိုရမှာဖြစ်ပါတယ်။ အထူးသဖြင့် ဥရုဂွေးမှာ ကမ္ဘာ့အဆင့် တိုက်စစ်မှူးကောင်းတွေရှိကာ အဆိုပါကစားသမားတွေကလည်း ခြေစွမ်းကောင်းတွေရရှိနေပြီး အိမ်ရှင်ရုရှားကိုတောင် အုပ်စု နောက်ဆုံးပွဲမှာ ဂိုးပြတ်နဲ့အနိုင်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

### ပေါ်တူဂီရဲ့အခြေအနေ

ပေါ်တူဂီကတော့ အုပ်စု(ခ)မှာ အုပ်စုဒုတိယနေရာကိုသာ ရယူနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ အသင်းလိုက် စွမ်းဆောင်ရည်နဲ့ တန်ပြန်တိုက်စစ်ပိုင်းကစားပုံ ကောင်းမွန်ပေမယ့်လည်း တိုက်စစ်ပိုင်းမှာ ဂိုးရရှိရေးအတွက် ရော်နယ်ဒိုအပေါ်မှာသာ အမှီပြုလွန်းနေသလို ခံစစ်ပိုင်းကလည်း ထင်သလောက် ကျစ်လျစ်မှုမရှိတာကို တွေ့ရပါတယ်။

### သုံးသပ်ချက်

ပေါ်တူဂီဟာ ဒီပွဲမှာစဉ်မှာလည်း ကွာတားဖိုင်နယ် တက်ရောက်နိုင်ဖို့အတွက် ခံစစ်ကိုသာ အားပြုကာတန်ပြန်တိုက်စစ်နဲ့ ရင်ဆိုင်လာမှာဖြစ်ပေမယ့် တိုက်စစ်မှူးကောင်းတွေ ပေါများနေတဲ့ ဥရုဂွေးကို ထိန်းချုပ်ဖို့ခက်ပါတယ်။ ဥရုဂွေးသာ နိုင်ပွဲကပ်ရမယ်။

# MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲ အောင်လအန်ဆန်က စိန်ခေါ်သူ ကန်ဟာဆီဂါဝါအား အလဲထိုးအနိုင်ယူ

**ရန်ကုန် ဇွန် ၂၉**

စင်ကာပူအခြေစိုက် One Championship အဖွဲ့က မြန်မာနိုင်ငံတွင် သတ္တမအကြိမ်မြောက် ကျင်းပသည့် MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲတွင် လက်ရှိချန်ပီယံ မြန်မာနိုင်ငံသား ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်နှင့် စိန်ခေါ်သူ ဂျပန်နိုင်ငံသား ကန်ဟာဆီဂါဝါတို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် အောင်လအန်ဆန်က ငါးချီပြည့်ယှဉ်ပြိုင်ထိုးသတ်ကာ အနိုင်ရခဲ့သည်။

ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲတွင် အောင်လအန်ဆန်သည် ပြိုင်ပွဲမကျင်းပမီကတည်းက ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် မီဒီယာများအားယခုပွဲတွင် အိန္ဒိယဇာတ်ကားရှည်ကဲ့သို့ တစ်ဝကြီးကြည့်ရှုရအောင် ထိုးသတ်ပေးမည်ဖြစ်ကြောင်း မီဒီယာများမေးမြန်းမှုကို ဖြေကြားထားသကဲ့သို့ ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်သွားသည်။ ယခင်ပွဲများကကဲ့သို့ အမြင့်ခြေကန်ချက်များ၊ ဂျူဂျစ်ဆုနည်းများကို ယခုပြိုင်ပွဲတွင် ကစားသမားနှစ်ဦးလုံး အသုံးမပြုဘဲ လက်သီးဖြင့်သာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးသတ်ခဲ့ပြီး နောက်ဆုံးငါးချီအထိ ယှဉ်ပြိုင်ခဲ့ကာ နောက်ဆုံးအချီ ပြီးခါနီးတွင် အောင်လ အန်ဆန်က ပင့်လက်သီးဖြင့် ကန်ဟာဆီဂါဝါကို ပွဲသိမ်းပေးကာ အနိုင်ယူခဲ့သည်။ ယခုပြိုင်ပွဲတွင် မီဒီယာများအပေါ် ကန့်သတ်မှုများကြောင့် ပြည်တွင်းမီဒီယာများအခက်တွေ့ခဲ့ရကြောင်း သိရသည်။

"မြန်မာနိုင်ငံသား အောင်လ ပြိုင်ပွဲမှာပါဝင်လာလို့ ပြည်သူတွေ ဒီ MMA ပွဲကို ပိုပြီးစိတ်ဝင်စားလာတာပါ။ ဒါကို ပွဲစီစဉ်သူကလည်း သိပါတယ်။ အခုလို ပြည်သူတွေ စိတ်ဝင်စားလာအောင်လည်း မီဒီယာတွေကပဲ ရေးသားတင်ပြပေးခဲ့ကြလို့ မြန်မာနိုင်ငံမှာ အခုလိုအောင်မြင်လာတာပါ။ ဒါပေမယ့် MMA ပွဲတိုင်းလိုလိုပဲ သတင်းယူရတာ အဆင်မပြေဘူး။ အထူးသဖြင့် ဓာတ်ပုံရိုက်ကူးရာမှာလည်း ကန့်သတ်ထားတော့ သတင်းဓာတ်ပုံရဖို့ တော်တော်လေးအခက်တွေ့ရတယ်။ မီဒီယာတွေကို အပေါ့အပါးသွားတာကအစ ကန့်သတ်ထားတယ်။ ဒီမှာကျင်းပတဲ့ MMA ပွဲတိုင်းလို သတင်းယူရတာ တော်တော်လေးကို အခက်တွေ့ရတယ်"ဟု ပြည်တွင်းမီဒီယာတစ်ခုမှ သတင်းထောက်တစ်ဦးက ပြောသည်။



လက်ရှိချန်ပီယံ အောင်လအန်ဆန်နှင့် စိန်ခေါ်သူ ဂျပန်နိုင်ငံသား ကန်ဟာဆီဂါဝါတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ယနေ့ကျင်းပသော One Championship ၏ MMA ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်သော အခြားတွဲဆိုင်း အနိုင်၊ အရှုံးရလဒ်မှာ ပထမဆုံးယှဉ်ပြိုင်ထိုးသတ်သည့် ကွန်ပီတန်(ဩစတြေးလျ)နှင့် ဆန်ပါ (USA) တို့ပွဲတွင် ကွန်ပီတန်က အမှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်ဖြစ်သည့် စောမိုက်ရိုင်း (မြန်မာ)နှင့် စောဒါဝိတ်(မြန်မာ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ပထမအချီမှာပင် စောမိုက်ရိုင်းက အလဲထိုးဖြင့် လည်းကောင်း အနိုင်ရခဲ့သည်။ အလားတူ ပက်ပါရာချိုင်(ထိုင်း)နှင့် မက်ဒီဇာတော့ (ပြင်သစ်)တို့ပွဲစဉ်တွင် ပတ်ပါရာချိုင်(ထိုင်း)က အမှတ်ဖြင့် အနိုင်ရခဲ့ပြီး မီရာဒို(ဖိလစ်ပိုင်)နှင့် ကိုင်ဇာဒို (ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ကိုင်ဇာဒိုက အမှတ်ဖြင့် နိုင်ခဲ့သည်။

တစ်ဖန် ရှန်းလီ(တရုတ်)နှင့် ကွီဂျာဆိုဒါ(အာဖဂန်နစ္စတန်)တို့ပွဲတွင် ရှန်းလီ(တရုတ်)က တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး ရာမဒါ(ဂျပန်)နှင့် နူးနေ(ဘရာဇီး)တို့ပွဲ၌ တတိယအချီတွင် နူးနေ ဆေးရှုံးဖြင့် ရာမဒါကို အရှုံးပေးလိုက်ရသည်။ ဆာဂတ်ဒရို(ထိုင်း)နှင့် မာဂျဝမ်(တရုတ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် သုံးချီပြည့်သည်အထိ တစ်ဦးနှင့်တစ်ဦး အလဲထိုးယှဉ်ပြိုင်နိုင်စွမ်းမရှိ၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ ဆာဂတ်ဒရို(ထိုင်း)က အမှတ်ဖြင့် အနိုင်ရခဲ့သည်။ အလားတူ ဆာမီဆာနာ(ပြင်သစ်)နှင့် အကာဒီမီ(ထိုင်း) တို့ပွဲတွင် အမှတ်ဖြင့်ဆုံးဖြတ်ရာ အကာဒီမီက အမှတ်ဖြင့်အနိုင်ရခဲ့ပြီး လီအန်ဒိုအစ်ဆာ(ဘရာဇီး)နှင့် ရိုမန်အီဗာဇက်(ဂူအမ်) တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် လီအန်ဒိုက ပထမအချီမှာပင် ဂျူဂျစ်ဆုနည်းဖြင့် ချုပ်သိုင်းကာ အနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်သည့် ကမ္ဘာ့ဟဲဗီးဝိတ်ခါးပတ်ချန်ပီယံနှင့် မစ်ဒယ်ဝိတ်တန်းချန်ပီယံ အောင်လအန်ဆန်၏ ယခုကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကာကွယ်ပွဲအပါအဝင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော MMA ပြိုင်ပွဲခုနစ်ပွဲတွင် ခြောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သတ်ခဲ့ရာ ပွဲအားလုံး အနိုင်ရထားခဲ့ပြီး လာမည့် အောက်တိုဘာတွင်လည်း ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကာကွယ်ပွဲကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# MNL ပြိုင်ပွဲ ပွဲစဉ် (၁၈) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဇွန် ၂၉**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ကို ဇွန် ၃၀ ရက် **(ယနေ့)**တွင် စတင်ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် စတုတ္ထနေရာမှ မကွေးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။

ပွဲစဉ်(၁၈)အဖြစ် ဇွန် ၃၀ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရောဝတီအသင်း၊ Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း၊ ဇူလိုင် ၁ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် Southern အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် GFA အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်နှင့် မကွေးပွဲကို ဇွန် ၃၀ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ရန်ကုန်အသင်း၏ အိမ်ကွင်းဖြစ်သည့် YUSC မြက်ခင်းတုကွင်း မြက်ခင်းပြင်အသစ် ခင်းကျင်းထားမှုမှာ ပွဲကစားနိုင်သည့် အနေအထားမရှိသောကြောင့် ကွင်းနှင့်ရက် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ အမှတ်ပေးချန်ပီယံဆုအတွက် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ လက်ကျန်ပွဲများမှာ အရေးပါလာပြီး နှစ်သင်းစလုံး အမှားခံလို့မရသည့် အနေအထား ဖြစ်သွားခဲ့သည်။ ရန်ကုန်အသင်းသည် ထိပ်ဆုံးတွင် နှစ်မှတ်အသာဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသော်လည်း မကွေး၊ ရတနာပုံတို့နှင့် ပွဲကျပ်ဆက်တိုက်ကစားရမည်ဖြစ်ပြီး အမှတ်ပြည့်ရယူနိုင်မှသာ ထိပ်ဆုံးတွင် ဆက်လက် ဦးဆောင်နိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ GFA အသင်းနှင့်တွေ့ဆုံနေပြီး ပထမအကျော့တွင် တစ်ဂိုးစီ သရေကျခဲ့သော်လည်း လက်ရှိခြေစွမ်းအရ အမှတ်ပြည့်ရယူနိုင်ရန် မခက်ခဲပေ။ ရန်ကုန်အသင်းသည် မကွေးအသင်းကို ပထမအကျော့ ရှုံးကြွေး ပြန်ဆပ်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းတွင် တိုက်စစ်မှူး ဆယ်လာပြန်ပါနိုင်မည်ဖြစ်သော်လည်း နောက်ခံလူ မိုကာလူး ပွဲပယ်ခံထားရသောကြောင့် ခံစစ်ပိုင်းကို အပြောင်းအလဲပြုလုပ်ရဖွယ်ရှိနေသည်။ သို့သော် မိုကာလူး မပါနိုင်သောကြောင့် တိုက်စစ်တွင် နိုင်ငံခြားသားများဖြစ်သည့် ဆယ်လာနှင့်အီမန်နျူရယ်ကို တစ်ပြိုင်တည်း အသုံးပြုနိုင်မည်ဖြစ်သည်။ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့အနက် ဘယ်အသင်းခြေချော်မလဲ၊ နှစ်သင်းစလုံး အမှားအယွင်းမရှိ နိုင်ပွဲဆက်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၃၀ -၆-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၁၅ - "News Watch TV"
- ၉း၃၀ - မြစ်မခမီဒီယာ
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ ဇနီးချောများကွန်ရက် (အပိုင်း-၉ )
- ၁၃း၄၅ - ရင်ဆိုင်ကျော်လွှားအဖြူရောင် အန္တရာယ်များ

**ညပိုင်း**

- ၁၅း၁၅ - Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် Fc Vs မကွေး Fc)
- ၁၈း၃၀ - Tasty Trip
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း -၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - Big Step (Singer - La Min Kha)
- - ဟိုတုန်းက ကက်ဆက်ဇာတ်လမ်းများ (အပိုင်း-၁) "မြည်ချိုချစ်သော ကိုရင်ဩ" (စောမြတ်နီး၊ ဘလိတ်၊ စေယုနန္ဒာ၊ ချိုတေးလွင်လွင်) (ဒါရိုက်တာ- သီတာလင်း)
- - မြန်မာ ဗီဒီယိုဇာတ်လမ်း "မုန်းမိမယ်"(ပထမပိုင်း) (မြင့်မြတ်၊ ခိုင်သင်းကြည်၊ ခင်လေးနွယ်) (ဒါရိုက်တာ-မီးပွား)
- ၁၂း၀၀ - ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **ဥရုဂွေး Vs ပေါ်တူဂီ**

# တရုတ်နိုင်ငံအတွင်း ဖမ်းဆီးခံရ၍ ပြန်လည်လွှတ်မြောက်လာသော မြန်မာနိုင်ငံသားများအား လွှဲပြောင်းအပ်နှံ

**မူဆယ် ဇွန် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံဖြတ်ကျော်ဂိတ် (ရွှေနန်းတော်ဂိတ်)၌ ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက တရုတ်နိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရသော မြန်မာနိုင်ငံသားများအား ပြန်လည်လွှဲပြောင်း အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးခံရသော မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံအတွင်း နေရပ်ဒေသအသီးသီးမှဖြစ်ပြီး တရုတ်နိုင်ငံ ကျယ်ဂေါင်၊ ရွှေလီနှင့် မန်စီ အစရှိသော မြို့များသို့ ပတ်စ်ပို့စာအုပ် အနီရောင် ခုနစ်ရက်ကတ်များဖြင့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ်များ ဖြစ်သော မူဆယ်မြို့ ရွှေနန်းတော်ဂိတ်၊ ဆင်ဖြူဂိတ်၊ မန်ဝိန်းဂိတ်နှင့် အခြားတရားမဝင်သောနည်းလမ်းဖြင့်လည်း တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်အလုပ်လုပ်ကိုင်နေခြင်းဖြစ်သည်။

၎င်းတို့အား တရုတ်နိုင်ငံ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသောကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရပြီး ၎င်းတို့၏ တရားဥပဒေအရ တရားမဝင်နယ်စပ်ဖြတ်ကျော်ခြင်း၊ အလုပ်လုပ်ခြင်း၊ နေထိုင်ခြင်း အစရှိသော တရားမဝင်လုပ်ဆောင်မှုများကို တင်းကျပ်မည်ဖြစ်ကြောင်း သိရသည်။

ပြန်လည် လွှတ်မြောက်လာသော ကချင်ပြည်နယ် မိုးမောက်မြို့နေ ကိုဂမ်းဆိုင်အောင်က "ကျွန်တော်က ကချင်ပြည်နယ် ကန်ပိုက်တီမြို့ နှစ်နိုင်ငံဖြတ်ကျော်ဂိတ်ကနေ ပတ်စ်ပို့စာအုပ်အနီနဲ့ ဝင်ပြီး မန်စီက ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ နေ့စား ပန်းရန်သွားလုပ်တယ်။ အလုပ်လုပ်ပြီး လဝက်ကျော် ၁၇ ရက်လောက်ပဲရှိသေးတယ်၊ မန်စီက တရုတ်ရဲတွေ လာဖမ်းတယ်။ သူဌေး(အလုပ်ရှင်)လည်း အာမ မခံပေးဘူး။ မရွေးပေးဘူး။ ဒါနဲ့ ကျွန်တော်တို့ကို ဖမ်းချုပ်ထားတယ်။



ပြီးတော့ ကျွန်တော်တို့ရဲ့ လုပ်အားခလည်း မရသေးတော့ ပြန်ရချင်တယ်" ဟု ၎င်းကဆိုသည်။

ဇွန် ၂၈ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော မြန်မာနိုင်ငံသား စုစုပေါင်း ကျား၊ မ ၂၂၄ ဦးရှိပြီး ယခု ရက်သတ္တပတ်၌ စုစုပေါင်း ၃၂၀ ရှိခဲ့သည်။ ၎င်းတို့ကို တရုတ်နိုင်ငံ ရွှေလီမြို့ပြည်ပရေးရာဌာနမှ ဌာနခွဲမှူး မစ္စတာ ရန်တာထောင်နှင့်အဖွဲ့က လာရောက်လွှဲပြောင်းအပ်နှံရာ မူဆယ်မြို့ လူဝင်မှုကြီးကြပ်ရေးဌာန ရွှေနန်းတော်ဂိတ်ဌာနခွဲမှ ဦးစီးအရာရှိ ဦးရဲအောင်နှင့်အဖွဲ့က စိစစ်လက်ခံခဲ့သည်။ **(အပေါ်ပုံ)**

ဖမ်းဆီးခံရသူများအနေဖြင့် အချုပ်ခန်းသို့ ရောက်လျှင် ဆီးစစ်မှုခံယူရပြီး မူးယစ်ဆေးဝါး သုံးစွဲထားကြောင်း အဖြေပေါ်လျှင် တရုတ်နိုင်ငံရှိ အကျဉ်းထောင်သို့ ပို့ကာ အလုပ်ကြမ်းခိုင်းစေခဲ့ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲထားခြင်းမရှိလျှင် ယင်းအချုပ်ခန်း၌ပင် ချုပ်နှောင်ထားပြီး ပြန်လည်လွှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဂက်စ်အိုးများတင်ဆောင်လာသည့် ၂၂ ဘီးယာဉ် အရှိန်လွန်တိမ်းမှောက် ဓာတ်ငွေ့များယိုစိမ့်မှုဖြစ်ပွား၍ မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရ

**ရေတာရှည် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက် နှစ်မိုင်ခန့်အကွာ မြောက်နန်ချွန်ကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းတွင် ဇွန် ၂၉ ရက် နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က ဂက်စ်အိုးများ တင်ဆောင်လာသော ၂၂ ဘီးယာဉ် အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ဓာတ်ငွေ့များ ယိုစိမ့်မှုဖြစ်ပွားခဲ့သဖြင့် မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်း ပက်ဖျန်းပေးခဲ့ရသည်။



ဖြစ်စဉ်မှာ မိုးကျော်ဟိန်း(၂၃ နှစ်) မင်းကုန်းရပ်ကွက် ကမ်းနားလမ်း မြစ်သားမြို့နေသူ မောင်းနှင်လာသော MAN 2P/---- ၂၂ ဘီးယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၈၈/၆ နှင့် ၇ အကြားအရောက် မိုးရွာထားသည့် လမ်းပေါ်၌ အရှိန်လွန် တိမ်းမှောက်သွားပြီး ယာဉ်ပေါ်တွင် တင်ဆောင်လာသော အိမ်သုံး ဂက်စ်အိုး ၃၇၀ အနက် အချို့မှာ ကားလမ်းပေါ်သို့ လွင့်စဉ်ကျခဲ့သည်။ **(ဝဲပုံ)**

ဂက်စ်အိုးလေးလုံးမှ ဓာတ်ငွေ့များ ယိုစိမ့်ထွက်နေသည့်အတွက် ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် နှစ်စီး၊ ကေတုမတီမြို့မှ မီးသတ်ယာဉ်များဖြင့် ရေများ ပက်ဖျန်းပေးခဲ့ရသည်။ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်းနှင်သူအား ရေတာရှည်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## သံတွဲ၌ ကျပ်တစ်သောင်းတန် အတုသုံးစွဲသူအား ဖမ်းမိ

**သံတွဲ ဇွန် ၂၉**

သံတွဲမြို့ အမှတ် ၆ ရပ်ကွက် တိုးချဲ့ ၂ လမ်းနေ ဦးထွေးမောင်(ခ)မူဆာ(၇၀ နှစ်)သည် ဇွန် ၂၈ ရက်တွင် ဆိုင်ကယ်ဝယ်ယူစဉ်က ၎င်းပေးသော ငွေများမှာ အတုများဖြစ်နေကြောင်း သိရှိရပြီး ငွေအတုများကို ကိုင်ဆောင်ကာ သံတွဲမြို့ မာဃလမ်းရှိ ဦးဘာဘူလက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ် သတင်းအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်စစ်ဆေးရာ သက်သေခံ ကျပ်တစ်သောင်းတန်အတု ၁၀ ရွက်နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဦးထွေးမောင်(ခ) ဘာဘူကို သံတွဲမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

**ခရိုင် (ပြန်/ဆက်)**

## မယ်ဆိုင်မြို့ လိုဏ်ဂူအတွင်းပိတ်မိနေသည့် လူငယ် ၁၃ ဦးအား တာချီလိတ်၌ ဒုတိယမြောက်နေ့ရှာဖွေ

**တာချီလိတ် ဇွန် ၂၉**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ လိုဏ်ဂူအတွင်း ပိတ်မိနေသည့် လူငယ် ၁၃ ဦးအား ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည်ရှာဖွေတွေ့ရှိနိုင်ရေး ယင်းလိုဏ်ဂူနှင့် ဆက်စပ်နိုင်သည့် တာချီလိတ်မြို့တွင် ယနေ့ ဇွန် ၂၉ ရက်က ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာတွင် မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပုန်းထွန်ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များဖြင့် ပုန်းထွန်ရပ်ကွက်ရှိ သီရိရတနာဂူတွင် သွားရောက်ရှာဖွေခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် ယင်းလူငယ် ၁၃ ဦး ပိတ်မိနေသည့် မယ်ဆိုင်မြို့ရှိ လိုဏ်ဂူနှင့် မြန်မာနိုင်ငံ တာချီလိတ်မြို့နယ်အတွင်းမှ တောင်ကုန်းများရှိ လိုဏ်ဂူများနှင့် ဆက်စပ်နိုင်သည်ဟု ယူဆမှုကြောင့် ထိုင်းနိုင်ငံ၏ ကူညီရှာဖွေပေးနိုင်ရေး အကူအညီတောင်းခံလာမှုအရ တာချီလိတ်ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုနှင့်အတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ရှာဖွေခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**




# လယ်ဝေးမြို့နယ်၌ ဆိုင်ကယ်ခိုးယူသူများ ဖမ်းဆီးရမိ ဆက်လက်စစ်ဆေးရာ ဆိုင်ကယ်ခိုးမှု ကိုးမှု ပေါ်ပေါက်

**နေပြည်တော် ဇွန် ၂၉**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ခိုးဆိုးနှိုက်လုယက်မှုများ လျော့နည်းစေရေးအတွက် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၊ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဖုန်းမြင့်တို့၏ ညွှန်ကြားမှုနှင့်အတူ လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ညွန့်၊ စခန်းမှူး ဒုရဲမှူး အောင်ဇေယျာလင်းတို့ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဆိုင်ကယ်ကိုးစီး ခိုးယူမှုကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။



ဇွန် ၂၅ ရက် ညနေ ၄ နာရီက လယ်ဝေးမြို့ အမှတ် ၃ ရပ်ကွက်အတွင်း လူငယ်တစ်ဦး ဆိုင်ကယ်တစ်စီးကို မသင်္ကာဖွယ် လိုက်လံရောင်းချနေကြောင်း သတင်းအရ တာဝန်မှူး ဒုရဲအုပ် မျိုးသက်ဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ အမှတ် ၃ ရပ်ကွက် နယ်မြေ ၃ ချယ်ရီလမ်းပေါ်၌ သန်းထိုက်အောင်(ခ)မီးပွား (၁၈ နှစ်) ကူသပိတ်ကျေးရွာ လယ်ဝေးမြို့နယ်နေသူကို ၆ဝယ/----- ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိရပြီး ပိုင်ဆိုင်ကြောင်း အထောက်အထား ပြောဆို နိုင်ခြင်းမရှိသဖြင့် ခိုးယူလာသည်ဟု မသင်္ကာ၍ ဆက်လက်စစ်ဆေးရာ ၎င်းသည် တစ်ရွာတည်းနေ အောင်ဆန်း (ခ)ဝေဠုကျော်(၂၃ နှစ်)၊ အိုးလေး(ခ)နေလင်းကျော် (၁၉ နှစ်) တို့နှင့်အတူ လွှန်ခဲ့သော တစ်လခန့်က အေလာမြို့၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များအတွင်း စုစုပေါင်းဆိုင်ကယ်ကိုးစီးခိုးယူမှုအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့ ခိုးယူပြီး ပြန်လည်ရောင်းချထားသည့် နေရာများသို့ ဒုရဲအုပ်ထွန်းထွန်းနိုင်နှင့် အဖွဲ့က သက်သေများနှင့်အတူ ရှာဖွေပုံစံဖြင့် ပြန်လည်သိမ်းဆည်းပြီး သန်းထိုက်အောင်(ခ)မီးပွား၊ အောင်ဆန်း(ခ)ဝေဠုကျော်နှင့် အိုးလေး(ခ)နေလင်းကျော် **(အပေါ်ပုံ)** တို့ကို အမှုစဉ်အလိုက် အမှုဖွင့်၍ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ကျန်အမှုများကိုလည်း ဆက်လက်ဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အမေရိကန်အရှေ့ပိုင်းသတင်းစာတိုက်တစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ငါးဦးသေဆုံး

**ဝါရှင်တန် ဇွန် ၂၉**

အမေရိကန်နိုင်ငံအရှေ့ပိုင်း မယ်ရီလန်းပြည်နယ်မြို့တော် အန်နာပိုလစ်မြို့ရှိ ကတ်ပီတယ်ဂေဇက် ပြည်တွင်းသတင်းစာတိုက်၌ မကြာသေးမီက သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ ကတ်ပီတယ်ဂေဇက် သတင်းစာတိုက်သည် ဘာလ်တီးမိုးရှိ ဘာလ်တီးမိုးဆန်းသတင်းစာတိုက်ပိုင်ဖြစ်ကြောင်း သိရသည်။

ဒေသခံရဲတပ်ဖွဲ့က သေနတ်ပစ်ခတ်မှုကျူးလွန်ခဲ့သော သေနတ်သမားအား ဖမ်းဆီးထားပြီး စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေကြောင်း သိရသည်။ သို့သော်လည်း တရားခံ၏ ကိုယ်ရေးအချက်အလက်များကို ထုတ်ပြန်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။ သေနတ်သမားသည် ပစ်ခတ်မှုကို အုပ်စုဖြင့်မဟုတ်ဘဲ တစ်ဦးတည်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကနဦးစုံစမ်းစစ်ဆေးမှုများအရ သိရသည်။

သေနတ်သမားသည် မှန်တံခါးကိုဖြတ်ကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများသည် ၎င်းကျည်ဖြည့်နေသည်ကိုပင် ကြားခဲ့ရကြောင်း၊ ပစ်ခတ်မှုကြောင့် လူများထိမှန်ခဲ့ကြောင်း အခင်းဖြစ်ပွားသည့်နေရာတွင် ရှိနေသည့် အဆိုပါသတင်းစာတိုက်၏သတင်းထောက်တစ်ဦး ဖြစ်သူ ဖီလ်ဒါဗီးစ်က ပြောခဲ့သည်။

သေနတ်သမားသည် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ပြီးနောက် ပစ်ခတ်မှုကို ရပ်တန့်ခဲ့ကြောင်းနှင့် မည်သည့်အကြောင်းကြောင့် ရပ်တန့်ခဲ့ခြင်းကိုမူ မသိရသေးကြောင်း ၎င်းက ဆက်လက်ပြောပြခဲ့သည်။ သတင်းစာတိုက်အတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် အကြောင်းကို အမေရိကန်သမ္မတ ထရန့်အား တင်ပြခဲ့ကြောင်း အိမ်ဖြူတော် ဒုတိယ သတင်းပြန်ကြားရေး အတွင်းရေးမှူး လင်ဆေးဝေါ်တာက ပြောခဲ့သည်။

သေနတ်ပစ်ခတ်မှုအတွင်းသေဆုံး၊ ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ဝမ်းနည်းကြေကွဲကြောင်း အမေရိကန်သမ္မတ ထရန့်က ပြောကြားခဲ့ပြီး အခင်းဖြစ်ပွားရာတွင် တုံ့ပြန်ဆောင်ရွက်ပေးခဲ့သူများကိုလည်း ကျေးဇူးတင်ရှိကြောင်း ထရန့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။

**ဆင်ဟွာ**



# နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်၌ လောင်စာဆီတင်ယာဉ်မီးလောင်ပေါက်ကွဲမှုကြောင့် လူများစွာသေဆုံး

**လေဂို့စ် ဇွန် ၂၉**

နိုင်ဂျီးရီးယားနိုင်ငံ စီးပွားရေးမြို့တော်တစ်ခုဖြစ်သည့် လေဂို့စ်မြို့အဝေးပြေးလမ်းတစ်နေရာ၌ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားနေစဉ် တံတားပေါ် ၌ လောင်စာဆီတင်ယာဉ်တစ်စီး မီးလောင်ပေါက်ကွဲခဲ့ရာ လူများစွာသေဆုံးသကဲ့သို့ မော်တော်ယာဉ်အများအပြား မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

လောင်စာဆီတင်ယာဉ်သည် လေဂို့စ်မြို့အလွန် တံတားတစ်စင်းပေါ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ယာဉ်သွားလမ်းနှစ်ဖက်စလုံးတွင် ယာဉ်ကြောပိတ်ဆို့နေပြီး အခင်းဖြစ်ပွားရာတွင် မီးများငြိမ်းသတ်နိုင်ရေးနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရန် တာဝန်ရှိသူများလည်း ကြိုးပမ်းနေကြောင်း သိရသည်။



မီးလောင်သည့်အချိန်တွင် ကားများအတွင်း လူအတော်များများပိတ်မိနေခဲ့ကြောင်း မျက်မြင်တွေ့သူတစ်ဦးက ပြောခဲ့သည်။ တံတားပေါ်တွင် ယာဉ်ကြောပိတ်ဆို့သည့်အချိန် ပေါက်ကွဲခဲ့ခြင်းဖြစ်သောကြောင့် မော်တော်ယာဉ် ၆၀ မီးလောင်ခဲ့ကြောင်း သိရသည်။ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန်ကြိုးစားလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရတ်နိုင်ငံ၌ အကြမ်းဖက်သမား ၁၂ ဦးကို သေဒဏ်စီရင်ချက်ချ

**ဘဂ္ဂဒက် ဇွန် ၂၉**

အကြမ်းဖက်တိုက်ခိုက်မှုအတွက် တရားစွဲဆိုခံထားရသော အကျဉ်းသား ၁၂ ဦးကို သေဒဏ်စီရင်ခဲ့သည်။ အီရတ်ဝန်ကြီးချုပ် အဗ္ဗဒီက ၎င်းအကျဉ်းသားများအား အလျင်အမြန်သေဒဏ်စီရင်နိုင်ရေး တောင်းဆိုခဲ့သည့်အတွက် ထိုသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့က သောကြာနေ့တွင်ပြောသည်။

ထိုသို့တောင်းဆိုရခြင်းမှာ မကြာသေးခင်ကမှ အိုင်အက်စ်စစ်သွေးကြွများက လုံခြုံရေးတပ်ဖွဲ့ဝင် ရှစ်ဦးကိုပြန်ပေးဆွဲပြီး သတ်ဖြတ်ခဲ့သည့်အတွက် တုံ့ပြန်သည့်အနေဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အီရတ်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် သေဒဏ်စီရင်မှုကို ကြာသပတေးနေ့တွင် ဆောင်ရွက်ခဲ့ပြီး နောက်ဆုံးအကြိမ်အမှုရင်ဆိုင်မှုအပြီး ထိုသို့စီရင်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်မှုအရ သိရသည်။

အီရတ်နိုင်ငံအလယ်ပိုင်း ဒိုင်ရာလာနှင့် ဆာလာဟူဒင် စီရင်စုများအကြား ဆာရာရွာအနီးတွင် အိုင်အက်စ်စစ်သွေးကြွများ၏ ပြန်ပေးဆွဲခံထားရသော လုံခြုံရေးတပ်ဖွဲ့ဝင် ရှစ်ဦး အသတ်ခံထားရသည့်အလောင်းများကို ဗုဒ္ဓဟူးနေ့တွင် ပြန်လည်တွေ့ရှိခဲ့သည်။

နိုင်ငံရပ်ခြားမှအမျိုးသမီးတစ်ရာခန့်အပါအဝင် လူပေါင်း ၃၀၀ ခန့်မှာ အီရတ်၌ သေဒဏ်ချမှတ်ခြင်းခံရပြီး အိုင်အက်စ်အဖွဲ့ဝင်ရာပေါင်းများစွာတို့မှာ တစ်သက်တစ်ကျွန်းချမှတ်ခြင်းခံထားရကြောင်း တရားရေးမှတ်တမ်းများအရ သိရသည်။

အီရတ်တပ်ဖွဲ့ဝင်များသည် ကန္တာရအတွင်း တိုက်ခိုက်မှုများပြုလုပ်နေကြသော ဂျီဟတ်အုပ်စုများကို တိုက်ပွဲများဆင်နွှဲလျက်ရှိသည်။ အီရတ်နိုင်ငံတွင် သေဒဏ်ချမှတ်ခြင်း ခံရမှုများတိုးလာသည့်အတွက် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် တချို့သော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအုပ်စုများက အီရတ်တရားရုံးများတွင် တရားစီရင်မှုများမှာ ပွင့်လင်းမြင်သာမှုမရှိဟု ဝေဖန်ကြသည်။

**အေအက်ဖ်ပီ**

# မက္ကဆီကိုရွေးကောက်ပွဲအတွင်း လူပေါင်း ၁၃၂ ဦးအသတ်ခံရ

**မက္ကဆီကိုစီးတီး ဇွန် ၂၉**

မက္ကဆီကိုနိုင်ငံ၌ လာမည့်လတွင်ကျင်းပမည့်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုကာလအတွင်း နိုင်ငံရေးသမားများ၊ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများအပါအဝင် လူပေါင်း ၁၃၂ ဦးမှာ အသတ်ခံထားရသည်ဟု အစီရင်ခံစာများအရ သိရသည်။

မက္ကဆီကိုရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို ပြီးခဲ့သည့် စက်တင်ဘာလမှ စတင်ခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လ ၁ရက်နေ့တွင် မက္ကဆီကိုပြည်သူများသည် မဲပေးမှုစတင်မည်ဖြစ်ပြီး သမ္မတရွေးချယ်ကြတော့မည်ဖြစ်သည်။

လွှတ်တော် အဖွဲ့ဝင်များ၊ အခြားသောနေရာများအပါအဝင် နိုင်ငံရေးနေရာ ၃၄၀၀ အတွက် ရွေးချယ်မှုစတင်တော့မည်ဖြစ်သည်။

မက္ကဆီကိုအကြံပေး ကုမ္ပဏီမှ ထုတ်ပြန်သောအစီရင်ခံစာအရ သေဆုံးသူများထဲမှ ၄၈ ဦးမှာ ရွေးကောက်ပွဲပါဝင်မည့် ကိုယ်စားလှယ်လောင်းများဖြစ်ပြီး ၊ ကျန် ၈၄ ဦးမှာ အတိုက်အခံဘက်မှ ဖြစ်သည်ဟု ပါရှိသည်။

မတော်တဆမှုပေါင်း ၅၈၄ မှုတွင် နိုင်ငံရေးသမားများမှာ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပါ ခြိမ်းခြောက်မှုခံထားရကြောင်း ဖော်ပြထားသည်။

မက္ကဆီကိုနိုင်ငံတွင် မူးယစ်ကုန်သည်များ၏အကြမ်းဖက်မှုများ မကြာခဏဆိုသလိုဖြစ်ပွားလေ့ရှိသည်။

**အင်န်အိတ်ချ်ကေ**

# လက်ဘနွန်နိုင်ငံမှ ဆီးရီးယားဒုက္ခသည် ၄၀၀ မိမိဆန္ဒအလျောက်နေရပ်သို့ ပြန်

**ဘေရွတ် ဇွန် ၂၉**

လက်ဘနွန်နိုင်ငံတွင်ရောက်ရှိနေသော ဆီးရီးယားဒုက္ခသည် ၄၀၀ ခန့်သည် ကြာသပတေးနေ့တွင် ၎င်းတို့နေရပ်သို့ သီးသန့်ဘတ်စ်ကားများဖြင့် ပြန်သွားခဲ့ကြောင်း လက်ဘနွန်သတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် အယ်နာရှာတာတွင် ဖော်ပြထားသည်။

လွန်ခဲ့သောလကလည်း ဆီးရီးယားဒုက္ခသည် ၁၀၀၀ ဝန်းကျင်ခန့်မှာ ရှာဘတ်မှ ဂိုလန်ကုန်းမြင့်သို့ ပြန်သွားခဲ့ကြောင်း သိရသည်။ ယနေ့ နေရပ်ပြန်သွားကြသောဒုက္ခသည်များမှာ ၎င်းတို့၏သဘောဆန္ဒအလျောက်အိမ်ပြန်ကြခြင်းဖြစ်ပြီး အတင်းအကျပ် ဖိအားပေးခံရမှုများမရှိကြောင်း အာဆယ်မြို့တော်ဝန် ဘယ်ဆလီအယ် ဟူဂျက်ရီက ပြောသည်။ ဆီးရီးယားဒုက္ခသည်များအရေးမှာ လက်ဘနွန်နိုင်ငံတွင် အဓိကအကျဆုံးပြဿနာဖြစ်နေသည်။ အင်န်ဂျီအိုအဖွဲ့အစည်းတစ်ခုဖြစ်သည့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စု၏အဆိုအရ ဆီးရီးယားဒုက္ခသည် တစ်သန်းခန့်မှာ လက်ဘနွန်ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် မှတ်ပုံတင်ထားကြောင်း သိရသည်။




လက်ဘနွန်အစိုးရကမူ ၎င်းတို့နိုင်ငံအတွင်းရောက်ရှိနေသော ဆီးရီးယားဒုက္ခသည်အရေအတွက်အမှန်မှာ ၁ ဒသမ ၅ သန်းကျော်ရှိသည်ဟု ပြောသည်။ တိုင်းပြည်အတွင်း ဆီးရီးယားဒုက္ခသည်အရေအတွက် အမြောက်အမြား လက်ခံထားရှိခြင်းမှာ စိုးရိမ်ဖွယ်ရှိသည်ဟု လက်ဘနွန်နိုင်ငံရေးပါတီများမှ လှုံ့ဆော်လျက်ရှိသည်။ နိုင်ငံအတွင်းဒုက္ခသည်အများအပြားရှိနေခြင်းမှာ တိုင်းပြည်၏ စီးပွားရေးနှင့်လူမှုရေးကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟု ဆိုကြသည်။ နောက်ပိုင်းတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးမှ မိမိတို့နေရပ်သို့ပြန်လိုသော ဒုက္ခသည်များကို အားပေးကူညီလျက်ရှိပြီး ဆီးရီးယားနိုင်ငံအတွင်းရှိအဖွဲ့နှင့်ပူးပေါင်း၍လည်း နေရပ်ပြန်သူများကို အန္တရာယ်ပေးနိုင်သည့် အရာများကိုလည်း ဖယ်ရှားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

လက်ဘနွန်နိုင်ငံအတွင်း ရောက်ရှိနေသော ဆီးရီးယားဒုက္ခသည်များမှာ နေရပ်သို့ပြန်လိုကြကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ခရစ်စတိုဖီမာတင်က ပြောသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အင်ဒိုနီးရှားနိုင်ငံ အာဂန်းမီးတောင်မှ ပြာပူများမှုတ်ထုတ်၍ လေဆိပ်ပိတ်ခဲ့ရ

**ဂျကာတာ ဇွန် ၂၉**

အင်ဒိုနီးရှားနိုင်ငံ အာဂန်းမီးတောင်မှ ပြာပူများ မှုတ်ထုတ်နေသောကြောင့် ဘာလီအပန်းဖြေကျွန်းပေါ်ရှိ လေဆိပ်အား ဇွန် ၂၉ ရက်က ပိတ်ခဲ့ပြီးနောက် ခရီးသည်ပေါင်း ၇၄၀၀၀ကျော် ခရီးစဉ်များနှောင့်နှေးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါလေဆိပ်ကို ဇွန် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီမှ ညနေ ၆ နာရီအထိ ပိတ်ထားမည်ဖြစ်ကြောင်း၊ အခြေအနေများကိုလည်း လေ့လာစောင့်ကြည့်သွားမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

လေကြောင်းလိုင်းများနှင့် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဘေးကင်းလုံခြုံမှုတို့ကို ထည့်သွင်းစဉ်းစားသွားကာ လေဆိပ်ပိတ်သည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝူးနူဂရိုဟိုက ပြောခဲ့သည်။ လေဆိပ်ပိတ်ခဲ့ရခြင်းကြောင့် စုစုပေါင်း ပြည်တွင်းလေကြောင်းခရီးစဉ် ၂၃၉ ခုနှင့်နိုင်ငံတကာလေကြောင်းခရီးစဉ် ၂၀၇ ခု နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း ၎င်းက ပြောကြားခဲ့သည်။

အာဂန်းမီးတောင်သည် ဇွန် ၂၈ ရက်ကလည်း လှုပ်ရှားမှုရှိကာ ပေါက်ကွဲခဲ့သေးကြောင်း သိရသည်။ **ဆင်ဟွာ**

### မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများဖြေလျှော့ရန် တရုတ်နှင့် ရုရှားတို့၏ အဆိုတင်သွင်းမှုကို ကန်ပယ်ချ

**ဂျီနီဗာ ဇွန် ၂၉**

ကုလသမဂ္ဂအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ဖြေလျှော့ရန် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ကုလသမဂ္ဂလုံခြုံရေး ကောင်စီသို့ တင်သွင်းသော မူကြမ်းထုတ်ပြန်ချက်တစ်ခုကို အမေရိကန်နိုင်ငံက ပယ်ချလိုက်ကြောင်း သိရသည်။

အမေရိကန်အရာရှိများက အဆိုပါ ထုတ်ပြန်ချက်မူကြမ်းကို မထောက်ခံကြောင်း၊ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေး မြောက်ကိုရီးယားနိုင်ငံ၏လုပ်ဆောင်မှု အရင်ဆုံးပြရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ဆက်သွယ်မှုရှိသော သံတမန်အသိုင်းအဝိုင်းသတင်းရင်းမြစ်များအရ သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဥပဒေကြမ်းသည် တရားဝင်အဆင့်သို့ မရောက်ရှိသေးကြောင်း သိရသည်။ အဆိုပါ ဥပဒေကြမ်းတရားဝင်ဖြစ်ဖို့အရေး အနည်းဆုံးနိုင်ငံ ၁၅ နိုင်ငံက အတည်ပြုရမည်ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့သည့်ဆုံးဖြတ်ချက်များ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အဖွဲ့ဝင်နိုင်ငံများ၏ တစ်ခဲနက်ဆန္ဒမဲပေးခြင်းဖြင့် ချမှတ်ခဲ့ကြောင်း သိရသည်။ ပြုံယမ်း၏ နျူကလီးယားဖွံ့ဖြိုးမှု အစီအစဉ်နှင့် ဒုံးကျည်စမ်းသပ်မှုများ ရပ်တန့်ရန် မြောက်ကိုရီးယားနိုင်ငံကို ဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အေးခဲနေတဲ့ဆက်ဆံရေး ပြန်လည်နွေးထွေးလာပါ့မလား

❖ *တင်လင်းအောင်* ❖



မျှော်လင့်စောင့်စားနေတဲ့ အမေရိကန်သမ္မတထရန့်နဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ရဲ့ ရှားရှားပါးပါးပထမဆုံး အစည်းအဝေးကို ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမှာ ဇူလိုင် ၁၆ ရက်တွင် လုပ်မယ်လို့ ကရင်မလင်နဲ့ အိမ်ဖြူတော်တို့က ဇွန် ၂၈ ရက်က ကြေညာလိုက်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေ အနေနဲ့ ဒီလိုမျိုးတွေ့ဆုံမှုဟာ စစ်အေးကာလပြီးကတည်းက အခုမှတစ်ခါ ပထမဆုံးအကြိမ်ဖြစ်တယ်လို့လည်း သိရပါတယ်။

**မကြားစဖူးထူးကဲတဲ့ အခြေအနေ**

စစ်အေးကာလပြီးကတည်းက အနောက်နိုင်ငံတွေနဲ့ ဆက်ဆံရေးကျဆင်းလာတဲ့ ရုရှားအနေနဲ့ ပထမဆုံးအနေနဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နဲ့ တွေ့ဆုံတဲ့ကိစ္စဟာ မကြားစဖူးထူးကဲတဲ့ အခြေအနေပဲဖြစ်ပါတယ်။ ပြီးတော့လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ ပြည်တွင်းမှာ တိုက်ခိုက်မှုတွေနဲ့ ခံရကောင်း ခံရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်စုံစမ်းစစ်ဆေးရေးအဖွဲ့တွေဟာ ရွေးကောက်ပွဲတုန်းက အမေရိကန်သမ္မတဒေါ်နယ်ထရန့်ရဲ့ မဲဆွယ်စည်းရုံးရေးအဖွဲ့တွေနဲ့ ရုရှားနိုင်ငံတို့ လက်ဝါးချင်းရိုက်ထားကောင်း ရိုက်ထားနိုင်တယ်ဆိုတဲ့အချက်ကို တွေ့ရှိခဲ့လို့ပဲဖြစ်ပါတယ်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ရုရှားနိုင်ငံအနေနဲ့ ဝင်ရောက်စွက်ဖက်တယ်ဆိုပြီး အမေရိကန်နိုင်ငံနဲ့ ရုရှားနိုင်ငံရဲ့ဆက်ဆံရေးဟာ အတော်လေးအေးခဲရာကနေ အခုမှ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ ပြန်လည်တွေ့ဆုံဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

**မျက်နှာပန်းလှတဲ့ လုပ်ရပ်တွေ**

ထို့အပြင် ရုရှားနိုင်ငံရဲ့ ခရိုင်းမီးယား ကျူးကျော်တိုက်ခိုက်သိမ်းပိုက်မှုနဲ့ ယူကရိန်းအရှေ့ပိုင်းမှာရှိနေတဲ့ ခွဲထွက်ရေးသမားတွေကို ထောက်ပံ့မှု၊ ဆီးရီးယားပဋိပက္ခမှာ ဘတ်ရှာ အယ်လ်အာဆတ်အစိုးရကို ထောက်ပံ့မှုတွေဟာ အလွန်ဆိုးရွားတဲ့လုပ်ရပ်တွေဖြစ်တယ်လို့ နိုင်ငံတကာက သုံးသပ်ထားသလို အဲဒီကိစ္စတွေဟာ နိုင်ငံတကာအလယ်မှာ မျက်နှာပန်းလှတဲ့ လုပ်ရပ်တွေလည်း မဟုတ်ပါဘူး။ ဖင်လန်နိုင်ငံမှာ နောက်လကျင်းပမယ့် အမေရိကန်သမ္မတထရန့်နဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ရဲ့ ရှားရှားပါးပါး ပထမဆုံးအစည်းအဝေးမှာ နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ အမေရိကန်-ရုရှားနိုင်ငံရေးအခင်းအကျင်းနဲ့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖို့ အမြင်ချင်းဖလှယ်သွားမယ်လို့ ကရင်မလင်က ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

**နယ်ပယ်ကဏ္ဍစုံ ကိစ္စရပ်တွေအပေါ် ဆွေးနွေးသွားမယ်**

အိမ်ဖြူတော်က ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြေညာချက်မှာတော့ နှစ်နိုင်ငံခေါင်းဆောင်တွေဟာ အမျိုးမျိုးသော အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေအပေါ် ဆွေးနွေးသွားကြမယ်လို့ ဖော်ပြခဲ့ပါတယ်။ နယ်ပယ်ကဏ္ဍစုံ ကိစ္စရပ်တွေအပေါ် ဆွေးနွေးသွား မယ်လို့ အမေရိကန်သမ္မတထရန့်က အစောပိုင်းက ပြောခဲ့တာတော့ရှိပါတယ်။

"ကျွန်တော်တို့ ဆီးရီးယား အကြောင်းဆွေးနွေးကြမယ်။ ယူကရိန်းအကြောင်းလည်း ပါဝင်မယ်။ ပြီးတော့ အခြားအကြောင်းတွေအားလုံးကိုလည်း ဆွေးနွေးသွားမယ်" လို့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြောခဲ့ပါတယ်။

ပြီးတော့ ဘာတွေဖြစ်မလဲဆိုတာ ကျွန်တော်တို့ လေ့လာသွားကြမယ်။ အစည်းအဝေးမှာ ဘာတွေဖြစ်မလဲဆိုတာ အမြဲတမ်းတော့ မသိနိုင်ဘူးမဟုတ်လားလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆက်လက်ပြောခဲ့ပါတယ်။

**ကောင်းမွန်တဲ့ အကျိုးရလဒ်တွေရလာမယ်**

အစည်းအဝေးမှာ တွေ့ဆုံဆွေးနွေးခြင်းကြောင့် ကောင်းမွန်တဲ့ အကျိုးရလဒ်တွေရလာမှာပါလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောပါတယ်။

နိုင်ငံခြားရေးရာတွင် သဘောထားတင်းမာသူ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ရဲ့ အမျိုးသားလုံခြုံရေး အကြံပေး ဂျွန်ဘော်လ်တန်အနေနဲ့ မော်စကိုမှာ ရုရှားသမ္မတဗလာဒီမာပူတင်နဲ့ တွေ့ဆုံပြီးနောက် အခုလိုမျိုး ခေါင်းဆောင်နှစ်ဦးတွေ့ဆုံမယ့် သတင်းထွက်ပေါ်လာခြင်းပဲဖြစ်ပါတယ်။ အဲလို ဂျွန်ဘော်လ်တန်နဲ့ ဆွေးနွေးခဲ့တဲ့အပေါ် ရုရှားသမ္မတဗလာဒီမာပူတင်ကလည်း ကြိုဆိုခဲ့ပါတယ်။ အဆွေတော်ရဲ့ မော်စကိုခရီးစဉ်ဟာ နှစ်နိုင်ငံကြားအေးခဲနေတဲ့ အခြေအနေတွေကို ပြန်လည်နွေးထွေးစေဖို့ရာ ကောင်းမွန်တဲ့ ပထမခြေလှမ်းပါပဲလို့ ပူတင်က ပြောခဲ့ပါတယ်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်တဲ့ အနေအထားရှိတဲ့ နယ်ပယ်ကဏ္ဍတွေရှိပါတယ်။ ၂၀၁၄ ခုနှစ် ခရိုင်းမီးယားကို ကျူးကျော် တိုက်ခိုက်သိမ်းပိုက်မှုပြီးကတည်းက အမေရိကန်က ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့တာကိုတော့ အခုလာမယ့်ဆွေးနွေးပွဲမှာ ထည့်သွင်းဆွေးနွေးသွားမှာ မဟုတ်ပါဘူးလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အမျိုးသားလုံခြုံရေး အကြံပေး ဂျွန်ဘော်လ်တန်က ပြောခဲ့ပါတယ်။

**"စစ်အေးကာလပြီးကတည်းက အနောက်နိုင်ငံတွေနဲ့ ဆက်ဆံရေးကျဆင်းလာတဲ့ ရုရှားအနေနဲ့ ပထမဆုံးအနေနဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နဲ့ တွေ့ဆုံတဲ့ကိစ္စဟာ မကြားစဖူး ထူးကဲတဲ့ အခြေအနေပဲဖြစ်ပါတယ်၊ ပြီးတော့လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ ပြည်တွင်းမှာ တိုက်ခိုက်မှုတွေနဲ့ ခံရကောင်း ခံရနိုင်ပါတယ်"**

**ဖင်လန် သမ္မတက ကြိုဆို**

နှစ်နိုင်ငံတွေ့ဆုံမှုမှတစ်ဆင့် ခိုင်လုံတဲ့အကြောင်းတရားတွေ ဖြစ်ပေါ်လာမယ်လို့ နှစ်နိုင်ငံလုံးက မျှော်လင့်ထားကြပါတယ်။ အကယ်၍သူတို့နှစ်ဦးတွေ့ဆုံဆွေးနွေးပါက နှစ်နိုင်ငံလုံးအနေနဲ့ အကျိုးတရားတွေဖြစ်ထွန်းလာမယ်လို့ ထင်ကြေးပေးနေကြပါတယ်။ ပူတင်နဲ့ ထရန့်တို့ရဲ့ ကြိုတင်စီစဉ်ထားတဲ့ တွေ့ဆုံမှုကို ဖင်လန်သမ္မတက ကြိုဆိုကြောင်း ပြောခဲ့ပါတယ်။

အမေရိကန်သမ္မတထရန့်နဲ့ ပူတင်တို့ရဲ့ တွေ့ဆုံဆွေးနွေးမှုမှာ ဘယ်လိုအကြောင်းတရားတွေ ပါဝင်မလဲဆိုတာကတော့ နောက်ထပ်နှစ်ပတ်အတွင်းမှာ ဆုံးဖြတ်ရတော့မှာ ဖြစ်ပါတယ်။ သို့သော်လည်း နှစ်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ နိုင်ငံတကာအရေးကိစ္စအားလုံးကို ခြုံငုံဆွေးနွေးကြမယ်လို့ မျှော်လင့်ပါတယ်။ ဒါ့အပြင် လက်နက်ထိန်းချုပ်ရေးနဲ့ လက်နက်မပြန့်ပွားရေးကိစ္စတွေလည်း ပါဝင်မှာဖြစ်တယ်လို့ ဖင်လန် သမ္မတ ဆော်လီနီနစ်စတိုက ပြောပါတယ်။

နှစ်နိုင်ငံခေါင်းဆောင်တွေတွေ့ဆုံမှုဟာ အနည်းဆုံးတော့ နှစ်နိုင်ငံတင်းမာမှုလျော့နည်းစေမယ့်ခြေလှမ်းတွေပဲဖြစ်ပြီး လူတိုင်းစိတ်ဝင်စားမယ့်အကြောင်းတွေပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ကတည်းက သမ္မတဖြစ်လာတဲ့ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ဟာ မော်စကိုနဲ့အနောက်အုပ်စုတွေ တင်းမာမှုမြင့်တက်လာတဲ့ကြားထဲက ရုရှားသမ္မတပူတင်နဲ့ ဆက်ဆံရေးကောင်းဖို့ အစကတည်းက ဆန္ဒရှိခဲ့ပါတယ်။

**ဂျီ-၇ စက်မှုထိပ်သီးနိုင်ငံတွေ အုပ်စုထဲပြန်ဝင်ခွင့်ရမယ်**

ခရိုင်းမီးယားကို ကျူးကျော်တိုက်ခိုက်ခဲ့တဲ့အချိန်ကတည်းကစပြီး အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းခြင်းခံလိုက်ရတဲ့ ရုရှားနိုင်ငံဟာ ဂျီ-၇ စက်မှုထိပ်သီးနိုင်ငံတွေ အုပ်စုထဲ ပြန်ဝင်ခွင့်ရမယ်လို့ မျှော်လင့်ရပါတယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့ပါတယ်။

သမ္မတဒေါ်နယ်ထရန့်နဲ့ ဂျီ-၇အုပ်စုဝင်စက်မှုထိပ်သီးနိုင်ငံတွေ သဘောထားတင်းမာစွာနဲ့ အစည်းအဝေးကို အဆုံးသတ်ပြီးနောက်မှာ သမ္မတဒေါ်နယ်ထရန့်က အဲလိုမှတ်ချက်ပြု ပြောကြားခဲ့တာဖြစ်ပါတယ်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်နဲ့ ပူတင်တို့ရဲ့ နောက်ဆုံးတွေ့ဆုံမှုတစ်ခုကိုတော့ လွန်ခဲ့တဲ့ ၂၀၁၇ခုနှစ် ဗီယက်နမ်နိုင်ငံမှာ ကျင်းပတဲ့ အေပက်စ်အစည်းအဝေးမှာပြုလုပ်ခဲ့တယ်လို့သိရပါတယ်။ လွန်ခဲ့တဲ့မတ်လကလည်း သမ္မတဒေါ်နယ်ထရန့်နဲ့ ပူတင်တို့ဟာ တစ်ဖက်နဲ့တစ်ဖက် ဖုန်းနဲ့ ဆက်သွယ်ပြီး နှစ်နိုင်ငံအစည်းအဝေးတစ်ခုပြုလုပ်ဖို့ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

**ဝေဖန်မှုတွေပြုခဲ့**

တစ်ခါတုန်းက အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ သူ့ရဲ့ဝန်ထမ်းတွေပေးတဲ့အကြံကိုလက်မခံဘဲ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံခဲ့ရတဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ဝမ်းသာဂုဏ်ယူကြောင်း သတင်းစကားတောင် ပါးလိုက်ပါသေးတယ်။ အဲလို သတင်းစကားပါးလိုက်တာနဲ့ ပတ်သက်ပြီး စောင့်ကြည့်ဝေဖန်သူတွေက အမေရိကန်သမ္မတဒေါ်နယ်ထရန့်ကို ဝေဖန်မှုတွေပြုခဲ့ကြပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေနဲ့ ရုရှားသမ္မတပူတင်ကိုတောင် အစည်းအဝေးကိစ္စဆွေးနွေးဖို့ အိမ်ဖြူတော်ကို ဖိတ်ကြားခဲ့တယ်လို့ ရုရှားက ပြောခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ဘုရင်မကြီးအဲလစ်ဇဘတ်-၂ နဲ့ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတို့နဲ့ မတွေ့ခင် ဇူလိုင် ၁၁ ရက်နဲ့ ၁၂ ရက်မှာ ဘရပ်ဆဲလ်ရှိ နေတိုးအစည်းအဝေးကို တက်ရောက်မှာ ဖြစ်ပါတယ်။ ဇူလိုင် ၁၃ ရက်မှာတော့ ဘုရင်မကြီးအဲလစ်ဇဘတ်-၂ နဲ့ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတို့နဲ့တွေ့ဆုံမှာ ဖြစ်တယ်လို့ သိရပါတယ်။

**စိတ်ဝင်တစားစောင့်ကြည့်နေ**

မည်သို့ပင်ဆိုစေ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ရဲ့ တွေ့ဆုံမှုကို နိုင်ငံတကာက စိတ်ဝင်တစားစောင့်ကြည့်နေတယ်ဆိုတာကိုတော့ မငြင်းနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်နိုင်ငံဟာ စစ်အေးလွန်ကာလကတည်းက မျက်နှာချင်းဆိုင်ရမှာကို ဝန်လေးတဲ့နိုင်ငံတွေဖြစ်သလို အဆီအငေါ် အပေါက်အလမ်းမတည့်တဲ့ နိုင်ငံတွေဖြစ်ကြပါတယ်။ ဒီကြားထဲ အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ရုရှားက ကြားဝင်ရှုပ်တယ်ဆိုတဲ့ သတင်းကလည်း ကြားနေရတော့ ဘယ်နည်းနဲ့မှ အစည်းအဝေးမလုပ်နိုင်ဘူးလို့ ထင်နေတဲ့နိုင်ငံတွေ အခုမှ အစည်းအဝေးလုပ်တယ် ဆိုတော့ ဘာတွေဖြစ်မလဲ၊ ဘယ်လိုမူဝါဒတွေ ချမှတ်မလဲ၊ ဘယ်ကဏ္ဍတွေမှာ ပူးပေါင်းကြမလဲ၊ ဘယ်လိုကိစ္စတွေဖြစ်လာမလဲဆိုတာ အားလုံးက စိတ်ဝင်စားနေကြတာ ဖြစ်ပါတယ်။

ရှေ့လာမယ့် တကယ့်နှစ်နိုင်ငံ အစည်းအဝေးမှာ ဘာတွေဆက်ဖြစ်လာမလဲ ဆိုတာကတော့ ဆက်လက်စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# ထိုင်းနိုင်ငံတွင် ကျင်းပမည့် Miss Teen International 2018 သို့ မှူးထိပ်ထား သွားရောက်ယှဉ်ပြိုင်မည်



Miss Teen International Myanmar 2018 Winner ဆုရှင် မှူးထိပ်ထားအား စာနယ်ဇင်းမိတ်ဆက်ပွဲကို ဇွန် ၂၇ ရက် ညနေ ၃ နာရီက City Star Hotel ၌ ကျင်းပသည်။

အဆိုပါ မိတ်ဆက်ပွဲတွင် Miss Teen International Myanmar 2018 Winner ဆုရှင် မှူးထိပ်ထားက "ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ သွားရောက်ယှဉ်ပြိုင်မှာပါ။ ပြိုင်ပွဲကတော့ ဇူလိုင် ၂ ရက်မှာ ပြိုင်ပွဲကြီး နောက်ဆုံးယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ်လည်းဖြစ်တော့ အများကြီးတော့ သင်ယူလေ့လာထားပါတယ်။ အခက်အခဲတွေလည်း အများကြီးရှိတယ်ဆိုတာ သိလာရတယ်။ ဒါပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတော့ ရှိထားပါတယ်။ နိုင်ငံကိုယ်စားပြု အလှမယ်အဖြစ်ဆိုတော့ တာဝန်လည်းကြီးတယ်။ ကိုယ့်နိုင်ငံဂုဏ်ဆောင်သူလည်း ဖြစ်ချင်ပါတယ်" ဟု ပြောသည်။

ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၃၆ နိုင်ငံရှိပြီး ပြိုင်ပွဲတွင် မြန်မာအလှမယ်က ဒီဇိုင်နာ ပိုင်ပိုင်နှင့် ဟီရိုတို့ထံမှ ဝတ်စုံများဖြင့် အကောင်းဆုံးယှဉ်ပြိုင်မည်ဟု သိရသည်။

ပြည်တွင်း ပြည်ပ မည်သည့်ပြိုင်ပွဲမှ ယှဉ်ပြိုင်ဖူးခြင်းမရှိသည့်အတွက် စိုးရိမ်စိတ် အနည်းငယ်ဖြစ်သော်လည်း အသေအချာ ပြင်ဆင်သွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။ "ပြိုင်ဖြစ်တာက ကျွန်မက တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း မထွက်သေးတဲ့အချိန် မိဘတွေနဲ့တိုင်ပင်ပြီး ဝင်ပြိုင်ဖြစ်တာပါ။ ဝါသနာလည်းပါတဲ့အတွက် လျှောက်လွှာတင်ခဲ့တာပါ။ အခုသွားပြိုင်မယ့်ပြိုင်ပွဲမှာ Talent ကတော့ မြန်မာဆိုတာလေး သိသွားအောင် ထူးထူးခြားခြားလေး ပြင်ဆင်ထားတယ်။ ပြင်ဆင်တဲ့နေရာမှာလည်း မြန်မာ့ယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

"မော်ဒယ်လ်တစ်ယောက်ဖြစ်ဖို့ဆိုတာ အများကြီး ခက်ခဲမှုတွေ ရှိပါတယ်။ ဘယ်နေရာမှာမဆို အောင်မြင်ဖို့ဆိုရင် ကြိုးစားမှုကလည်း အပြည့်ထားရမယ်လို့ ကျွန်မထင်ပါတယ်။ ပြိုင်ပွဲအတွက်ကတော့ ယုံကြည်မှု ၁၀၀ ရာခိုင်နှုန်းရှိတယ်။ ဆုရဖို့ မျှော်လင့်ထားတယ်" ဟု မှူးထိပ်ထားက ဆိုသည်။

**ကိုလင်း**

"ပထမဆုံးအကြိမ်လည်းဖြစ်တော့ အများကြီးတော့ သင်ယူလေ့လာထားပါတယ်။ အခက်အခဲတွေလည်း အများကြီးရှိတယ်ဆိုတာ သိလာရတယ်။ ဒါပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတော့ ရှိထားပါတယ်။ နိုင်ငံကိုယ်စားပြု အလှမယ်အဖြစ်ဆိုတော့ တာဝန်လည်းကြီးတယ်။ ကိုယ့်နိုင်ငံဂုဏ်ဆောင်သူလည်း ဖြစ်ချင်ပါတယ်"




# ဖန်ပုလင်းကွဲများပေါ်တွင် လျှောက်လှမ်းကပြမည့် သဲသဲ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၇ ရက်တွင် ကျင်းပမည့် Miss International Kids 2018 ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အသက် ၁၃ နှစ်အရွယ် သဲသဲ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲအတွင်း Talent Show တွင် ပုလင်းကွဲများအပေါ် ကပြဖျော်ဖြေသည့် အစီအစဉ်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"သမီးက မန္တလေးမြို့ကပါ။ အဌမတန်းကျောင်းသူတစ်ဦးလည်း ဖြစ်ပါတယ်။ အသက်က ၁၃ နှစ်ရှိပါပြီ။ ဒီပြိုင်ပွဲကို ပြိုင်ဖြစ်တာက ဆရာ ဂျွန်လွင် ဦးစီးတဲ့ Stars & Models က ဒီလို ပြိုင်ပွဲကျင်းပဖို့ရှိတာကို သိရပြီး ဝင်ပြိုင်ဖြစ်တာပါ။ International Kids Of the Year 2018 ပြိုင်ပွဲပါ။ ပြိုင်တဲ့အခါ သမီးရွေးချယ်ခံရတယ်။ ဒါကြောင့် အခုလို သွားရောက်ယှဉ်ပြိုင်ခွင့်ရပါတယ်။ အဓိက သမီးပြသချင်တဲ့ အရာကတော့ အသက် ၁၀ နှစ်ကတည်းက ကပြခဲ့တဲ့ ပုလင်းကွဲပေါ်မှာ နင်းပြီးကရတဲ့ ကကွက်လေးတွေကို ကပြဖို့ရှိပါတယ်။ အရင်ကတော့ ပုလင်းကွဲပေါ် လမ်းလျှောက်တာမျိုးလောက်ပဲ လုပ်တာပါ" ဟု သဲသဲက ပြောသည်။

အသက် ၁၀ နှစ်ဝန်းကျင် ကတည်းက ယခုကဲ့သို့ ကပြခြင်း ဖြစ်ပြီး အချို့မှာ ဆေးစိမ်ထားခြင်း၊ ရေနွေးဖြင့် ပြုတ်ထားခြင်းဖြစ်မည်ဟု ဝေဖန်ကြခြင်းကြောင့် ချက်ချင်းခဲ့ ချက်ချင်းက အဖြစ် ဖျော်ဖြေ

မန္တလေး နန်းတွင်းမှ ဆရာဦးဇေယျာအကနှင့် ပေါင်းစပ်သင်ကြားထားခြင်းဖြစ်ပြီး ပုလင်းကွဲအပေါ် ကပြသည့်အခါ ပွဲရှင်ကို ပုလင်းအလုံး ၅၀ ဝန်းကျင် ကုန်ကျစေကာ အများရှေ့မှာတင် ပုလင်းများအားခွဲကာ ကပြဖျော်ဖြေခြင်းဖြစ်သည်။

အသက် ၁၀ နှစ်ဝန်းကျင်ကတည်းက ယခုကဲ့သို့ ကပြခြင်းဖြစ်ပြီး အချို့မှာ ဆေးစိမ်ထားခြင်း၊ ရေနွေးဖြင့်ပြုတ်ထားခြင်းဖြစ်မည်ဟု ဝေဖန်ကြခြင်းကြောင့် ချက်ချင်းခဲ့ ချက်ချင်းက အဖြစ် ဖျော်ဖြေကြောင်း သိရသည်။

ယခုကဲ့သို့ ဖျော်ဖြေခြင်းကို မိဘများကလည်း စိုးရိမ်ကြောင်း၊ သို့သော် လေ့ကျင့်သားကျနေပြီဖြစ်သဖြင့် ခံနိုင်ရည်များစွာ ရှိကြောင်း သဲသဲက ပြောသည်။

**ကိုလင်း**

# မိခင်တစ်ယောက်၏ မေတ္တာကို အခြေခံထားသော ဇာတ်ကား ရိုက်ကူးမည့် မိတ်ကပ်ပညာရှင် ခင်စန်းဝင်း



"ခင်စန်းဝင်းနှင့် သူ၏ချစ်သူများ"၊ "တစ်နေ့မှာ မောင့်ကို ဒီအကြောင်းတွေ ပြောပြရဦးမယ်" စသည့် ဇာတ်ကားနှစ်ကားရိုက်ကူးခဲ့ပြီး ပရိသတ်များ အားပေးမှုကြောင့် တတိယမြောက်ဇာတ်ကားကို ယခုနှစ် စက်တင်ဘာလတွင် ရိုက်ကူးမည်ဖြစ်သည်။

"အခု စက်တင်ဘာလ နောက်ဆုံးပတ်မှာ ရိုက်မယ့်ဇာတ်ကားက အရင်ကရိုက်ခဲ့တဲ့ ဇာတ်ကားတွေနဲ့ ကွာခြားသွားတာ တွေ့ရမှာပါ။ အရင်တုန်းက ချစ်သူအဖြစ်နဲ့ လက်တွဲခဲ့တဲ့ အကြောင်းလေးတွေ ရိုက်ခဲ့တာပါ။ အခုဇာတ်ကားက မိခင်တစ်ယောက်ရဲ့ မေတ္တာကို ဖော်ကျူးထားတဲ့ ဇာတ်လမ်းလေးပါ။ သရုပ်ဆောင်ကတော့ ကိုဂျွန်လွင် Stars & Models က တက်သစ်စ ကလေးတစ်ယောက်ပါပဲ။ ဇာတ်လမ်းပုံစံက မွေးကင်းစအရွယ်ကတည်းက ကိုယ့်ဝမ်းနဲ့ မလွယ်ခဲ့ရပေမယ့် မွေးစားခဲ့တဲ့ သားဇာတ်လမ်းလေးပါ။ ဒီလိုဇာတ်လမ်းမျိုးကို ကိုယ်တိုင်ကလည်း ခံစားရတယ်။ မိန်းမလျာ တစ်ယောက်ဖြစ်နေတဲ့ ဘဝဆိုပေမယ့် ကိုယ့်သွေးသားအဖြစ် ကလေးတွေကို သားသမီးတွေလို ချစ်ခင်မြတ်နိုးတဲ့ စိတ်တွေရှိပါတယ်။ ဒါကြောင့် ဒီဇာတ်ကားလေးကို ရိုက်ကူးဖြစ်တာ" ဟု ခင်စန်းဝင်းက ပြောသည်။

အဆိုပါ ဇာတ်ရုပ်မျိုးသည် အပြင်လူမှုနယ်ပယ်တွင် ပတ်ဝန်းကျင်၏ သက်ရောက်တုံ့ပြန်မှုများ ပြင်းထန်နိုင်သော်လည်း ယနေ့ခေတ်အခြေအနေအရ ခေတ်ပညာတတ်လူ့အသိုင်းအဝိုင်းက မိမိတို့အပေါ်စာနာနားလည်ပေးနိုင်မည်ဟု ယုံကြည်ပြီး အသိအမြင်နည်းသူအဖို့ ဆန့်ကျင်ဘက်သာတွေး၍ တိုက်ခိုက်တုံ့ပြန်မှုများလည်း ကြုံရနိုင်ကြောင်း ၎င်းက ပြောသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

### ဂျွန်နီဒပ်၏သား ဆိုးရွားသည့် ကျန်းမာရေးပြဿနာနှင့် ရင်ဆိုင်နေရ

မင်းသားဂျွန်နီဒပ်နှင့် ဗင်နက်ဆာပါရာဒိုက်စ်တို့ရဲ့သား ဂျက်ဟာ ဆိုးရွားတဲ့ကျန်းမာရေးပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ အဲဒီအတွက်မိခင်ဖြစ်သူ ဗင်နက်ဆာဟာ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ရုပ်ရှင်ပြသတဲ့ပွဲနဲ့ လွဲချော်ခဲ့ရပါတယ်။ အင်္ဂါနေ့က ပါရီမှာရုံတင်ခဲ့တဲ့ Knife+Heart ဆိုတဲ့ဇာတ်ကားရုံတင်ပွဲကို မသွားလိုက်ရပါဘူး။ အဲဒီဇာတ်ကားရဲ့ ဒါရိုက်တာ ယန်ဂွန်ဇယ်ကတော့ ဂျွန်နီဒပ်တို့ရဲ့ ၁၆နှစ် အရွယ်ရှိတဲ့သား နေမကောင်းဖြစ်ရတာ သတင်းဆိုးတစ်ခုကို ကြားလိုက်ရတာပါပဲလို့ ပြောပါတယ်။

"ဗင်နက်ဆာဟာ သူ့သားနေမကောင်းတဲ့အတွက် ကျွန်တော်တို့နဲ့အတူ ရုပ်ရှင်ပထမဦးဆုံးပွဲကို မလာခဲ့နိုင်ပါဘူး"လို့ဒါရိုက်တာယန်က ပြောပါတယ်။ ဂျွန်နီဒပ်နဲ့ ဗင်နက်ဆာတို့ဟာ ၁၉၉၈ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိအတူတွဲခဲ့ကြပြီး သူတို့နှစ်ဦးမှာ ၁၆ နှစ်အရွယ် သားဖြစ်သူဂျက်နဲ့ အသက် ၁၉ နှစ်အရွယ်လီလီရိုစ်လို့ခေါ်တဲ့ သမီးတစ်ဦးရှိပါတယ်။

ဟောလိဝုဒ်စတားစုံတွဲဟာ သူတို့ရဲ့သားဖြစ်သူရဲ့ကျန်းမာရေးကိုဘယ်တုန်းကမှ လူသိရှင်ကြားထုတ်ပြောတာမျိုး မရှိပါဘူး။ ဂျွန်နီဒပ်ကလည်း လက်ရှိမှာ သူ့ရဲ့ဂီတအဖွဲ့ဖြစ်တဲ့ Hollywood Vampires နှင့်အတူ နယ်လှည့်ဖျော်ဖြေပွဲတွေလုပ်နေပေမယ့် သားဖြစ်သူရဲ့ကျန်းမာရေးအခြေအနေကြောင့် သူ့ရဲ့ပွဲတွေကို ရပ်နားထားပါတယ်။

ဟောလိဝုဒ်လိုက်ဖ်



### အဘိုးဖြစ်သူသေဆုံးမှုအတွက် ခံစားချက်တွေ ထုတ်ဖော်ခဲ့တဲ့ ပဲရစ်ဂျက်ဆင်

ပဲရစ်ဂျက်ဆင်က သူ့ရဲ့အဘိုးဖြစ်သူဟာ သူတွေ့ဖူးသမျှထဲမှာ အကြံ့ခိုင်ဆုံးလူသားပဲလို့ချီးကျူးစကားပြောလိုက်ပါတယ်။ ပဲရစ်ဂျက်ဆင်ရဲ့အဘိုး၊ မိုက်ကယ်ဂျက်ဆင်ရဲ့အဖေဖြစ်သူ ဂျိုးလ်ဂျက်ဆင်ဟာ ဗုဒ္ဓဟူးနေ့ကပဲ ကွယ်လွန်သွားပြီဖြစ်တယ်။ အသက် ၉၈ နှစ်အရွယ်မှာ သေဆုံးခဲ့တာဖြစ်တယ်။ ပဲရစ်ဟာအဘိုးဖြစ်သူနဲ့ လက်ချင်းတွဲပြီးရိုက်ထားတဲ့ပုံကို အင်စတာဂရမ်ပေါ် တင်ခဲ့ပါတယ်။ သူဟာ ချီးကျူးဂုဏ်ပြုထိုက်ဆုံးပုဂ္ဂိုလ်လို့လည်း ပဲရစ်က ပြောလိုက်ပါတယ်။

ဂျိုးလ်ဟာ သူ့ကလေးတွေနဲ့မိသားစုတီးဝိုင်းစထောင်တော့ မိုက်ကယ်ဂျက်ဆင်ဟာ ငါးနှစ်သားပဲ ရှိပါသေးတယ်။ စည်းကမ်းတင်းတဲ့အဖေလို့ နာမည်ကျော်တဲ့ ဂျိုးလ်ဟာ တစ်နေ့မှာ ၃ နာရီလောက်ကလေးတွေကို အစမ်းလေ့ကျင့်ခိုင်းပါတယ်။ ၁၉၉၃ ခုနှစ်တုန်းကအော်ပရာဝင်းဖရေးနဲ့ အင်တာဗျူးမှာ ဖခင်ရဲ့ရိုက်နှက်မှုကိုခံရလို့ အဖေ့ကိုမြင်ရင်တောင် လန့်ပြီးဖျားတယ်လို့ မိုက်ကယ်ဂျက်ဆင်ကဖြေခဲ့ဖူးပါတယ်။

ဒါပေမယ့် ဂျိုးလ်ကတော့ သူဟာကလေးတွေကို ရိုက်နှက်ခြင်းမရှိဘူးလို့ ငြင်းပါတယ်။ မြေးဖြစ်သူ ပဲရစ်ကတော့ အဘိုးနဲ့အမြဲလိုလိုနီးနီးကပ်ကပ်ရှိနေသူပါ။ အဘိုးအတွက် ဂုဏ်ယူသလို အဘိုးရဲ့မြေးဖြစ်ရတဲ့အတွက်လည်း ဂုဏ်ယူတယ်လို့ပဲရစ်က ပြောပါတယ်။ ငြိမ်းငြိမ်းချမ်းချမ်းအနားယူပါ။ မကြာခင်အိပ်မက်ထဲမှာ တွေ့ဆုံမယ်လို့ ပြောပြီး ပဲရစ်ဟာ သူ့အဘိုးအတွက်ဂုဏ်ပြုစကားကို နိဂုံးချုပ်ခဲ့ပါတယ်။

ဟောလိဝုဒ်လိုက်ဖ်

ဖြိုး





# အဓိပ္ပာယ်အကျဉ်းအကျယ်နှင့် အဆက်အစပ်

မောင်ခင်မင်(ဓနုဖြူ)

"ဘဘကို မေးစရာတစ်ခုပေါ်လာလို့ပါ ဘဘ"

"သြော်... သမီး နယ်ပြန်သွားပြီထင်နေတာ၊ မပြန်သေးဘူးကိုး၊ ကဲ... မေးပါဗျာ၊ ဘာပါလိမ့်"

"သမီးရန်ကုန်ပြန်မလာခင် ကျောင်းကအစည်းအဝေးတစ်ခုမှာ ဆရာများအကြောင်းပြောကြရင်း အစည်းအဝေးလာတက်တဲ့ ဧည့်သည်တစ်ယောက်က ထပြောတယ်၊ ဆရာများနေ့ဆိုတော့ ဆရာမတွေ မပါသလို ဖြစ်နေပါတယ်-တဲ့၊ ဆရာမတွေကို အလေးမထားရာရောက်မနေဘူးလား...တဲ့"

"သြော်... အဲဒီတော့"

"အဲဒီတော့ ဆရာကြီးတစ်ယောက်က ရှင်းပြပါတယ် ဘဘ၊ ဆရာဆိုတဲ့စကားဟာ သင်ကြားပြသတဲ့သူလို့ အဓိပ္ပာယ်ရတာမို့ ဆရာရော ဆရာမရော အကျုံးဝင်ပါတယ်...တဲ့၊ ဒါပေမယ့် စောစောက ပြောတဲ့ဧည့်သည်က သိပ်ကျေလည်ပုံမရဘူး၊ အဲဒါ သတိရလို့ပါ ဘဘ"

"ဟုတ်ပါပြီ၊ သမီးက ဘယ်လိုထင်သလဲ"

"သမီးက ဆရာကြီးရှင်းပြသလိုပဲ၊ 'ဆရာ' ဆိုတာ ဆရာရော ဆရာမရော ခြုံပြီး သုံးတဲ့ စကားလို့ ထင်ပါတယ်၊ ဒါပေမယ့် ဆရာ ဆရာမလို့ ခွဲပြောလို့လည်း ရတာမို့ အဲဒီလို ခွဲရင်တော့ ဆရာဆိုတာ အမျိုးသားဆရာတွေကိုပဲ ဆိုလိုတယ်လို့ ထင်ပါတယ် ဘဘ၊ သမီးထင်သလို ဟုတ်လား မဟုတ်ဘူးလား ကွဲကွဲပြားပြားသိချင်လို့ပါ"

"ဟုတ်တာပေါ့သမီးရယ်၊ သမီးက သဘောပေါက်ပြီးသားပဲဟာ၊ ဒီစကားလုံးက သုံးတဲ့ အဆက်အစပ်ကိုလိုက်ပြီး ဆရာ ဆရာမအားလုံး ဆိုတဲ့အဓိပ္ပာယ်ရနိုင်သလို အမျိုးသားဆရာတွေဆိုတဲ့ အဓိပ္ပာယ်လည်း ရနိုင်တာပေါ့၊ 'ဆရာများနေ့' ဆိုတာ ဆရာ ဆရာမများအားလုံးကို ရည်ညွှန်းတဲ့ အဓိပ္ပာယ်နဲ့ သုံးတာပါ၊ ဆရာများနေ့မှာ ဆရာဆရာမများ တက်ရောက်ကြပါတယ်လို့ သုံးရင်တော့ ဒုတိယဆရာက အမျိုးသားတွေကိုပဲ ရည်ညွှန်းတာဆိုတာ ရှေ့နောက်စကားအဆက်အစပ်အရ သိနိုင်တာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ၊ အဲဒီလို တခြားစကားလုံးတွေလည်း ရှိမှာပေါ့နော် ဘဘ"

"ရှိတာပေါ့၊ 'ကျောင်းသား' ဆိုတဲ့ စကားလုံးကိုလည်း အဲဒီလို အဓိပ္ပာယ်နှစ်မျိုးသုံးနိုင်တယ်လေ၊ 'ကျောင်းသား၊ ဆရာ၊ မိဘ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်' လို့သုံးရင် အဲဒီ 'ကျောင်းသား'က ဘယ်လိုအဓိပ္ပာယ်လဲ"

"ယောကျ်ားလေးရော၊ မိန်းကလေးရော ကျောင်းတက်နေတဲ့သူအားလုံးကို ဆိုလိုတာပါ ဘဘ"

"ဟုတ်ပါပြီ၊ ကျောင်းသားတွေက ကျောင်းသူတွေကို မောင်နှမလိုသဘောထားရမယ်လို့ သုံးရင်ကော"

"ကျောင်းသားနဲ့ ကျောင်းသူ ခွဲသုံးတဲ့အတွက် ကျောင်းသားဆိုတာ ယောကျ်ားကလေးတွေကိုပဲ ဆိုလိုတာပါ ဘဘ၊ မိန်းကလေးတွေ မပါပါဘူး"

"ဟုတ်ပါပြီ၊ 'အမျိုးသား'လည်း အဲဒီသဘောပဲပေါ့၊ အမျိုးသားနေ့တို့၊ အမျိုးသား စိတ်ဓာတ်တို့၊ အမျိုးသားစာပေဆုတို့ဆိုတဲ့ အသုံးတွေမှာ အမျိုးသားဆိုတာ နိုင်ငံအတွင်းမှာ ရှေးအစဉ်အဆက်ကစပြီး အတူတူနေထိုင်လာကြတဲ့သူ အားလုံးကို ဆိုလိုတာ မဟုတ်လား၊ ဒီအဓိပ္ပာယ်က အားလုံးကိုခြုံပြီး ရည်ညွှန်းတဲ့အဓိပ္ပာယ်မို့ အကျယ်ပြန့်ဆုံးပေါ့"

"ဒါဆိုရင် ရှမ်းအမျိုးသား၊ ကရင်အမျိုးသားဆိုတဲ့ အသုံးတွေကရော ဘဘ"

"အဲ... အဲဒီလိုသုံးရင်တော့ လူမျိုးတစ်မျိုးကို ရည်ညွှန်းတဲ့ အဓိပ္ပာယ်ရတာပေါ့၊ အဲဒီလိုလည်း သုံးလို့ရတာပဲလေ"

"အမျိုးသား၊ အမျိုးသမီးလို့ ခွဲသုံးရင်တော့ ယောကျ်ားတွေကိုပဲ ဆိုလိုတာပေါ့နော် ဘဘ"

"ဟုတ်တယ်၊ မိန်းကလေးတစ်ယောက်က 'ဒါကျွန်မအမျိုးသားပါ' လို့ မိတ်ဆက်ပေးရင်တော့၊ 'လင်ယောကျ်ား၊ ခင်ပွန်း' ဆိုတဲ့ အဓိပ္ပာယ်ဖြစ်သွားတာပေါ့၊ တစ်ယောက်ကိုပဲ ရည်ညွှန်းတဲ့စကား ဖြစ်သွားတာပေါ့"

"ဒါဆိုရင် 'အမျိုးသမီး'ဆိုတဲ့ စကားလည်း အဲဒီသဘောပေါ့နော် ဘဘ"

"ဟုတ်ပါတယ်၊ အမျိုးသမီးအားလုံးကိုလည်း ရည်ညွှန်းနိုင်တယ်၊ လူမျိုးတစ်မျိုးဖြစ်တဲ့ မိန်းကလေးတွေကိုလည်း ရည်ညွှန်းနိုင်တယ်၊ 'ရှမ်းအမျိုးသမီး၊ မွန်အမျိုးသမီး' ဆိုတာမျိုးပေါ့၊ အဲ 'ဒါ ကျွန်တော့်အမျိုးသမီးပါ၊ ကျွန်တော့်အမျိုးသမီးရုံးသွား နေပါတယ်' ဆိုတာမျိုး ပြောရင်တော့ 'ဇနီး' ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ တစ်ဦးတစ်ယောက်ကိုပဲ ရည်ညွှန်းတာပေါ့ကွယ်"

"တော်တော်ရှင်းသွားပါပြီ ဘဘ"

"အဓိပ္ပာယ်အကျယ်ဆုံးရော၊ အကျဉ်းဆုံးရော သုံးတဲ့စကားလုံး တစ်လုံးအကြောင်း ဘဘပြောပြမယ်၊ သမီးစိတ်ဝင်စားမှာပါ"

"ပြောပြပါ ဘဘ"

"တခြားမဟုတ်ဘူး၊ 'လူ' ဆိုတဲ့စကားလုံးပဲ၊ 'လူ' ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲ သမီး"

" 'အသိဉာဏ်ရှိသော သတ္တဝါ' လို့ ဖွင့်တာ သမီးဖတ်ဖူးပါတယ် ဘဘ"

"အေး ဒီလိုဆိုရင် 'လူ' ဆိုတာ ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူအားလုံးကို ရည်ညွှန်းတဲ့ စကားလုံးမို့ အဓိပ္ပာယ်အကျယ်ဆုံးပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘဘ"

"နောက်တစ်ခု ပြောမယ်ဆိုပါတော့ကွယ်၊ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်လမ်းလျှောက်သွားတုန်း နောက်ကယောကျ်ားတစ်ယောက်က 'ဟေ့လူ' လို့ လှမ်းခေါ်တယ်ဆိုပါတော့၊ အဲဒီလို လှမ်းခေါ်ရင် ဘယ်သူက လှည့်ကြည့်မယ် ထင်သလဲ"

" 'ဟေ့လူ' လို့ ခေါ်ရင် ဟာ... ယောကျ်ားက လှည့်ကြည့်မှာပေါ့ ဘဘ၊ မိန်းမက ဘယ်လှည့်ကြည့်မလဲ"

"ဘာဖြစ်လို့ မကြည့်တာလဲ"

"သူ့ကို ခေါ်တာမှမဟုတ်တာ"

"ဟင်... ဒါဆိုရင် အဲဒီမိန်းမကရော လူမဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ် ဘဘ"

"ဒါဖြင့် သူက ဘာဖြစ်လို့ လှည့်မကြည့်တာလဲ"

"ဟင်... ဟာ သမီးမဖြေတတ်တော့ဘူး ဘဘ"

"အေးအေးဆေးဆေး စဉ်းစားကြည့်လေ၊ 'ဟေ့လူ' လို့ ခေါ်တာကို ယောကျ်ားကပဲ လှည့်ကြည့်တယ်ဆိုတော့ 'လူ'ဆိုတဲ့စကားဟာ ဒီနေရာမှာ ဘာအဓိပ္ပာယ်ဖြစ်မလဲ"

"ဟာ... သမီးသိပြီ၊ လူဆိုတာ အဲဒီယောကျ်ားတစ်ယောက်ကိုပဲ ရည်ညွှန်းတဲ့ အဓိပ္ပာယ်ဖြစ်နေလို့ပါ ဘဘ"

"ဟုတ်ပါတယ်၊ ယောကျ်ားတစ်ယောက်တည်းကို ရည်ညွှန်းတာမို့ အဓိပ္ပာယ်အကျဉ်းဆုံးဖြစ်နေတာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘဘ"

"မြန်မာစကားမှာ ယောကျ်ားတစ်ယောက်ကို 'ဟေ့လူ၊ ဒီလူကတော့၊ကိုယ့်လူ' ဆိုတာမျိုး ရည်ညွှန်းတယ် မဟုတ်လား၊ မိန်းမကိုတော့ အဲဒီစကားတွေနဲ့ မရည်ညွှန်းဘူးလေ"

"ဟုတ်တယ်နော် ဘဘ"

"စကားလုံးတွေရဲ့အနက်အဓိပ္ပာယ်သက်ရောက်ပုံ အကျဉ်းအကျယ်ရှိနိုင်တာကို ပြောချင်လို့ပါ၊ ပြီးတော့ စကားအဆက်အစပ်နဲ့ သုံးရတာမို့ အနက်အဓိပ္ပာယ်တစ်ခုတည်း ပုံသေမှတ်လို့ မရဘူးလေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခု၊ ခုခေတ်မှာ အသုံးပြောင်းလာတဲ့ စကားတစ်လုံးအကြောင်း ပြောရဦးမယ်၊ 'သင်ကြားတယ်' ဆိုတဲ့ စကားပေါ့"

"ဟုတ်ကဲ့ပါ"

" 'သင်ကြား' ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို သမီးဘယ်လိုနားလည်ထားသလဲ၊ ပြောပြစမ်းပါ"

"သင်ကြားတယ်ဆိုတာ ပညာတစ်ခုခုကို သင်ပေးတာပါ ဘဘ"

" 'သင်ကြား ' ဆိုတာ ပညာတစ်ခုခု သင်ယူတယ်ဆိုတဲ့ အဓိပ္ပာယ်ကော မရဘူးလား"

"သမီးတို့အခုသုံးနေတာက ' သင်ကြားသင်ယူ' လို့ ခွဲသုံးတော့ အဓိပ္ပာယ်ချင်း မတူဘူးလားလို့ပါ ဘဘ"

"သမီးက သိပ်မသေချာဘူးပေါ့"

"ဟာ ဘဘ၊ ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေရဲ့အကြောင်းရေးတဲ့ စာတွေမှာ ' ငယ်စဉ်က မန္တလေးမြို့တွင် ပညာသင်ကြားခဲ့သည်' လို့ ရေးတာမျိုး၊ သမီးဖတ်ဖူးပါတယ်၊ ဒီလိုဆိုတော့ 'သင်ကြား' ဆိုတာ သင်ယူတဲ့အဓိပ္ပာယ်ပေါ့နော် ဘဘ"

"အဲဒါကို အဓိကပြောချင်လို့ပါ၊ သမီးတို့ခေတ်မှာတော့ ပညာရေးအကြောင်းသတင်းစာတွေမှာ၊ ဂျာနယ်တွေမှာရေးရင် 'သင်ကြားသင်ယူ' လို့ တွဲတွဲရေးတာများတယ်လေ၊ အစဉ်အဆက်ကတော့ 'သင်ကြား' ကို သင်ပေးတဲ့ အဓိပ္ပာယ်ရော၊ သင်ယူတဲ့အဓိပ္ပာယ်ရော သုံးတယ်ကွဲ့"

"သြော်၊ ဟုတ်ကဲ့ပါ"

" အရင်းခံ စကားလုံးက 'သင်' ပေါ့ကွယ်၊ 'သင်' ဆိုတာ ဆရာက တပည့်ကို သင်ပေးတဲ့အဓိပ္ပာယ်နဲ့လည်းသုံးတယ်၊ တပည့်က ဆရာ့ဆီက သင်ယူတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့လည်းသုံးတယ်၊ 'သင်ကြား'လည်း အဲဒီလိုပဲ၊ ရှေ့နောက်စကားအဆက်အစပ်နဲ့သုံးတာမို့ သင်ပေးတဲ့အဓိပ္ပာယ်လား၊ သင်ယူတဲ့အဓိပ္ပာယ်လားဆိုတာ သိသာပါတယ်"

" ဟုတ်ကဲ့ပါ "

"ဆိုပါတော့၊ 'ဆရာဦးစိန်ထွားသည် နဝမတန်းတွင် ရူပဗေဒသင်ကြားသည်' ဆိုတဲ့အသုံးနဲ့ 'ကျော်ကျော်သည် ပန်းချီပညာကို ဆရာကြီးဦးကျော်သောင်းထံတွင် သင်ကြားသည် ' ဆိုတဲ့အသုံးမှာ ဘယ်ဟာက သင်ပေးတဲ့အဓိပ္ပာယ်၊ ဘယ်ဟာက သင်ယူတဲ့ အဓိပ္ပာယ်ဆိုတာ ရှင်းနေပါတယ်"

" ဟုတ်ကဲ့ပါ "

"ဘဘ သတိထားမိသလောက် ဒီဘက်ခေတ် ၁၉၉၀ ကျော်လောက်ကစပြီး 'သင်ကြားသင်ယူ' လို့ တွဲသုံးတဲ့အသုံး တွင်ကျယ်လာတာပဲ။ 'သင်ကြား' ကို သင်ပေးတဲ့အဓိပ္ပာယ်တစ်ခုပဲရှိတယ် ထင်လို့လား၊ ပိုပြီးကွဲပြားသွားအောင်လို့လားတော့ မသိဘူးပေါ့ကွယ်၊ ဘဘပြောချင်တာက' သင်' နဲ့ 'သင်ကြား' ဟာလည်း ခုပြောတဲ့ အဓိပ္ပာယ်နှစ်မျိုးစလုံးရှိတဲ့ စကားလုံးတွေမို့ အဆက်အစပ်နဲ့သုံးရင် ရှုပ်ထွေးစရာ မရှိပါဘူးဆိုတာပါပဲကွယ်"။ ။

# ပန်းချီ၊ ပန်းပု ဈေးကွက် အရောင်းအဝယ်အေးစက်လာ

**ရန်ကုန် ဇွန် ၂၉**

ပြည်တွင်းပန်းချီ၊ ပန်းပု အနုပညာဈေးကွက်သည် မိုးကာလ၌ အရောင်းအဝယ်အေးစက်နေကြောင်း ပန်းချီ၊ ပန်းပုအသိုင်းအဝိုင်းက ဆိုကြသည်။ ပန်းချီဆရာထွန်းဝင်း(မာလကာသီး) က "ဒါကလည်းထုံးစံလိုပါပဲ၊ ဒီအနုပညာအရောင်းအဝယ်က ဘာလေးဘာ ခေါ်တဲ့ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ လလေးလပဲကောင်းတတ်ပါတယ်၊ အခုလတွေက အရောင်းအဝယ်ပါးတဲ့လတွေပါ"ဟု အတည်ပြုပြောကြားသည်။

မြန်မာမှုအနုပညာ ပန်းဆယ်မျိုးဝင် ပန်းချီ၊ ပန်းပုများကို ရန်ကုန်မြို့တွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဗဟန်းမြို့နယ်မှ ဆရာစံပလာဇာနှင့်မြို့နယ်အချို့ရှိ ကိုယ်ပိုင်အရောင်းပြခန်းများတွင် ဝယ်ယူနိုင်သကဲ့သို့ ပန်းပုပညာရှင်များစုဝေးရာ ဒါးပိန်နှင့်ပဲခူး မြို့တို့တွင်လည်း လေ့လာဝယ်ယူနိုင်သည်ကို သိရှိရသည်။

ပန်းပုပြိုင်ပွဲများတွင် ဆုနှစ်ဆုရခဲ့သူ ဒါးပိန်မှ ဦးကျော်စွာက "အရောင်းအဝယ်က ကြီးကြီးမားမား မရှိတော့ပါဘူး၊ သူ့အော်ဒါနဲ့သူ ရွေးမှာကြတာလောက်ပဲရှိပါတယ်၊ ကုန်သည်ကြီးတွေ အမှာမရှိသလောက်ဖြစ်သွားပြီ"ဟု ဆိုသည်။ ပြည်တွင်းကုမ္ပဏီများ၊ ဟိုတယ်များမှ အလှဆင်၊ စင်တင်ရန်အတွက်မျှလောက်သာ ရှိသည်ဟု သိရသည်။ မှာယူမှုမှာလည်း သူ့မိတ်နှင့်သူဖြစ်ကြပြီး အများစုမှာ လုပ်ငန်းများအေးစက်နေကြောင်း သိရသည်။

ယခင်က တရုတ်ပြည်မှ မှာယူမှုများ အများဆုံးဖြစ်ခဲ့သော်လည်း ယခုအခါတရားဝင်သယ်ဆောင်မှုကို ဒေါ်လာ ၅၀၀ အထိသာ သတ်မှတ်လိုက်သည့်အတွက် ကြီးကြီးမားမား ရုပ်လုံးများမှာယူမှု မရှိတော့သည့် အနေအထားတွင် ရှိလာပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယင်းသို့သတ်မှတ်လိုက်သည့်အတွက် ကုန်သည်များကလည်း ရင်းနှီးမြှုပ်နှံမှု လျှော့ချလိုက်ရာ ပန်းပုလုပ်ငန်းအများစုမှာ လုပ်ငန်းများ အလွန်ပါးသွားသည်ဟု ဆိုသည်။

ပန်းပုဆရာ ဦးကျော်စွာကပင် "အခုက ကုန်ကြမ်းလည်းရှားပါးလာတယ်၊ ကန့်သတ်မှုတွေလည်းရှိလာတဲ့အတွက် ဒီလုပ်ငန်းအပေါ် စိတ်ဝင်စားမှု နည်းလာကြပြီး နောင်မျိုးဆက်ပန်းပုပညာရှင်တွေ ဆိတ်သုဉ်းလာနိုင်တယ်"ဟု သုံးသပ်ပြောကြားပေးခဲ့သည်။

ပန်းချီနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး (ဗဟို)ပြခန်းတွင် အပတ်စဉ် ပန်းချီကားများ ပြောင်းလဲချိတ်ဆွဲပြသမှုရှိသည်။ ဈေးအတွင်း၌လည်း ပန်းချီကားအရောင်းဆိုင်အများအပြားရှိသည်။ ပန်းချီ၊ ပန်းပုအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဆရာနွယ်က "ပြည်တွင်းပန်းချီကားအရောင်းအဝယ်အနေနဲ့ကတော့ အများကြီးမရှိပါဘူး၊ နိုင်ငံခြားအရောင်းအဝယ် အနေနဲ့ကတော့ ပန်းချီဆရာတွေ၊ ပြခန်းတွေ၊ အွန်လိုင်းပေါ်တင်ကြတယ်၊ အဲဒီအရောင်းအဝယ်တော့ ပုံမှန်လေးရှိနေပါတယ်"ဟု ဆိုခဲ့သည်။

ပြည်တွင်းဟိုတယ်အသစ်များ၊ ကုမ္ပဏီများအနေဖြင့် စင်တင် အလှချိတ်ဆွဲရန်အတွက်မျှသာ ပတ်သက်ရာပတ်သက်ကြောင်း ပန်းချီ ဆရာတို့၏ လက်ရာများကို အားပေးဝယ်ယူမှုရှိနေပြီး၊ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ ပန်းချီကား အရောင်းဆိုင်ကြီး အချို့က နိုင်ငံခြား မှဟိုတယ်ကြီးများနှင့်ချိတ်ဆက်ကာ အရောင်းအဝယ်ပြုနေကြကြောင်း သိရသည်။



ဥက္ကဋ္ဌ ဆရာနွယ်က "နိုင်ငံခြားက အချို့ဟိုတယ်ကြီးတွေက တစ်နှစ်တစ်ခါအပြောင်းအလဲပြုလုပ်တတ်ကြတယ်၊ ပန်းချီ၊ ပန်းပုတွေ အမြင်ဆန်းအောင် ပြောင်းလဲလေ့ရှိတယ်၊ ဒါ့အတွက် ဗိုလ်ချုပ်ဈေးထဲက အရောင်းဆိုင်တွေနဲ့ ချိတ်ဆက်ကြတယ်" ဟု ဆိုသည်။

ယခင်က ပန်းချီပြပွဲတစ်ပွဲပြုလုပ်ပါက ပန်းချီကားအရောင်းအဝယ်အသင့်အတင့်ရှိတတ်သည်။ ပြည်တွင်း၌ပင် ပန်းချီကားစုဆောင်းသူများက ဝယ်ယူလေ့ရှိကြပြီး ယခုအခါ ထိုသို့ဝယ်ယူမှုမျိုးလည်း မရှိသလောက်ရှားပါးသွားပြီကို တွေ့ရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# စစ်တွေမြို့တွင် မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေး အရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဇွန် ၂၉**

တိုင်းဒေသကြီး ပြည်နယ်အသီးသီးတွင် စိုက်ပျိုးရေးတွင် တောင်သူများ သုံးစွဲနေသည့် မျိုးစေ့များ၊ မြေဩဇာများနှင့် ပိုးသတ်ဆေးများကို သုံးစွဲရာတွင် မှတ်ပုံတင်ရရှိပြီးသော ပစ္စည်းများကိုသာ အသုံးပြုကြရန် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးဆွေးနွေးပွဲများ ပြုလုပ်နေသလို သက်ဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေးဆေးဆိုင်များသို့လည်း ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်နေရသည်။




ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန စစ်တွေခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းသည် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးပိုင်းနိုင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးသိန်းအောင်၊ စစ်တွေမြို့နယ်ဦးစီးမှူး ဦးတင်အေးတို့နှင့်အတူ စစ်တွေမြို့ရှိ မျိုးစေ့အရောင်းဆိုင် နှစ်ဆိုင်၊ မြေဩဇာအရောင်းဆိုင် ၁၂ ဆိုင်နှင့် ပိုးသတ်ဆေးအရောင်းဆိုင် နှစ်ဆိုင်တို့အား လစဉ် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့စစ်ဆေးရာတွင် အရောင်းဆိုင်ပိုင်ရှင်များအား မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော သွင်းအားစုပစ္စည်းများ ရောင်းချခြင်းမပြုရန်၊ အရည်အသွေးစစ်မှန်ပြည့်ဝသော သွင်းအားစုများကိုသာ ရောင်းချရန် မှာကြားခဲ့ပြီး လယ်ယာကဏ္ဍသွင်းအားစုများ အတုအပကင်းစင်ရေးအတွက် တစ်ဆိုင်ချင်းစီအား အသေးစိတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**



# စလင်း ဝက်သည်းကန်ကြီး စည်းကမ်းမဲ့ငါးမျှားသူများကြောင့် ဝန်းကျင်ထိခိုက်နေ

**စလင်း ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ဝက်သည်းကန်ကြီးတွင် စည်းကမ်းမဲ့ငါးမျှားကြသူများကြောင့် ပတ်ဝန်းကျင် ထိခိုက်နေကြောင်း ဝက်သည်းကန်ကြီးအနီး ကန်ဘောင်ရွာနေ ဦးမျိုးကပြောသည်။

အဆိုပါဝက်သည်းကန်ကြီးမှာ ၁၉၅၃ ခုနှစ်ကပင် နိုင်ငံတော်အစိုးရက သားငါးကျေးငှက်ဘေးမဲ့ကန်ကြီးအဖြစ်သတ်မှတ်ပေးထားခဲ့သည်။ ပွင့်ဖြူမြို့ငါးလုပ်ငန်းဦးစီးဌာနမှလည်း ဝက်သည်းကန်ကြီး ငါးမျှားခြင်း၊ ကျဉ်စက်ထိုးခြင်း၊ ရေပျော်ငှက်များ ဖမ်းဆီးခြင်းတို့ကို ဒေသန္တရအမိန့်ထုတ်ပြန်တားမြစ်ထားပြီး ကန်ကြီး၏မြင်သာထင်သာသောနေရာများတွင် သတိပေးပိုစတာဆိုင်းဘုတ်များ စိုက်ထူထားရှိသည်။ သို့သော်စည်းကမ်းမဲ့ ငါးမျှားသူများသည် ဝက်သည်းကန်ကြီးအဝင် လှုမြင်ကွင်းများမှာပင် လူစုလူဝေးဖြင့်ငါးမျှားနေကြ၍ ဝက်သည်းကန်ကြီးအတွင်းရှိရွှေမုဋ္ဌောဘုရားကြီးအားလာရောက်ဖူးမြော်သူများ၊ ကန်ပေါင်ပေါ်တွင် အများသူငါ လှူဒါန်းထားသော ထိုင်ခုံများပေါ်တွင်လာရောက်အပန်းဖြေသူများမှာ စည်းကမ်းမဲ့ ငါးမျှားသူများကြောင့် စိတ်ညစ်ညူးနေကြသည်။ ယင်းဝက်သည်းကန်ကြီးကို စလင်းသစ်တောရေးရာဦးစီးဌာနမှ တာဝန်ယူစောင့်ရှောက်ထားသော်လည်း စည်းကမ်းမဲ့ ငါးမျှားခြင်း၊ ညဘက်ပိုက်တန်းချခြင်း၊ ကျဉ်စက်ထိုးခြင်းတို့ကို တားဆီးမှု အားနည်းနေခြင်းတို့ကြောင့် ဘုရားဖူးများနှင့် ဒေသခံပြည်သူများက ဥပဒေနှင့်အညီ အရေးယူတားဆီးဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# တာဝန်ကျေ အခွန်ထမ်းများအား ဂုဏ်ပြုပွဲကျင်းပ

**တောင်ငူ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်းအခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသောအခွန်ထမ်းပြည်သူ ၆၉၄ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကိုတောင်ငူမြို့ ခပေါင်းခန်းမ၌ ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးညွန့်ရွှေက အဖွင့်အမှာစကားပြောကြား၍ တိုင်းဒေသကြီးပြည်တွင်းအခွန်များ ဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်မိုးက အခွန်ကောက်ခံရခြင်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က ဘဏ္ဍာငွေ ရသုံးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က စီမံကိန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး အခွန်ထမ်းပြည်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်လိုက်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းပြည်သူများစုံညီစွာတက်ရောက်ကြကြောင်း သိရှိရသည်။

**ကျော်လှ(တောင်ငူ)**



# ရေကြီးနစ်မြုပ်ရေကန်များအား ရေစုပ်ထုတ်သန့်စင်ခြင်းပြီးစီး

**မင်းပြား ဇွန် ၂၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇွန်လအတွင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့ခြင်းနှင့် ထူးကဲဒီရေတက်မှုကြောင့် မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စု ကျေးရွာ ၂၆ ရွာတွင် သောက်သုံးရေကန် ၆၃ ကန် ရေနစ်မြုပ်သွားပြီး အခက်အခဲရှိနေခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုချက်အရ ရေကြီးနစ်မြုပ်သွားသည့် ကျေးရွာ ၂၆ ရွာရှိ သောက်သုံးရေကန် ၂၆ ကန်အား မိုးရေပြန်လည် သိုလှောင်နိုင်ရန် ဇွန်လ တတိယပတ်မှစတင်ကာ မင်းပြားမြို့နယ် ကျေးလက်ဦးစီးမှူး ဦးသန်းစိုးဦးနှင့် ဝန်ထမ်းများက ကွင်းဆင်းပြီး ရေဆိုးများ စုပ်ထုတ်သန့်စင်ခြင်းအား အဖွဲ့ပိုင် ရေစုပ်စက် ၁၅ လုံးဖြင့် ဆောင်ရွက်ခဲ့ရာ ဇွန် ၂၇ ရက် ညနေပိုင်းအချိန် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

# စက်မှုနှင့် သက်မွေးပညာ ရွှေလျားသင်တန်းဆင်းပွဲ ကျင်းပ

**ဂန့်ဂေါ ဇွန် ၂၉**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ဖွင့်လှစ်သည့် စက်မှုနှင့် သက်မွေးပညာ ရွှေ့လျား သင်တန်းဆင်းပွဲကို ဇွန် ၂၉ ရက် နံနက်က ဂန့်ဂေါမြို့ ပုံညာခန်းမ၌ကျင်းပရာ ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နှင့် ပခုက္ကူမြို့ အမှတ်(၄) စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော် တို့က သင်တန်းဆင်းအမှာစကားပြောကြားကြသည်။ ဆက်လက်၍ သင်တန်းတွင် သင်တန်းထူးချွန်သူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသူများသည် သင်တန်းသားများ လက်တွေ့ဆောင်ရွက်ထားကြသည့် မီးကြိုးသွယ်တန်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လေ့လာကြည့်ရှုကြသည်။ အဆိုပါ သင်တန်းဆင်းပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မင်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးတို့နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၁၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၅၂ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **၁၀၁**

## ၂၀၁၈ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ကျပ်သိန်းတစ်သောင်းနှစ်ထောင်ကျော် ထုတ်ချေးပြီးစီး

**ငဖဲ ဇွန် ၂၉**

ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို မေ ၁၇ ရက်မှစ၍ စတင်ထုတ်ချေးပေးခဲ့ရာ ဇွန် ၂၈ ရက်တွင် အပြီးသတ်ထုတ်ချေးပြီးစီးပြီဖြစ်သည်ဟု သိရသည်။

ကျေးရွာအုပ်စု ၂၃ အုပ်စုမှ တောင်သူ ၂၈၉၉ ဦးထံ စပါးစိုက်ဧက ၅၇၆၆ နှင့် အခြားသီးနှံ စိုက်ဧက ၆၇၄၅ ဧက စုစုပေါင်း ၁၂၅၁၁ ဧကအတွက် ငွေကျပ်သိန်း ပေါင်း ၁၂၀၂၁ ဒသမ ၅၀ ကို ထုတ်ချေးပေးခဲ့ပြီး စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်း ငါးသောင်းနှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်းတို့ ဖြင့် ထုတ်ချေးပေးခဲ့ရာ တောင်သူများပိုင်ဆိုင်သော(ပုံစံ-၇ ) မူရင်းများကို ချေးငွေအာမခံအဖြစ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ငဖဲမြို့နယ်ရုံးတွင် အပ်နှံထားရှိပြီး ချေးငွေ အရင်း၊ အတိုး၊ ဒဏ်တိုးများ ပြေကျေမှသာ ပြန်လည်ထုတ်ပေးမည် ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



## နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး အထူးကု ပြင်ပလူနာဌာနတိုးချဲ့ဆောင် အဆောက်အအုံသစ်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းမ ကြီးဘေးရှိ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင် အထူးကုပြင်ပလူနာဌာနတိုးချဲ့ဆောင် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တိုးချဲ့ ဆောင်သစ်မျက်နှာစာ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ဌာနကြီးမှူးများ၊ ဌာန မှူးများ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များတက်ရောက်ကာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအေးမြင့်က အထူးကုပြင်ပလူနာ ဌာနတိုးချဲ့အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအေးမြင့်၊ ကော်မတီဝင် ဒေါ်စံပယ် ထွေး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ယခုကဲ့သို့ နေပြည်တော်၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး အထူးကုပြင်ပလူနာဌာန ဖွင့်လှစ်လိုက်ခြင်းသည် လာရောက်ပြသသည့်လူနာများ အဆင်ပြေချောမွေ့စွာ ဆေးကုသမှုခံယူနိုင်ရန်နှင့် အချိန်ကုန်သက်သာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

## ပြိုကျသွားသောလမ်းနယ်အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်

**နမ့်ဆန် ဇွန် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် နမ့်ဆန်-သီပေါ လမ်းမကြီး နမ့်ဆန်မြို့အထွက် ဦးခမ်းဆိုင် ဆီဆိုင်ဘေးတွင် မိုးရွာ သွန်းမှုကြောင့် ပြိုကျသွားခဲ့သည့် လမ်းနူတ်ခမ်းကို ပြည်သူ့ဆောက်လုပ်ရေးဌာနက မြေနံရံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေပြီ ဖြစ်ကြောင်းသိရသည်။

အဆိုပါမြေပြိုကျသည့် နေရာသည် လမ်းရေိယာကျဉ်းမြောင်းပြီး ရေများအိုင်နေ သည့်အတွက် ယာဉ်များသွားလာရာတွင် အလွန်ခက်ခဲလျက်ရှိရာ ယခုတွင် လမ်း အောက်သို့ မြေထပ်မံပြိုကျသည့်အတွက် ပိုမိုကျဉ်းမြောင်းကာ သွားလာမှုတွင် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ကြောင့် ပြည်သူ့ဆောက်လုပ်ရေးရုံးက ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ကျောက်စီရေမြောင်းများ ပြုလုပ်ခြင်း၊ ပြိုကျသွားသည့်နေရာအား မျှောတိုင်စိုက်ထူ စနစ် မြေနံရံထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရာ မကြာမီတွင် ပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**မင်းဘူး(စကု) ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး-စကုမြို့နယ် စကုမြို့အခြေခံပညာအထက်တန်းကျောင်းတွင် အမျိုး သားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် နှင့် (၁၄၀×၃၀) RCနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားအား ဇွန် ၂၈ ရက်က အဆိုပါကျောင်းတွင် ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ချုပ် ဒေါက်တာအောင်မိုးညို၊ လွှတ်တော်ဥက္ကဋ္ဌ ဦးတာ နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ မင်းဘူးခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ ဆရာမများ၊ ကျောင်း သား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့မှ ဗိုလ်ချုပ်ကြေးရုပ် နှင့် (၁၄၀×၃၀)RCနှစ်ထပ်ကျောင်းဆောင်သစ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားတွင် ဝန်ကြီးချုပ်နှင့်လူမှုရေးဝန်ကြီးတို့မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဆောက်လုပ်ရေးကုမ္ပဏီမှကျောင်း ဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား မကွေးတိုင်းပညာရေးမှူး ဦးအောင်မြင့်ထံလွှဲပြောင်း ပေးအပ်ခဲ့သည်။ရပ်မိရပ်ဖဒေသခံပြည်သူများကိုယ်စား ကျောင်းအကျိုးတော်ဆောင်နာယက ဦးနေမျိုးကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး ဝန်ကြီးချုပ် နှင့်အဖွဲ့တို့မှ ကျောင်းဆောင်သစ်ကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ တည်ဆောက်ရေး ရန်ပုံငွေဖြင့်တည်ဆောက်ခဲ့သော ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**



## အမ်းမြို့နယ်ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့ အခမဲ့ဆေးကုသပေး

**အမ်း ဇွန် ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ဇွန် ၂၈ ရက်က အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)မှ နယ်လှည့်ဆေးကုသ ရေးအဖွဲ့သည် မြောက်ပိုင်းရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်းသို့ရောက်ရှိကာ ဒေသခံပြည်သူ များ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလိုအပ်ချက် များကို(အခမဲ့) ဆေးကုသခြင်း၊ လိုအပ်သည့်ဆေးဝါး များအားထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။



ကျန်းမာရေးဆိုင်ရာ ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံမိဘပြည်သူများအား အနောက်ပိုင်းတိုင်းစစ် ဌာနချုပ် တိုင်းမှူး၊ ဒုတိုင်းမှူးနှင့် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်ကြည့်ရှုကြပြီး ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားကြ သည်။ လတ်တလောဆေးကုသခံယူမှုမရရှိသူများအား တပ်မတော်ဆေးရုံသို့ခေါ်ဆောင်၍ (အခမဲ့)ဆေးကုသ ပေးသွားမည်ဖြစ်ကြောင်းနှင့် ဆေးဝါးများအားကြည့်ရှု စစ်ဆေးကာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ကျောင်းနေအရွယ်ကလေးငယ်များ ခြင်အန္တရာယ်မှ ကင်းဝေးကာ ကျန်းမာရေးကောင်းမွန်ပြီး ပညာသင် ကြားနိုင်ရန်အတွက် စာသင်ကျောင်းနှင့် ပတ်ဝန်းကျင် များအား ခြင်ဆေးဖျန်းခြင်းများကိုလည်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက် )**

## ရေစကြိုမြို့နယ် ဗလဗကျေးရွာ ဧရာဝတီမြစ်ကမ်းပါး ကမ်းပြိုကျမှုကာကွယ်ရန် ဝါးဖောင်များချ

**ရေစကြို ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဗလဗ ကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားပြီး မြစ်ကမ်းပါး အလျင်အမြန် ပြိုကျနေသောကြောင့် နေအိမ်များ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

မြစ်ကမ်းပါးပြိုကျနေသည့် ကမ်းနဖူးတစ်လျှောက် ဝါးဖောင်များဆင်ကာ ဇွန် ၂၉ ရက်တွင် စတင်၍ မြစ်ကမ်းကာကွယ်မှုများစတင်လုပ်ဆောင်နေကြောင်း ဝါးဖောင်ပြုလုပ်ရာတွင် အနီးကပ်ကြီးကြပ်နေသည့် ဦးအေးမောင်ထွန်းထံမှ သိရသည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျရာသို့ လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဗလဗ ကျေးရွာ ဓမ္မရုံသီ(ခေါ်)ရွှေဘုံသာဘုရားအနီး မြစ်ကမ်း ပါးပြိုကျမှုနှင့် ပျက်စီးဆုံးရှုံးမှုသက်သာစေရန် မြစ် ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇွန် ၂၃ ရက်က ရေစကြိုမြို့နယ် ဗလဗကျေးရွာသို့ ရောက် ရှိလာကာ ငွေကျပ်သိန်း ၃၀ ထောက်ပံ့ပေးအပ်



လှူဒါန်းခဲ့သောငွေဖြင့် မြစ်ကမ်းပါးပြိုကျမှုများ ကာကွယ်ရန် လုပ်ဆောင်နေကြောင်း သိရသည်။

ရေအရင်းမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့်တိုင်ပင်ကာ ဝါးလုံးများ၊ မျှောတန်းများ၊ ချည်ကြိုးများ၊ သွပ်ကြိုး၊ သံမှိုတို့ဝယ်ယူကာ ၂၅ လုံး တန်းဝါးဖောင်များဖွဲ့စည်းရာ ဖောင်တွဲ ၅၀ ရရှိပြီး ရေကာတာ ဝါးဖောင်များပြုလုပ်ရေချခဲ့ကြောင်း သိရ သည်။ ထိုဝါးဖောင်တစ်ခုလျှင် ဖောင်ဖွဲ့ခ ၁၅၀၀၀ ကျပ် ပေးရကြောင်း ဗလဗကျေးရွာ ရပ်မိရပ်ဖ ဦးအေးမောင် ထွန်းက ပြောပြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရန်ကုန်တောင်ပိုင်းခရိုင် ကိုးမြို့နယ်၌ မိုးစပါးရှစ်သိန်းခန့် လျာထားစိုက်ပျိုး

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ် ကိုးမြို့နယ်တွင် ၂၀၁၈-၂၀၁၉ မိုးရာသီမိုးစပါး ၇၉၈၁၉၁ ဧကအားလျာထားကာဒေသနှင့် ကိုက်ညီသော မျိုးစပါးများအား ထွန်ယက် စိုက်ပျိုးသွားမည်ဖြစ် ကြောင်း သိရသည်။ ယခုနှစ် မိုးရာသီတွင် မိုးစပါးလျာထားစိုက်ပျိုးမည့် သန်လျင်၊ ကျောက်တန်း၊သုံးခွ၊ ခရမ်း၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တို မြို့နယ်များတွင် ဒေသမျိုးစပါးများဖြစ်သောရာကျော်၊ ရွှေဝါထွန်း၊ မနောသုခ၊ မီးတုံး၊ ငကျဲ၊ ပေါ်ဆန်းရင် စသောမျိုးစပါးတို့အား လျာထားဧကပြည့်မီကျော်လွန်သည်အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရန်ကုန် တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ သိရသည်။

**သက်ခိုင် (သန်လျင်)**

# ကျောက်ပန်းတောင်းမြို့နယ် မတ်တစ်ထောင်တောင်တန်းပေါ်တွင် မဟာဗောဓိငါးထောင်၊ ဗုဒ္ဓငါးထောင် တည်ထားလျက်ရှိ

**ကျောက်ပန်းတောင်း ဇွန် ၂၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်တောကျယ်ကျေးရွာနှင့် ပြည့်ဝကျေးရွာကြား မိတ္ထီလာ - ကျောက်ပန်းတောင်း ကားလမ်းမကြီးအနီး တစ်ဖာလုံခန့်အကွာတွင် မဟာဗုဒ္ဓငါးထောင်၊မဟာဗောဓိငါးထောင်တည်ထားကိုးကွယ်လျက်ရှိကြောင်း ဗောဓိငါးထောင် ဂေါပကအတွင်းရေးမှူး ဦးဝင်းထိန်က ပြောသည်။

အဆိုပါ မဟာဗောဓိငါးထောင်အား ကမ္ဘာ့သာသနာပြုတောင်ပုလုတိုက်ခွဲ ချင်းတောင်တန်းသာသနာပြုဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသိရီ (မတ်တစ်ထောင်ကပ်ရှောင် တောင်တန်း ကျောင်းတိုက်) မှ ဦးဆောင်တော်မူကာ ၂၀၁၄-၂၀၁၅ခုနှစ်တွင်စတင်အကောင်အထည်ဖော်လာခဲ့ရာ ယခုဆိုလျှင် ဘုရားဆင်းတုတော် ၃၂၀ ဆူတည်ထားနိုင်ခဲ့ပြီး ဗောဓိညောင်ပင် ၂၃၀၀ စိုက်ထားပြီးဖြစ်ကာ တည်ထားကိုးကွယ်တော်မူသည့် ဆင်းတုတော်များ ကမ္ဘာတည်သရွေ့တည်ရှိစေရန် စကျင်ကျောက်ဆင်းတုတော်များသာမှာယူကိုးကွယ်စေကြောင်းသိရပြီး ဘုရားဆင်းတုတော်တစ်ဆူနှင့် တစ်ဆူကြား ၁၂ ပေခြားအလယ်တွင် ဗောဓိညောင်ပင်တစ်ပင်စိုက်ပျိုးထားကာညောင်ပင်ကြီးလာလျှင် ဘုရားဆင်းတုတော်ပလ္လင်တော်များညောင်မြစ်အန္တရာယ်မှကာကွယ်နိုင်ရန်ရေရှည်စီမံစိုက်ထားခြင်းဖြစ်ကာ ပလ္လင်တော်အမြင့် နှစ်ပေခွဲနှင့်ဆင်းတုတော်၏ ဉာဏ်တော် လေးပေ၊သုံးပေဆင်းတုတော်များကိုးကွယ်ထားပြီး ညောင်ပင် မကြီးသေးခင် လေဒဏ်မိုးဒဏ်ခံနိုင်ရန် ဘုရားဆင်းတုတော်များအား သံထီးတော်များမိုးပေးထားကြောင်း ဂေါပက ဒုတိယဥက္ကဋ္ဌ ဦးမြင့်ချိုကပြောပြသည်။

အဆိုပါ မတ်တစ်ထောင်ကပ်ရှောင်တောင်တန်း(ငါးရံ့တောင်)ရှိ မဟာဗောဓိငါးထောင် ဆင်းတုတော်များနှင့် ဗောဓိညောင်ပင်များ မည်သူမဆိုပါဝင်လှူဒါန်းနိုင်ပြီး ဉာဏ်တော်လေးပေ စကျင်ကျောက်ဆင်းတုတော်တစ်ဆူလျှင် ငွေကျပ်ခုနစ်သိန်းဖြစ်ပြီး ဉာဏ်တော်သုံးပေ စကျင်ကျောက်ဆင်းတုတော်တစ်ဆူလျှင် ကျပ်ငါးသိန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ဘုရားငွေဆင်းတုတော်များ၊ ပလ္လင်တော်၊ သံထီးတော်၊ ဗောဓိညောင်ပင်များအား ပြည့်ဝရှင်ကျောင်းတိုက်မှ ဆရာတော်သံဃာတော်များက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး မဟာဗောဓိငါးထောင် စကျင်ကျောက် ဆင်းတုတော်များအား ဂေါပကအတွင်းရေးမှူး ဦးဝင်းထိန်၊ ဖုန်း-၀၉-၂၅၆၀၀၉၈၅၅ ဂေါပကတွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်နိုင် ဖုန်း-၀၉-၇၉၈၈၈၄၀၇၆ တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဗောဓိငါးထောင်ဂေါပကဥက္ကဋ္ဌ ဦးမြင့်ကျော်က ပြောပြသည်။

**ကိုထိန်(ငါ့သရောက်)**



# မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးတွေ့ရှိချက်များအရ ယခင်အစိုးရအဖွဲ့၏ စာရင်းရှင်းရန်ကျန်ရှိနေမှုများအား ဖတ်ကြားရှင်းလင်း

**မန္တလေး ဇွန် ၂၉**
နိုင်ငံတော်စာရင်းစစ်ချုပ်ရုံး၏ ၉/၆/၂၀၁၇ ရက်က တာဝန်ပေးချက် အရ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ မန္တလေးတိုင်းဒေသကြီးအတွင်း ယခင်အစိုးရက ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေစာရင်းများကို တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးခဲ့ရာစာရင်းရှင်းရန် ကျန်ရှိနေသည့်စစ်ဆေးတွေ့ရှိချက်



များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဖတ်ကြားရှင်းလင်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာ သက်တမ်းကာလအတွင်း ပြောင်းလဲတိုးတက်မှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမခြောက်ထပ်ဆောင်တွင် ပြုလုပ်သည့်မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က ယခုကဲ့သို့ဖတ်ကြားရှင်းလင်းခဲ့ခြင်းဖြစ်သည်။

“တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အရင်အစိုးရက သုံးစွဲခဲ့တဲ့ ရန်ပုံငွေများနှင့် ပတ်သက်ပြီး ဘာတွေရှိခဲ့သလဲဆိုတာ နိုင်ငံတော်စာရင်းစစ်ချုပ်ကနေ တိုင်းဒေသကြီး ပြည်နယ်အစိုးရတွေဆီကို တာဝန်ပေးပြီးအကုန်စစ်ခိုင်းတယ်၊ ဒါတွေက ပြည်သူ့ငွေတွေ ဖြစ်တယ်၊ ပြည်သူ့ငွေတွေသုံးတာကို စာရင်းရှင်းဖို့ကျန်ပါတယ်၊ သက်ဆိုင်ရာတွေကို ကျွန်တော်တို့ အစိုးရက ကက်ဘိနက်ဆုံးဖြတ်ချက်နဲ့ ပို့ထားပြီးဖြစ်ပါတယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းစစ်ဆေးမှုအရ တွေ့ရှိချက်များမှာ ၂၀၁၇ဇူလိုင် ၃၁ ရက်ထိ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေစာရင်း၊ ငွေစုစာအုပ်၊ မြဝတီဘဏ်တွင် ဘဏ်လက်ကျန်ငွေ ၂၃၀၃ ဒသမ ၂၈ သန်းပြန်လည်ပေးသွင်းရန်လိုအပ်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေစာရင်း ရရှိရန်ထုတ်ချေးငွေများမှာ အနီးစခန်းအနီး ပန်းပွဲရုံသို့ ထုတ်ချေးငွေကျပ် ၁၀ သန်း၊ မီးလင်းရေးချေးငွေကျပ် ၃၆၉ ဒသမ ၆၄ သန်း၊ စဉ့်ကူးမြို့နယ် ဆယ်သည်(တောင်)ရွာ ၄၃ ဒသမ ၂၀ သန်း စုစုပေါင်း ၄၂၂ ဒသမ ၁၄၅ သန်း ပြန်ပေးရန် တာဝန်ရှိသည်ဟု ဆိုသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရရန်ပုံငွေစာရင်းမှ ၂၀၁၆ ခုနှစ် မတ် ၃၁ရက်ထိ လက်ကျန်ငွေကျပ် ၂ ဒသမ ၆၆၁ သန်းအား ပြန်လည်ပေးသွင်းရန်လိုအပ်ခြင်း၊ ကျေးလက်ဒေသများသို့ GSM , CDMAဖုန်းကတ်နံပါတ်များအရစ်ကျရောင်းငွေမှ ၂ ရာခိုင်နှုန်း ပေးသွင်းရန်ကျပ်သန်းပေါင်း၇၆ဒသမ၉၄၁ အားစာရင်းရှင်းရန်လိုအပ်ခြင်းနှင့် ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ကျောင်းသုံးစာအုပ်များကို အခြေခံပညာကျောင်းများသို့အခမဲ့ဖြန့်ဝေရာတွင် တိုင်းဒေသကြီးပညာရေးမှူးရုံး၏ လက်ခံရရှိမှုအထောက်အထားအရ လက်ခံရရှိမှုမရှိသော စာအုပ်ဒါဇင်ပေါင်း ၅၇၆၀၂ ဒါဇင်(ကျပ်သန်းပေါင်း ၉၇ ဒသမ ၀၀၅) ကို ရှင်းလင်းရန်လိုအပ်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

အလားတူပျော်ဘွယ်မြို့မစျေးမီးလောင်မှု ပြန်လည်တည်ဆောက်ရန်မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀ ကို တစ်နှစ်အတွင်းအကြေပေးသွင်းရေးစနစ်ဖြင့် ၂၀၁၂ ခုနှစ် ဇွန်လ ၁၆ ရက်ကပျော်ဘွယ်မြို့နယ်၊ အုပ်ချုပ်ရေးမှူးသို့ ထုတ်ပေးခြင်းအတွက် စာရင်းရှင်းလင်းမှုမရှိခြင်းတို့အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တော်ဝင်စက်မှုလက်မှုကုမ္ပဏီ (Mandalay Industry Co.,Ltd )နှင့် အကျိုးတူဆောင်ရွက်ခြင်းတွင် တော်ဝင်စက်မှုလက်မှုကုမ္ပဏီသို့၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၀ ရက်နေ့က ၁၃ ဒသမ ၂၂၀ ဧက၊ ၂၀၁၅ ဒီဇင်ဘာ ၅ ရက် ၃၃ ဒသမ ၁၂၃ ဧက၊ စုစုပေါင်းမြေ ၄၆ ဒသမ ၃၄၀ ဧကကို အခမဲ့ချပေးထားခြင်း ၊မန္တလေးတိုင်းဒေသကြီးအစိုးရ၏ အစုရှယ်ယာ ၃၇၅၀၀ စုပိုင်ဆိုင်ကြောင်း အစုရှယ်ယာသက်သေခံလက်မှတ်များမိတ္တူဖြစ်နေခြင်းနှင့် ကုမ္ပဏီနှင့် အကျိုးတူဆောင်ရွက်ရာ၌ အကျိုးအမြတ်တစ်စုံတစ်ရာမရရှိခြင်းတို့ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများတွင် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော ဧည့်မထ (၂၅ ရာခိုင်နှုန်း)ရိက္ခာဆန်များအား သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | မြစ်ကြီးနားအကျဉ်းထောင်/နောင်းမီစခန်း | ၁၇၁၂၃ | အိတ် |
| (ခ) | ဗန်းမော်အကျဉ်းထောင် | ၆၄၂၆ | အိတ် |
| (ဂ) | မိုးညှင်းအကျဉ်းထောင် | ၁၂၈၀၈ | အိတ် |
| (ဃ) | ပူတာအိုအကျဉ်းထောင် | ၈၃၃ | အိတ် |
| (င) | မလိခ(ပိတောင်)စခန်း | ၆၉၁ | အိတ် |
| (စ) | ဖားကန့်အချုပ်ထောင် | ၁၆၂၀ | အိတ် |
| | စုစုပေါင်း | ၃၉၅၀၁ | အိတ် |

၂။ တင်ဒါပေးသွင်းသူသည် တင်ဒါအာမခံစပေါ်ငွေအဖြစ် ငွေကျပ် ၁၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ)ကို မြန်မာ့စီးပွားရေးဘဏ်တွင် Payment Order Cheque(PO Cheque)ပြုလုပ်၍ မိမိပေးသွင်းမည့် ရိက္ခာဆန် နမူနာတို့အား တင်ဒါလျှောက်လွှာပုံစံနှင့်အတူ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ ပေးအပ်ရပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် ၁-၇-၂၀၁၈ရက်မှ ၂၀-၇-၂၀၁၈ရက်ထိ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်း ဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၈ရက် နံနက် ၁၀နာရီ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ဖွင့်ဖောက်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၄-၂၅၂၂၉၈၅၊ ၂၅၂၁၄၀၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့**

## လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင် အသုံးပြုသည့် ပြည်တွင်းထုတ်နှင့်ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များအပေါ် အသင်းအဖွဲ့အမည်ဖြင့် မှတ်ပုံတင်မည့်နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များအတွက် အခွန်ကင်းလွတ်ခွင့်ပြုပေးထားခြင်းအား
## သိရှိနိုင်ပါရန် ကြေညာခြင်း

ပြည်တွင်းထုတ်နှင့် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအနက် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင် အသုံးပြုသည့် မော်တော်ယာဉ်များအပေါ် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများအရ **အသင်းအဖွဲ့အမည်ဖြင့် မှတ်ပုံတင်မည့် နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များအတွက်** အခွန်ကင်းလွတ်ခွင့်များကို အောက်ပါအတိုင်း ခွင့်ပြုထားကြောင်း အသိပေးအပ်ပါသည်-

**(က) ဝင်ငွေခွန်ကင်းလွတ်ခွင့်**

(၁) ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ ၏ လုပ်ပိုင်ခွင့်အရ ၂၂-၁-၂၀၁၈ရက်စွဲပါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈အရ ပြည်ပမှတင်သွင်းသည့်**နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ**အပေါ် ကြိုတင်ဝင်ငွေခွန် ၂ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုထားပါသည်။

**(ခ) ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်**

(၁) ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ပုဒ်မခွဲ(က)၏ ဇယားအမှတ်စဉ် ၇၄အရ **မီးသတ်ယာဉ်များနှင့် နာရေးယာဉ်များ**အပေါ်ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပါသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ “ပြည်တွင်းပြည်ပအလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့် **နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ**”ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုပေးနိုင်ပါသည်။

**(ဂ) အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်**

(၁) အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၅)အရ “ပြည်တွင်း၊ ပြည်ပအလှူရှင်များမှ ပြည်တွင်းမှ အဖွဲ့အစည်းများသို့ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် အသုံးပြုရန် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော **နာရေးယာဉ်၊ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်များ**”အပေါ် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုထားပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## မိဘအမည်မှန်
တပ်ကုန်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(အိုင်)မှ မောင်ဝင်းမင်းနိုင်၏ မိဘအမည်မှန်မှာ ဦးမိုးကျော်-ဒေါ်ရွှေဇင်ဦးဖြစ်ပါကြောင်း။
**ဦးမိုးကျော်-ဒေါ်ရွှေဇင်ဦး**

## ဖခင်အမည်မှန်
စစ်တွေမြို့၊ အမှတ်(၈) အထက(ခွဲ) မကျည်းမြိုင် နဝမတန်းမှ မောင်နိုင်ဦးကျော်၏ ဖခင်အမည်မှန်မှာ မောင်ဇော်မိုးထွန်း ၁၁/စတန(နိုင်) ၀၅၅၉၂၂ ဖြစ်ပါကြောင်း။
**မောင်ဇော်မိုးထွန်း**







## အများသိစေရန်
မြဝတီမြို့နေ ဦးစောမောင်မိန် (ပိုင်) ကွင်း(၅၃)၊ ဦးပိုင် (N ၃၆၆)၊ မြဝတီအပြင်ကွင်း၊ ယခု ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ (၄)ရပ်ကွက်၊ အလိုတော်ပြည့် (၂) လမ်းရှိ မြေ(၄၀×၆၀)ပေ၊ (၁-၃-၂၀၀၇) ရက်စွဲဖြင့် တရားဝင် ရောင်းချပြီး၊ တရားဝင်ဝယ်ယူသူ ဒေါ်ဆုဆုထွေးမှ ၎င်းမြေကွက်အား ပိုင်ဆိုင်ကြောင်း ကြော်ငြာသည့်နေ့ကစပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။
ဖုန်း ၀၉-၄၂၀၆၀၀၁၁၆

# Facebook လူမှုကွန်ရက် စံနှုန်းများ

မြန်မာပြည်က သုံးစွဲသူတွေဟာ နေ့စဉ်နေ့တိုင်း သူတို့အကြောင်းတွေကို သူငယ်ချင်းတွေနဲ့ မျှဝေဖို့၊ ကမ္ဘာတဝှမ်းက အဖြစ်အပျက်တွေကို အခြားသူတွေရဲ့ အမြင်တွေနဲ့အတူ သိရှိနိုင်ဖို့၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့၊ သူတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေဖတ်ရှုဖို့အတွက် Facebook ကို အသုံးပြုကြပါတယ်။ ဒီလိုမျှဝေတဲ့အခါ သုံးစွဲသူ အချင်းချင်း လုံခြုံစိတ်ချပြီး လေးစားမှုရှိတဲ့ ပတ်ဝန်းကျင်ဖြစ်နေဖို့ အလွန်ပဲ အရေးကြီးပါတယ်။ ဒါကြောင့် Facebook မှာ ဘယ်လိုအကြောင်းအရာတွေ ခွင့်ပြုတယ်၊ မပြုဘူးဆိုတာတွေကို လူမှုကွန်ရက်စံနှုန်းတွေ အနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ Facebook ပေါ်မှာ မရှိသင့်ဘူးလို့ထင်တဲ့ အကြောင်းအရာတွေကိုလည်း Facebook ကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက် အားလုံးကို အမည်လျှို့ဝှက်ထားမှာ ဖြစ်ပြီးတော့ သင်တိုင်ကြားထားတဲ့ အကြောင်းအရာက Facebook ရဲ့ မူဝါဒတွေကို ချိုးဖောက်၊မဖောက် ဆိုတာကိုလည်း ပြန်လည်အသိပေး ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများကို သင်သိပါသလား။



ကျေးဇူးပြု၍ အမုန်းစကား မပြောပါနှင့်။



အွန်လိုင်းပေါ်တွင် အခြားသူများအား အနိုင်ကျင့်ခြင်းနှင့် နှောင့်ယှက်ခြင်းကို တားမြစ်သည်။



ကျေးဇူးပြု၍ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ Post မလုပ်ပါနှင့်။




Facebook စည်းမျဉ်း ချိုးဖောက်သည့် အကြောင်းအရာ အားလုံးကိုတိုင်ကြားနိုင်ပါသည်။ စည်းကမ်းချိုးဖောက်သည့် အကြောင်းအရာတွေ တိုင်ကြားနည်းကို သိနားလည်ရန် www.facebook.com/help/reportlinks ကိုဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**facebook**

Learn more at: https://www.facebook.com/safety/resources/myanmar

Ma Thel Nu Soe
Ph : 099692252703

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

**MYANMAR MERCANTILE MARINE COLLEGE**

**Bayint Naung Road,Kamayut Tsp.,University P.O.,Yangon, Myanmar. Tel:95-1-539464,539465**
**E-mail:mmmc@mptmail.net.mm,Fax:95-1-513448**

## ကြော်ငြာစာ

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် (၂၀၁၉-၂၀၂၀) ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ အရာရှိလောင်းဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသား အိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၂၃-၇-၂၀၁၈ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet(CD/47) Diploma in Nautical Studies/Dip:N.S. သင်တန်းအမှတ်စဉ် (၁၃)

(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet (CE/45) Diploma in Maritime Technology/Dip:Mar.Tech. သင်တန်းအမှတ်စဉ် (၁၃)

၂။ လက်ခံမည့်သင်တန်းသားဦးရေ
စုစုပေါင်း သင်တန်းသား (၁၆၀)ဦး ခေါ်ယူမည်။

၃။ ပညာအရည်အချင်းကန့်သတ်ချက်
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာများပါဝင်သော (သိပ္ပံ/ဝိပ္ပံ)ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး (၄၂၀)ရှိရမည်။

၄။ **အသက်နှင့်အခြားကန့်သတ်ချက်**
(က) ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၁၉)နှစ်ထက် မကျော်လွန်စေရ။
(ခ) အရပ်အမောင်း(၅ပေ၄လက်မ) အနည်းဆုံးရှိရမည်။
(ဂ) ကိုယ်အလေးချိန်ပေါင်(၁၀၀) အနည်းဆုံးရှိရမည်။
(ဃ) ရင်အုပ်(၃၂)လက်မ နဂိုအနေအထား အနည်းဆုံးရှိရမည်။
(င) မျက်မှန်၊ မျက်ကပ်မှန် တပ်ထားသူများ မဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)
(စ) တက်တူးထိုးထားသူများ မဖြစ်စေရ။

၅။ ပဏာမရွေးချယ်မှု
လျှောက်ထားသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အရ အများ/အနည်း အစဉ်လိုက်စီပြီး ရမှတ်အများဆုံးမှစ၍ လိုအပ်သည့်အရေအတွက်ရရှိသည်အထိ စိစစ်၍ ပဏာမရွေးချယ်သွားမည်ဖြစ်ပါသည်။

၆။ ပဏာမအဆင့်ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်-
(က) နားစစ်ဆေးခြင်း။
(ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။
(ဂ) မျက်စိစစ်ဆေးခြင်း(အရောင်ခွဲခြားနိုင်မှု ရှိ/မရှိ စစ်ဆေးခြင်း)။
(ဃ) စိတ်ရောဂါနှင့် မူးယစ်ဆေးသုံးစွဲမှုရှိ/မရှိ စစ်ဆေးခြင်း။
(င) လူတွေ့စစ်ဆေးခြင်း။

၇။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်-
(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
(ခ) အမည်။
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်။
(ဃ) မွေးနေ့သက္ကရာဇ်။
(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။
(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်/ခုံအမှတ်/မြို့နယ်/တိုင်း/ဘာသာရပ်အလိုက်ရရှိသည့် အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်။
(ဆ) အဘအမည်နှင့်အလုပ်အကိုင်။
(ဇ) အမိအမည်နှင့်အလုပ်အကိုင်။
(ဈ) နေရပ်လိပ်စာအပြည့်အစုံ။
(ည) ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာ။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
(က) လိုင်စင်ဓာတ်ပုံ(၂)ပုံ။
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။
(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ကျောင်းအုပ်ကြီးကိုယ်တိုင်လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်းတင်ပြရမည်၊ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း။ (မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)
(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိဝန်ခံချက်။ (နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများပူးတွဲတင်ပြရမည်)
(စ) ပဏာမအဆင့်ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်၊ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၉။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၁၀။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်၊ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၁၁။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ်သင်တန်းကြေး (၄၂၀၀၀ိ/-) အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ် စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၂။ ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစား အဆောင်နေကျောင်းသားအဖြစ် (၁)နှစ်တက်ရောက်ရမည်။

၁၃။ ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်းပြီးဆုံး တက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလိုမာလက်မှတ် (Diploma in Nautical Studies/Diploma in Maritime Technology)နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းပြီးဆုံးခြင်းလက်မှတ် (Mercantile Marine Nautical/Engineering Cadet Training Course Completion Certificate)များ အပ်နှင်းပေးပါမည်။

၁၄။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သည့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်ရက်တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၅။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ သင်တန်းဌာနခွဲ၊ တယ်လီဖုန်းအမှတ် -၀၁-၅၂၃၂၅၀ လိုင်းခွဲ-၁၂၀ တွင် စုံစမ်းမေးမြန်းရန်နှင့် Website www.mmmc.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျောင်းအုပ်ကြီး**
**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

---

# မြေကွက်ရောင်းမည်

ညောင်ရွှေမြို့၊ တိလောကျေးရွာအုပ်စု၊ ပအိုဝ်းရွာ၊ ဟော်နန်းရှေ့လမ်း၊ ညောင်ရွှေအေး သာယာစက်မှုဇုန်သွားလမ်းမပေါ်ရှိ မြေကွက်
မျက်နှာစာ(၈၀'×၈၀')(လေးကွက်တွဲ)၊
ကျောကပ် (၈၀'×၈၀')(လေးကွက်တွဲ)၊
ပေါင်း(ရှစ်ကွက်တွဲ)ရောင်းရန်ရှိသည်။
**ဆက်သွယ်ရန် -ဖုန်း-၀၉-၅၁၀၉၃၁၅၊ ၀၉-၉၆၅၁၀၉၃၁၅**

---

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ် စမ်းလယ်ကျေးရွာ မူလွန်ကျောင်း စတုတ္ထတန်းမှ မောင်ကျော်ထူးအား မောင်ဖြိုးကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

အထက(ခွဲ)မုက္ခမူ နဝမတန်း (A) မှ မဝင်းပပလှိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လေး ၁၀/ကထန(နိုင်)၀၂၁၅၇၃ ဖြစ်ပါကြောင်း။
**ဦးခင်မောင်လေး**

### ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက အုတ်ဖို၊ တက္ကသိုလ်ဝင်တန်း(F)မှ မစုမွန်ဇော်၏ ဖခင်အမည်မှန်မှာ ဦးခိုင်မျိုးဝင်း ၇/အဖန(နိုင်)၀၀၆၈၁၆ ဖြစ်ပါကြောင်း။ **ဦးခိုင်မျိုးဝင်း**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့၊ အထကတက္ကသိုလ်ဝင်တန်း(C)မှ မခိုင်သဇင်၏ဖခင်အမည်မှန်မှာ ဦးသိန်းလွင် ၈/ကမန(နိုင်)၀၅၄၂၆၄ ဖြစ်ပါကြောင်း။ **ဦးသိန်းလွင်**

### မိခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက(ခွဲ)လွှစင်၊ သတ္တမတန်း (A)မှ မောင်ဝေဇင်ဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ယုယုမောင် ၇/အဖန(နိုင်)၀၉၅၄၈၆ ဖြစ်ပါကြောင်း။ **ဒေါ်ယုယုမောင်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် မင်းတုန်းမြို့ အထက တက္ကသိုလ်ဝင်တန်း (A)မှ မယွန်းကြည်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးဟန်ထွန်း ၈/မတန(နိုင်)၀၁၇၅၂၃ ဖြစ်ပါကြောင်း။
**ဦးဟန်ထွန်း**

---

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး
## ရန်ကုန်မြို့
## မြေ၊ အဆောက်အအုံနှင့် တိုက်ခန်းများရောင်းချရန် ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စာချုပ်စာတမ်းဖြင့် လွှဲပြောင်းလှူဒါန်းခဲ့ပြီးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ပါမြေ၊ အဆောက်အအုံနှင့်တိုက်ခန်းများကို အလှူရှင်များ၏ ဆန္ဒအာသီသနှင့်အညီ ရွှေတိဂုံစေတီတော်၏ ဘဏ္ဍာတော်ငွေရရှိစေရန် ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) အမှတ် ၈၂၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်ရှိ နှစ်ထပ်တိုက် တစ်လုံး
(ခ) အမှတ် ၁၆၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်ရှိ နှစ်ထပ်တိုက် တစ်လုံး
(ဂ) အမှတ် ၂၂၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်ရှိ နှစ်ထပ်တိုက် တစ်လုံး
(ဃ) အမှတ် ၁၁၆၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်ရှိ မြေညီထပ် နှစ်ခန်း
(င) အမှတ် ၁၀၂၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်ရှိ နှစ်ထပ်တိုက် တစ်လုံး
(စ) အမှတ် ၄၊ ထီးတန်း ၁လမ်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ နှစ်ထပ်တိုက် တစ်လုံး
(ဆ) အမှတ် ၂၇၊ အင်္ဂပူလမ်း၊ စမ်းချောင်းမြို့နယ်ရှိ မြေညီထပ် (ညာ)ခန်း တစ်ခန်း

၂။ ဈေးပြိုင်တင်ဒါတင်သွင်းလိုသူများသည် အထက်အမှတ်စဉ်တစ်ခုအတွက် တင်ဒါစည်းကမ်းချက်တစ်စုံလျှင် ကျပ် ၅၀၀၀၀/-(ငါးသောင်းကျပ်တိတိ)နှုန်းဖြင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူပြီး ၁၂-၇-၂၀၁၈ ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ ဖုန်း-၀၁-၃၇၁၀၈၉၊ ၀၁-၃၇၅၇၆၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရှုကြည်၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၂၁/၈၆)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## The Bag Opening Tender Invitation

- မြန်မာနိုင်ငံ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ၏ 110kV လိုင်းနှင့် 10kV လိုင်းများအား မောင်းနှင်မှုအတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းနှင့် လုပ်ငန်းများ တင်ဒါပြိုင်နိုင်ရန်အတွက် အဲစတီမိတ်များ တွက်ချက်ရေးဆွဲပြီး တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။ Myanmar Chipwi Nge Hydropower Station of 110kV and 10kV Electric power lines Protection and Maintenance work and you could make estimated and competitive tender so notice of invitation for bids.
- **တင်ဒါအဆိုပြုလွှာပုံစံ Tender Form:**

1. **တင်ဒါလျှောက်လွှာထုတ်ယူနိုင်သည့်ရက်**
   The Beginning date of getting tender form: 26-6-2018
2. **တင်ဒါတင်သွင်းမည့်နောက်ဆုံးရက်**
   The Ending date of tender form: 12-7-2018
3. **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ**
   Contact Address: Ahray NangMai
   No.113/7 (S), Injangdong,
   Myitkyina Township
   Tel-09-401527452
   E-mail:nangmail160228@gmail.com

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကြို့ပင်အလယ်ရွာမှ မဇူးဇူးရတနာဇော်နှင့် မသီရိရတနာဇော်တို့၏ဖခင် ဦးဇော်နှင့် ဦးဇော်ဇော် ၉/ပဘန(နိုင်)၁၃၀၄၂၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဇော်(ခ)ဦးဇော်ဇော်**

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ပျဉ်းမနားမြို့၊ ရန်အောင်(၁)၊ ငွေတောင်ရပ်၊ အမှတ်(၁၀/၉)နေ ဦးဆန်းလွင်၏သား မောင်ပိုင်မင်းခန့်နှင့် မောင်စည်သူဘိုသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၅-၅-၂၀၀၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(ခွဲ) ဝက်ချုပ်ကျောင်း၊ တက္ကသိုလ်ဝင်တန်း အခန်း (B)မှ မနီလာအောင်၊ သတ္တမတန်း အခန်း(A)မှ မယဉ်မင်းကျော်နှင့် အမက (၂၇) ကျောင်း ဒုတိယတန်းမှ မစုနှင်းကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်လှိုင် ၈/ရနခ(နိုင်)၀၃၉၈၅၁ ဖြစ်ပါကြောင်း။

---

# ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| 1. | မန်နေဂျာ | (ကျား/မ) |
| 2. | အရောင်းမန်နေဂျာ | (ကျား/မ) |
| 3. | အရောင်းဝန်ထမ်း | (ကျား/မ) |
| 4. | စာရင်းစစ်/စာရင်းကိုင်(ကွန်ပြူတာကျွမ်းကျင်) | (ကျား/မ) |
| 5. | Admin Manager & HR | (ကျား/မ) |

မှတ်ချက်။ ။ လုပ်ငန်းကျွမ်းကျင်မှုပေါ်တွင် လစာခံစားခွင့်ရှိသည်။ (နယ်သွားနိုင်သူဦးစားပေးမည်။)
ဆက်သွယ်ရန်လိပ်စာ။ ။ ဝင်းချယ်ရီကုမ္ပဏီလီမိတက်
အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(တော်ဝင်နှင်းဆီစားသောက်ဆိုင်နှင့်ဗန်ဒါပင်မှတ်တိုင်ကြား)
**09-420275736, 09-766246011, 09-5173231, 09-5126724, 01-543882, 01-542844**
**Email လိပ်စာ။ ။ winttention888@gmail.com.**
လျှောက်လွှာများကိုလူကိုယ်တိုင် **CV Form,** ဓါတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူနံနက်(၉း၀၀)မှညနေ(၅း၀၀)အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။
**INTERVIEW** မည့်ရက်။ ။ ပထမအကြိမ်။ ။ (၂.၇.၂၀၁၈) မှ (၄.၇.၂၀၁၈)ထိ နံနက် (၉း၃၀) နာရီမှ နေ့လယ်(၁၂း၀၀)
ဒုတိယအကြိမ်။ ။(၉.၇.၂၀၁၈) မှ (၁၁.၇.၂၀၁၈)ထိ နံနက် (၉း၃၀) နာရီမှ နေ့လည်(၁၂း၀၀)

---

### မွေးသက္ကရာဇ်အမှန်

ကန်ပက်လက်မြို့နယ်၊ မှန်တောင်ကျေးရွာနေ ဦးထုံမနား၏သား မောင်ထန်းထုံ ၄/ကပလ(နိုင်)၀၁၄၄၃၃၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၈-၁၉၉၆ ဖြစ်ပါကြောင်း။ **မောင်ထန်းထုံ**

### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D) မှ မောင်ကျန်ကျိန်ဖု၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၉-၂၀၀၀ ဖြစ်ပါကြောင်းနှင့် အလက(ကောင်းဆာ) ဆဋ္ဌမတန်းမှ မဂျန်ဆင်၏အမည်မှန်မှာ မကျန်ရှောက်ချင့် ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ အထက ဆီမီးခုံ၊ တက္ကသိုလ်ဝင်တန်း (B)မှ နန်းအေးပွင့်၏ ဖခင်အမည်မှန်မှာ စိုင်းမောင်အိုက် ၁၃/နခန(နိုင်)၀၁၆၀၂၈ ဖြစ်ပါကြောင်း။
**စိုင်းမောင်အိုက်**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဖန်းမော်မြို့၊ ရွှေပြည်သာကျေးရွာအုပ်စု၊ ရွှေပြည်သာကျေးရွာရှိ အကွက်အမှတ် (၁၆၉)၊ ဦးပိုင်အမှတ် (၃၉၅/၃)၊ မြေဧရိယာ ၀ဒသမ၇၀၀ ဧကကို ဦးဟိန်းထက်အောင်၊ ဦးသက်နွယ်၊ ဦးသက်လွင်တို့ထံမှ ဦးခင်မောင်ထွန်း ၅/စကန(နိုင်)၁၈၀၀၂၆-ဒေါ်စန်းစန်းဝေ ၇/ဝမန(နိုင်)၀၃၆၀၃၁ တို့က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးခင်မောင်ထွန်း-ဒေါ်စန်းစန်းဝေအမည်ဖြင့် မြေငှားဂရန်ဆောင်ရွက်မည်ဖြစ်သဖြင့် ၄င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားအခိုင်အလုံဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။ **ဦးခင်မောင်ထွန်း-ဒေါ်စန်းစန်းဝေ ရွှေပြည်သာကျေးရွာ၊ ဖန်းမော်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုန်းတင် (ဝန်းသိုမြို့)
### အသက်(၈၃)နှစ်

သူငယ်ချင်း ဗိုလ်ကြီးခင်ဖေ(ငြိမ်း)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်အုန်းတင် အသက်(၈၃)နှစ်သည် ၂၇-၆-၂၀၁၈ရက်တွင် ဝန်းသိုမြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တဗ(၉)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဦးမောင်မောင်ဇင်
### ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး
### အသက်(၅၈)နှစ်

ထားဝယ်မြို့၊ ဗျောတောဝရပ်ကွက်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းနေ ဒေါ်နီလာမြင့်၏ခင်ပွန်း၊ မခိုင်နီလာဇင်၊ မောင်အောင်မောင်မောင်ဇင်၊ မောင်ခန့်မောင်မောင်ဇင်တို့၏ဖခင်သည် ၂၉-၆-၂၀၁၈ရက် နံနက် ၇နာရီတွင် ထားဝယ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ဇဟာဘာသာပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ဇင် (ညွှန်ကြားရေးမှူး)
### ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၅၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးမောင်မောင်ဇင်သည် ၂၉-၆-၂၀၁၈ရက်(သောကြာနေ့)နံနက် ၇နာရီတွင် ဇဖပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်**
**ဦးတင်မြင့်-ဇနီး ဒေါ်ရွှယ်ဂျာနှင့်**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ဇင်
### ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးရေးဌာန
### ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး
### အသက်(၅၈)နှစ်

ဒေါ်နီလာမြင့်၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးမောင်မောင်ဇင်(ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၂၉-၆-၂၀၁၈ရက်တွင် ဇဖပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**တည်ဆောက်ရေး(၈)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ဇင်
### ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးရေးဌာန
### ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး
### အသက်(၅၈)နှစ်

ဒေါ်နီလာမြင့်၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးမောင်မောင်ဇင်(ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၂၉-၆-၂၀၁၈ရက်တွင် ဇဖပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မင်းနိုင်နှင့် မိသားစု**
**ညွှန်ကြားရေးမှူး**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ကချင်ပြည်နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ဇင်
### ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးရေးဌာန
### ထားဝယ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး
### အသက်(၅၈)နှစ်

ဒေါ်နီလာမြင့်၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးမောင်မောင်ဇင်(ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၂၉-၆-၂၀၁၈ရက်တွင် ဇဖပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ဇော်**
**ဒုတိယညွှန်ကြားရေးမှူး**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ချင်းပြည်နယ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ဇင် (ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နေ ဦးမောင်မောင်ဇင်(ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူး)သည် ၂၉-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကျော်ကျော်ဦး-ဒေါ်မူယာဆွေဆွေလွင်**
**ထားဝယ်မြို့**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/3870 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5089 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ကျေးဇူးတင်ရှိခြင်း

၁၉-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ မုခ်ဦး ဒါယိကာမကြီး ဗိုလ်ကြီးဒေါ်စုစု(ငြိမ်း) အား မကွယ်လွန်မီ အနီးကပ်စောင့်ရှောက်ပေးသော ရန်ကုန်ပြည်သူ့ဆေးရုံ နှလုံးကြပ်မတ်ကုသဆောင်မှ နှလုံးအထူးကု ဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း နာရေးကိစ္စအားလိုအပ်သည်များ ကူညီဆောင်ရွက်ပေးပါသော မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့အားလည်းကောင်း၊ နာရေးသို့ ကိုယ်တိုင်ကိုယ်ကျလိုက်ပါပို့ဆောင်ပေးပါသော ဒုတိယသမ္မတ(ငြိမ်း) ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၄) ကျောင်းဆင်းအရာရှိများ၊ စစ်သူနာပြု ကျောင်းဆင်းအရာရှိများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ရပ်ဝေးမှ Telephone, Email, Facebook တို့မှသတင်းမေး အားပေးစကားပြောကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အစစအရာရာလုပ်ကိုင် ဆောင်ရွက်ပေးပါသော ရွှေပြည်မြန်မာထမင်းဆိုင်များ၊ Shwe Pyi Soe Auto Service တို့မှ မန်နေဂျာများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးမောင်အေး(ငြိမ်း)
### တောင်ငူအသင်း၊ လေ-၁၅၀၄
### ညွှန်မှူး(ငြိမ်း)၊ ငါးလုပ်ငန်းဦးစီးဌာန
### အသက်(၇၈)နှစ်

တောင်ငူမြို့နေ(ဦးဘိုးသိန်း-ဒေါ်စိန်တင့်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ခေမာသီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် ၄၈၂နေ ဒေါ်ရှုကြည်၏ခင်ပွန်း၊ ဦးကျော်လွင်ဦး(Pahtama Group Co.,Ltd)-ဒေါ်ဇာလင်းမွန်၊ ဦးသိန်းနိုင်ကျော်-ဒေါ်ချိုနွယ်အေး(ခေတ္တ-စင်ကာပူ)၊ ဦးကျော်ကျော်ဦး-မသူသူအောင်(ခေတ္တ-စင်ကာပူ)တို့၏ဖခင်သည် ၂၉-၆-၂၀၁၈ရက် နံနက် ၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ တာမွေမြို့နယ်၊ ခေမာသီရိလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်ကွန်ဒို၊ တာဝါအေ၊ အခန်း ၃၀၅နေ (ဦးစိန်ဘန်း-ဒေါ်စောမြ)တို့၏သမီး၊ (ဦးကြင်မောင်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်မာလာ၊ (ဦးတင်မောင်လတ်)၊ ဦးတင်အောင်မြတ်-ဒေါ်ဝင်းမော်ဦး၊ဒေါ်ခင်သီတာ၊ဒေါ်ခင်နီလာ၊ ဒုဗိုလ်မှူးကြီးတင်မောင်ခိုင်(ငြိမ်း)-ဒေါ်စန္ဒာအုံးတို့၏ ချစ်လှစွာသောမိခင်၊ မောင်ကျော်စွာဆက် (Sydney)၊ မခိုင်ဆုစံ (Sydney)တို့၏ အဘွားသည် ၂၈-၆-၂၀၁၈ရက်(ကြာသပတေးနေ့)ည ဇ:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဝင်း
### အသက်(၇၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ကွန်ပျူတာပညာရှင်အသင်း၏ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ အလုပ်အမှုဆောင် ဒေါ်ဌေးယဉ်ဝင်း၏ဖခင် ဦးသိန်းဝင်းသည် ၂၇-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း**

## ရဟန်းဒါယိကာမကြီး
## ဒေါ်ရှုငေါ်
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊လမ်း ၂၀၊အမှတ် ၅၂(ရှစ်လွှာ)နေ (ဦးကြူလှိုင်)၏ချစ်လှစွာသောဇနီး၊ (ဦးသဲမောင်)-ဒေါ်ကျင်နွယ်၊ ဒေါ်နိုင်နိုင်၊ ဦးဝင်းရှိန်-ဒေါ်အေးအေးလှိုင်၊ ဦးကျော်သိန်း - (ဒေါ်သန်းသန်းလှိုင်)၊ ဦးတင့်ရီ-ဒေါ်ရီရီလှိုင်၊ ဦးဇော်ဝင်း-ဒေါ်မိမိကြူ၊ ဦးဖေဝင်း(ခ)ခိမ်းခိမ်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၂၈-၆-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၇:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၈ရက်(စနေနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်လင်း
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက် ၃၊ အခန်း ၃၀၂နေ (ဦးစံလင်း-ဒေါ်သန်းရီ)တို့၏သမီး၊ (ဦးဘို)၏ဇနီး၊ ဒေါ်တင်တင်ရီ၊ (ဦးတင်မောင်ညွန့်)၊ (ဒေါ်တင်တင်မြ)၊ ဒေါ်အေးအေး၊ (ဦးလှကြည်)တို့၏ညီမ၊ ဒေါ်သန်းသန်းမူ၊ (ဦးခင်မောင်စိုး)တို့၏အစ်မ၊ မညိုမီဘို၊ ကိုမျိုးဆင့်အောင်-မဝါဝါဘိုတို့၏ မိခင်သည် ၂၉-၆-၂၀၁၈ရက် နံနက် ၉:၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ရက် နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးထွန်းအောင်
### ကျောင်းအုပ်ဆရာကြီး(ငြိမ်း)
### အထက(၁)လသာ
### သက်ကြီးကန်တော့ခံ
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်နိုင်(မြောက်)ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊အမှတ် ၃၉၅/ကနေ(ဦးမောင်အေး-ဒေါ်ရွှေကြူ)တို့၏သား၊ ဒေါ်သိန်းသိန်းအေး၏ခင်ပွန်းသည် ၂၄-၆-၂၀၁၈ရက်(တနင်္လာနေ့) ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးဝင်းအောင် (ဟသ်ာတ)
### (အကြီးတန်းအကောက်ခွန်မှူး)
### အသက်(၆၈)နှစ်

(ဦးသိန်းမောင်-ဒေါ်မြသွင်)တို့၏သား၊ (ဦးအုန်းမောင်)-ဒေါ်စိန်ဝိုင်းတို့၏သားသမက်၊ ဒေါ်အုန်းမြ၏ခင်ပွန်း၊ ဦးကျော်ဝဏ္ဏဦး - ဒေါ်ယဉ်ယဉ်ကျော်၊ ဒေါ်ချိုဇင်ဝင်း၊ ဗိုလ်ကြီးအောင်ကိုဇော်(D.S.M.A)တို့၏ဖခင်၊ မစံညွှန်းဆင့်၊ မရွှန်းမြမှူးကြွယ်တို့၏ အဘိုးသည် ၂၈-၆-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၉:၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၈ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### [အလပြဆရာမ(ငြိမ်း)အထက(၂)စမ်းချောင်း]
## ဒေါ်နွဲ့နွဲ့ရှိန်
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ် ၃၇ (ပထမထပ်)နေ ဗိုလ်မှူးလှထွန်း(ငြိမ်း)၏ဇနီး၊ ဦးလင်းထွန်း(MD of MEL Co.,Ltd.) & (Country Manager of C. Melchers Gmbh & Co. KG)-ဒေါ်မာလာလင်း၊ ဒေါက်တာခိုင်ခိုင်စိုးတို့၏မိခင်ကြီး ဒေါ်နွဲ့နွဲ့ရှိန် အသက်(၇၆)နှစ် [အလပြဆရာမ(ငြိမ်း)အထက(၂)စမ်းချောင်း]သည် ၂၆-၆-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၉:၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူတကွ ဝမ်းနည်းကြေကွဲရပါသည်။

**Colleagues From**
**C.Melchers Gmbh & Co.,Germany**
**MEL Company Ltd.**

## ဒေါ်အေးညွန့် (Joan)
### အသက်(၉၉)နှစ်

မော်လမြိုင်မြို့နေ ဝတ်လုံတော်ရ ဦးဘသင်-ဒေါ်လီလီတို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခ (၅၆)လမ်း၊ အမှတ် ၂၁နေ (ဗိုလ်မှူးတွိုက်ဒေး)၏ဇနီး၊ (B.B.S ဦးလှဘူး)-ဒေါ်လှညွန့်တို့၏ညီမ၊ (ဦးအောင်ညွန့်)-ဒေါ်မိမိသော်၊ (ဦးကျင်လှိုင်)-ဒေါ်ခင်ခင်အေး၊ (ဦးထွန်းရီ)-ဒေါ်မြင့်မြင့်၊ (ဦးမောင်မောင်ညွန့်)-ဒေါ်ရီရီဌေး၊ (ဒေါ်စီလေးချို)၊ ဦးဝင်းလှိုင်-ဒေါ်ချိုချိုသင်း(Jean Ba Thin)တို့၏အစ်မသည် ၂၈-၆-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းကြည် (အန်တီကော)
### အသက်(၈၇)နှစ်

ဗန်းမော်မြို့၊ သာစည်ရပ်နေ (ဦးညွန့်-ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ ၃လမ်း၊ အမှတ် ၆၊ ပထမထပ်၊ အခန်း(ဘီ-၂)နေ (ဦးတင်မောင်သန်း)[ရာဖြတ်အရာရှိ၊ အကောက်ခွန်ဦးစီးဌာန]၏ဇနီး၊ ဦးဝင်းမင်းသန်း(တွဲဖက်ပါမောက္ခ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ မန္တလေး)-ဒေါ်သီတာအေး (ကထိက၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်)၊ ဦးလှမျိုးသန်း-ဒေါ်တင်မာလင်းစိန်တို့၏မိခင်၊ မချောစုလင်းဖြူသန့်၏အဘွားသည် ၂၉-၆-၂၀၁၈ရက်(သောကြာနေ့) နံနက် ၉:၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီတွင် ကမာရွတ်မြို့နယ်၊ ကွမ်းခြံ ၃လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မမ
### အသက်(၈၄)နှစ်

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးလတ်ကိုကို-ဒေါ်လှဉမ္မာတို့၏မိခင် ဒေါ်ခင်မမ အသက်(၈၄)နှစ်သည် ၂၅-၆-၂၀၁၈ရက် (တနင်္လာနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်နှင့်အင်ဂျင်နီယာဌာနဝန်ထမ်းများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

## ဒေါ်ဝင်း
### အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လအိမ်ရာ(၂)၊ တိုက် ၅၊ အခန်း ၁၁နေ (ဦးထွန်း-ဒေါ်ငြိမ်းမြ)တို့၏သမီး၊ (ဦးလှအောင်)၏ဇနီး၊ (ဦးမင်းလွင်)-ဒေါ်ဝင့်ဝါဦး၊ ဦးတင့်လွင်-ဒေါ်ချိုချိုစန်း၊ ဦးရဲလင်းအောင်-ဒေါ်ညိမ်းဝင်းအောင်၊ ဦးမြင့်ဦး-ဒေါ်စီစီဝင်း၊ ဦးသူရဝင်းအောင်-ဒေါ်ချယ်ရီအောင်၊ ဦးနိုင်ဝင်းအောင်-ဒေါ်စုစုလှိုင်တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂၈-၆-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၈ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်သိန်း အသက်(၆၆)နှစ်
### (စစ်တွေမြို့၊ ရသေ့တောင်မြို့နယ်)

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ သာဇံလှလမ်း၊ အမှတ် ၂၉နေ (ဦးမောင်အေးသိန်း-ဒေါ်ဖြူမ)တို့၏သား၊ (ဦးဒိုးအောင်ကျော်-ဒေါ်မကြီး)တို့၏သားသမက်၊ ဒေါ်စောတင်-ဦးအောင်သိန်းတို့၏မောင်၊ ဒေါ်မသန်းရွှေ-(ဦးရွှေစောအောင်)၊ ဦးမောင်ခင်မောင်၊ ဒေါ်ခင်အေးတင်-ဦးမောင်ကြီး၊ ဦးသိန်းဝင်းမောင်-ဒေါ်အေးကြည်၊ (ဒေါ်ဆန်းသိန်းမြိုင်-ဦးထွန်းအေး)၊ ဒေါ်မေရီဖြူ၊ ဒေါ်မေရီသိန်း-ဦးမောင်စံထွန်း၊ ဒေါ်မေရီခင်တို့၏အစ်ကို၊ ဒေါ်မစိန်လှ၏ခင်ပွန်း၊ မောင်ဇော်ဝင်းထွန်း(Cygnus Marine) (A.B)၊ မနှင်းအေးခင် B.A(Eng)တို့၏ဖခင်၊ မောင်အောင်စောဝေ၊ (မောင်အောင်သက်ထွန်း)၊ ဗိုလ်ကြီးမြတ်ိုး(D.S.T.A)၊ မစံပယ်အောင်(ဒေင်ကုမ္ပဏီလီမိတက်)၊ ဒေါက်တာကျော်ဇော်လင်း-မပိုးနှင်းအောင်၊ ဒေါက်တာနေထူးရှိန်၊ ဒေါက်တာဘိုကိုကို၊ မောင်ရဲသူရိန်လင်း-မမေမြင့်အောင်၊ မောင်ဇော်ဝင်းထက်-မခင်ထက်ထက်စိုး၊ မသင်းမြင့်မြတ်မေ၊ မောင်ထက်မြတ်ဖြိုးအောင်တို့၏ဦးလေး၊ မောင်မြတ်ဘုန်းနိုင်၊ မဆုမြတ်ပိုင်တို့၏အဘိုးရှင်သည် ၂၈-၆-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၈ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် စစ်တွေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ တူ၊ တူမများနှင့်ကျန်ရစ်သူမိသားစု

## ဦးမျိုးဇော်အောင်(ခ)ဦးမျိုးထက် (A.G.T.I)
### The One Entertaiment Group of Co., Ltd (Director)
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ယုဇနလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ် ၁၈နေ ဦးပေါအင်-ဒေါ်ကြည်ကြည်တို့၏သား၊ မိုင်ငေါ်မြို့နေ (ဦးအောင်သန်း-ဒေါ်ခမ်းစိန်)တို့၏သားသမက်၊ ဦးသန်းထွဋ်လွင်-ဒေါ်ခင်ခင်ကျော်၊ ဦးမျိုးမင်းထွန်း-ဒေါ်ဇင်နွယ်ဝေ၊ ဦးအောင်ဖြိုးဝေ-ဒေါ်စုစုဟန်တို့၏အစ်ကို၊ ဒေါ်နန်းခင်ရီရီအေး(KBZ Bank Ltd ရုံးချုပ်)၏ချစ်လှစွာသောခင်ပွန်း၊မောင်ထက်အောင်ရဲရင့်(ခ)Raymord (ISM Grade-8)၊ မပန်ဆုပြည့်(ခ)Patricia May (ISM Grade 3) တို့၏ ချစ်လှစွာသောဖခင်သည် ၂၈-၆-၂၀၁၈ရက် ည ၁၁:၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# စတုတ္ထအကြိမ် MSMEs ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲ တောင်ကြီး၌ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

စတုတ္ထအကြိမ် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ကျင်းပရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❄



ဒုတိယသမ္မတ ဦးမြင့်ဆွေ MSMEs ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားတွင် ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်

# အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ စတုတ္ထအကြိမ် အစည်းအဝေးကျင်းပ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ စတုတ္ထအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၉**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC)၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ကောင်စီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်နှင့် မန္တလေးမြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်

စာမျက်နှာ ၆ ကော်လံ ၁ ❖

MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲ အောင်လအန်ဆန်က စိန်ခေါ်သူ ကန်ဟာဆီဂါဝါအား အလဲထိုးအနိုင်ယူ စာ-၁၂

မက္ကဆီကို ရွေးကောက်ပွဲအတွင်း လူပေါင်း ၁၃၂ ဦး အသတ်ခံရ စာ-၁၄

